မြစ်ခွဲစင်းစာပေ

# အားကျမှုဆိုး အရဲကိုးသော်



မုဆိုးလုံးချင်းဝတ္ထု အသစ်စက်စက် စ–ဆုံး


ဓားစာကျွမ်းမုဆိုး ဘဂျီတိုးသော်
မုဆိုးသုံးချင်းဝတ္ထု အသစ်ဝက်ဂဇက် ၁-ဆုံး

မွေးမေ၊ မွေးဖေ၊

ဦးရသေ့၊

ပြီးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

စာမူခွင့်ပြုချက်အမှတ် • ၅၀၀၂၇၇၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၀၀၉၀၃၀၈၁၀

**မျက်နှာဖုံးပန်းချီ**

ရန်နိုင်ဦး

**အတွင်းစာစီ**

မြစ်ခွဲ၉စင်းကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲအောင်စာပေ)၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကျင်ရင်(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း • ပထမအကြိမ်
ထုတ်ဝေခြင်း • စက်တင်ဘာလ၊ ၂၀၁၀
အုပ်ရေ • ၅၀၀
တန်ဖိုး • ၁၃၀၀

၈၉၅.၈၃

ကိုပိုက်

အားကျမှုဆိုး အရဲကိုးသော် / ကိုပိုက် ။ - ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၀။
စာ-၁၉၂၊ ၁၂.၅ x ၁၇.၅ စင်တီ။
(၁) အားကျမှုဆိုး အရဲကိုးသော်။



ချုံပုတ်နွယ်ပင်တို့ကြားမှ ဆတ်ကင်သည် ဖြည်းလေးသော ခြေလှမ်းဖြင့် တိုးထွက်လာချေ၏။ သို့ဆိုတော့ မုဆိုးတာလူး အတွက် ပစ်မှတ်ကောင်းတစ်ခု ဖြစ်လာတော့၏။ သို့ဆိုတော့ သူ၏ရိုင်ဖယ်သေနတ်အိုဖြင့် ဆတ်ကောင်၏ လက်ပြင်ရှိရာသို့ လှမ်း ချိန်လိုက်တော့၏။

'သည်ကောင်မယ် ဇီးရှိမယ်ထင်တယ်'

သို့ဆိုသလို မုဆိုးတာလူးနှင့် ယှဉ်တွဲချောင်းမြောင်းနေ သည့် 'ဖိုးခွေး'က ပြောလာသည်ကို စောတာလူး မကြားမဟုတ် ကြားလေ၏။ သို့ပေမင့် မကြားသလိုပင် နေလိုက်ကာ သေနတ် မောင်းထိန်းခလုတ်တို လက်ညှိုးလေးဖြင့် ကွေးလိုက်မည်အပြု တွင်…

'ဒိန်း…'

သူ့ထက် လက်ဦးသူတစ်ယောက်က ပစ်လိုက်လေခြင်း ဖြစ်၏။ ဘယ်သူများပါလိမ့်။ သေနတ်သံလာရာသို့ စောတာလူး လှည့်ကြည့်လိုက်ချေ၏။ ဖိုးခွေးသည်လည်း လှည့်ကြည့်လိုက်ချေ

၏။ သေနတ်သံရှင်ကို မြင်လိုက်သည်နှင့် စောတာလူးနှင့် ဖိုးခွေး
သည် အံ့အားသင့်သွားကြချေတော့၏။

အမျိုးသမီးတစ်ယောက် ဖြစ်ချေ၏။ ပိန်ပိန်သွယ်သွယ်
ဆိုပေမင့် ပြည့်ပြည့်ဖြိုးဖြိုးရှိချေ၏။ ရိုက်ပြီးစခေါင်းတုံးတွင် ဆံပင်
လေးများ ထိုးထိုးထောင်ထောင် ပြန်ပေါက်နေပြီးဖြစ်တော့၏။
ကာကီရောင်ရှပ်အင်္ကျီလက်ရှည် ဝတ်ထား၏။ ဂျင်းပန်နက်ပြာကို
ဝတ်ထား၏။ သူမလက်ထဲတွင်လည်း သေနတ်တစ်လက်ကိုင်ထား
ချေ၏။ သူမသည်လည်း သူတို့ကို ကြည့်နေချေ၏။

အကြည့်ရဲလိုက်သည်ဖြစ်ခြင်း။ စောတာလူးက မျက်လုံး
ချင်း ရင်ဆိုင်မဝံ့သလိုဖြစ်ကာ မျက်နှာလွှဲလိုက်ရချေတော့၏။
သို့ပေမင့်လို့…

'မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့ရဲ့ပစ်မှတ်သားကောင်
မင်း ဘာလို့လုပ်ပစ်ရတာတုံး၊ ပြီးတော့ ဟုတ်တာလည်း မဟုတ်
ဘူး၊ ဆတ်ကောင်ကြီးတစ်ကောင်လုံးကို ပစ်မှတ်လည်း ဝေးတာ
မဟုတ်၊ ထင်းထင်းကြီးပစ်မှတ်ကို ထိအောင်တောင် မပစ်နိုင်ဘဲနဲ့
လွဲချော်ပစ်ရတယ်လို့၊ ဟင်း… ဟင်း… မင်း တကယ်အသားလို
လျှင်ဖြင့်လည်း ငါ့အပစ်ကို စောင့်ပေါ့၊ မင်းတွက် စားစရာပေး
လိုက်မပေါ့၊ ခုတော့ မင်းညံ့ဖျင်းတာနဲ့ ငါပါ ဆတ်ကောင်ကို
လက်လွှတ်ဆုံးရှုံးလိုက်ရတယ်'

သို့ မုဆိုးကြီးစောတာလူးက သူမကို ဒေါသစွက်ပြော
လိုက်ချေတော့၏။

'ခစ်… ခစ်… ခစ်… ဟစ်… ဟီး… ဟစ်…'

သူမက စောတာလူး စကားဆုံးသည်နှင့် သို့နှယ် ကြ
ၡ်ရယ်လိုက်ကာ ထိုနေရာလေးမှ ထွက်သွားချေတော့၏။

'ဘယ်လိုလေးပါလိမ့်'

စောတာလူးတစ်ယောက် မှင်တက်မိ ကျန်ရစ်ခဲ့ချေ
၏။

'တောက်...'

ပြီးလေမှ မကျေမနပ် 'တောက်'တစ်ချက် ပြင်းပြ
ခေါက်လိုက်ချေပြီး...

'ငခွေး... သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ သည်တေ
သည်တောင်ထဲမယ် သူ့ကို ငါ ခုမှမြင်ဖူးတာ၊ မင်း ပြောကြည့်စမ်

သို့ဆိုတော့ ဖိုးခွေးက စောတာလူးကို ပြုံးစစမျက်နှာ
ဖြင့် ကြည့်နေချေပြီ။

'စောတာလူးရေ မင်း ဖထီဖညက်ဆင်တဲ မရောက
လောက်သေးဘူးထင်တယ်' လို့ ပြောလေတော့၏။

'ဖထီဖညက်ဆင်တဲ ငါမရောက်တာနဲ့ သူမ ဘယ်လို
ပတ်သက်လို့လဲကွာ၊ ငါ မေးနေတာ သူမ ဘယ်သူလဲ၊ ဘယ်ကလဲ၊
နို့ သိချင်တာ'

'နို့ကြောင့်ပေါ့၊ သူမက ဖထီဖညက်တို့ဆင်တဲကို ပြီးခဲ့တဲ့
တစ်ပတ်က ရောက်နေတဲ့ မြို့ပိုင်ကြီးဦးသောင်းထွန်းရဲ့ တူမလေး
လေ'

'ဟော... ဦးသောင်းထွန်းဆိုတာ ဟိုကွာ ငါတို့ဆရာ
လေး ကိုလင်း၊ ကိုပိုက်တို့ရဲ့မိတ်ဆွေ မြို့ပိုင်ကြီးကို ပြောတာလား'

၏။ သေနတ်သံရှင်ကို မြင်လိုက်သည်နှင့် စောတာလူးနှင့် ဖိုးခွေးသည် အံ့အားသင့်သွားကြချေတော့၏။

အမျိုးသမီးတစ်ယောက် ဖြစ်ချေ၏။ ပိန်ပိန်သွယ်သွယ်ဆိုပေမင့် ပြည့်ပြည့်ဖြိုးဖြိုးရှိချေ၏။ ရိတ်ပြီးစခေါင်းတုံးတွင် ဆံပင်လေးများ ထိုးထိုးထောင်ထောင် ပြန်ပေါက်နေပြီးဖြစ်တော့၏။ ကာကီရောင်ရှပ်အင်္ကျီလက်ရှည် ဝတ်ထား၏။ ဂျင်းပန့်နက်ပြာကို ဝတ်ထား၏။ သူမလက်ထဲတွင်လည်း သေနတ်တစ်လက်ကိုင်ထားချေ၏။ သူမသည်လည်း သူတို့ကို ကြည့်နေချေ၏။

အကြည့်ရဲလိုက်သည်ဖြစ်ခြင်း။ စောတာလူးက မျက်လုံးချင်း ရင်ဆိုင်မဝံ့သလိုဖြစ်ကာ မျက်နှာလွှဲလိုက်ရချေတော့၏။ သို့ပေမင့်လို့…

'မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့ရဲ့ပစ်မှတ်သားကောင် မင်း ဘာလို့လုပ်ပစ်ရတာတုံး၊ ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး၊ ဆတ်ကောင်ကြီးတစ်ကောင်လုံးကို ပစ်မှတ်လည်း ဝေးတာမဟုတ်၊ ထင်းထင်းကြီးပစ်မှတ်ကို ထိအောင်တောင် မပစ်နိုင်ဘဲနဲ့ လွှဲချော်ပစ်ရတယ်လို့၊ ဟင်း… ဟင်း… မင်း တကယ်အသားလိုလျှင်ဖြင့်လည်း ငါ့အပစ်ကို စောင့်ပေါ့၊ မင်းတွက် စားစရာပေးလိုက်မပေါ့၊ ခုတော့ မင်းညံ့ဖျင်းတာနဲ့ ငါပါ ဆတ်ကောင်ကို လက်လွှတ်ဆုံးရှုံးလိုက်ရတယ်'

သို့ မုဆိုးကြီးစောတာလူးက သူမကို ဒေါသစွက်ပြောလိုက်ချေတော့၏။

'ခစ်… ခစ်… ခစ်… ဟစ်… ဟီး… ဟစ်…'

သူမက စောတာလူး စကားဆုံးသည်နှင့် သို့နှယ် ကြိတ်ရှုရယ်လိုက်ကာ ထိုနေရာလေးမှ ထွက်သွားချေတော့၏။

'ဘယ်လိုလေးပါလိမ့်'

စောတာလူးတစ်ယောက် မှင်တက်မိ ကျန်ရစ်ခဲ့ချေတော့၏။

'တောက်…'

ပြီးလေမှ မကျေမနပ် 'တောက်'တစ်ချက် ပြင်းပြင်း ခေါက်လိုက်ချေပြီး…

'ငချေး… သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ သည်တော သည်တောင်ထဲမယ် သူ့ကို ငါ ခုမှမြင်ဖူးတာ၊ မင်း ပြောကြည့်စမ်း'

သို့ဆိုတော့ ဖိုးချေးက စောတာလူးကို ပြုံးစစမျက်နှာပေးဖြင့် ကြည့်နေချပြီ။

'စောတာလူးရေ မင်း ဖထီဖညက်ဆင်တဲ မရောက် လောက်သေးဘူးထင်တယ်'လို့ ပြောလေတော့၏။

'ဖထီဖညက်ဆင်တဲ ငါမရောက်တာနဲ့ သူမ ဘယ်လို ပတ်သက်လို့လဲကွာ၊ ငါ မေးနေတာ သူမ ဘယ်သူလဲ၊ ဘယ်ကလဲ၊ နို့ သိချင်တာ'

'နို့ကြောင့်ပေါ့၊ သူမက ဖထီဖညက်တို့ဆင်တဲကို ပြီးခဲ့တဲ့ တစ်ပတ်က ရောက်နေတဲ့ မြို့ပိုင်ကြီးဦးသောင်းထွန်းရဲ့ တူမလေး လေ'

'ဟော… ဦးသောင်းထွန်းဆိုတာ ဟိုကွာ ငါတို့ဆရာ လေး ကိုလင်း၊ ကိုပိုက်တို့ရဲ့မိတ်ဆွေ မြို့ပိုင်ကြီးကို ပြောတာလား'

'ဟုတ်တယ်'

'ဆရာလေး ကိုပိုက်၊ ကိုလင်းတို့က သူ့ကို တေဇလူငယ် လို့ ချစ်စနိုးခေါ်ကြတဲ့သူလား'

'ဟုတ်တယ်'

'အလားလား… ငါတွေ့ဖူးပါတယ်၊ တေဇလူငယ်ဆိုတဲ့ လူကြီးကို သိပေါ့၊ အင်း… သူမက သူ့ရဲ့ တူမဆိုတော့ တကယ် ပြောရလျှင်ဖြင့် ဘာမှမဆိုင်သလိုပါပဲကလားကွာ၊ ဟိုလူကြီးက အသားမည်းမည်းပုပု'

'နို့ဝေမင့် သူက အပျံစားတွေချည်း ဝတ်ထားတာ၊ သူနဲ့ မလိုက်ဘူးထင်တာ ဆရာလင်းကတောင် သူ့ကိုကြည့်ပြီး ငါတို့ကို ဘာပြောမှတ်လဲ'

'အေး… မင်းပြောမှ သိတော့မပေါ့'

'သူ ဝတ်လိုက်စားလိုက်လျှင် သစ်သစ်လွင်လွင် အပျံစား ချည်းပဲ၊ အဆုံးစွန် သူစီးထားတဲ့ ဝေါကင်းရှူးကိုကြည့်၊ ဖြူဖွေး နူဥနေတာပဲ၊ အသက်နဲ့မလိုက်အောင် လျှောက်လိုက်လျှင်ဖြင့်လည်း ဖင်လေး လိမ်ကျစ်ကျစ်နဲ့ လျှောက်တော့တာပဲ'

'ခုတော့ သူမတစ်ယောက်တည်း မြင်ပါကလား'

စောတာလူးက ဖိုးခွေးကို ပြောလိုက်ချေ၏။

'အင်း… သူဦးကြီးကတော့ ပါပေမပေါ့၊ ချုပတ်ပင်တွေ က သူ့ထက် အရပ်မြင့်လောက်က သူ့ကို ဘယ်မြင်ရပါ့မလဲ'

သို့လည်း အဟုတ်သားကလားဟု စောတာလူး တွက် လိုက်တော့၏။

'အေး... ငါ ဖတီဖသက် ဆင်စခန်းရောက်မှ သည်ကိစ္စ ပြောရပေဦးမယ်၊ ဘယ့်နှယ်ကွာ... အပျော်တမ်း အမဲပစ်ထွက်မယ်ဆိုလျှင်လည်း လွတ်လွတ်ကင်းကင်းတစ်နေရာသွားပေါ့ကွာ'

သို့မှ စောတာလူးနှင့် ဖိုးခွေးတို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

'ငါတို့တွေ မအူမြောင်ဘက် သွားကြတာပေါ့'

သို့ဆိုသလို စောတာလူး ဦးဆောင်၍ မအူမြောင်သို့ ခရီးဆန့်ခဲ့ကြပြန်၏။ မကြာလိုက်သောအချိန်ကလေးတွင် မအူမြောင်ဝသို့ ရောက်လာကြတော့၏။

'ငါတို့ သည်မြောင်ထဲ ဝင်ကြမယ်'

မအူမြောင်ဝတွင် ချုံပုတ်နွယ်ကိုင်းတို့ ပိတ်ဆို့နေသည် ဖြစ်လေခြင်းကြောင့် စောတာလူးက ထိုချုံနွယ်ကိုင်းတို့ကို ဖယ်ရှား၍ အတွင်းသို့ ဝင်လိုက်ချေ၏။ သို့ဆိုတော့ ဖိုးခွေးသည်လည်း နောက်မှလိုက်ဝင်သွားချေတော့၏။

မအူမြောင်ဝတွင် ဆောင်းဦးကာလဖြစ်သော်ငြား ရေအနည်းငယ် အကျန်ရှိနေသေးတော့၏။

သို့ကြောင့် ခြင်နှင့် ဖြုတ်ကောင်၊ မှက်တို့သည်လည်း တဝီဝီပျံလျက်ရှိချေ၏။ မြောင်တွင်းရေစီးရှိပေမင့် ဖက်ပုပ်တို့ကြောင့် ရနံ့ဆိုးရှိချေ၏။ မြောင်တစ်ဖက်တစ်ချက်တွင် ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့ ပေါက်လျက်ရှိချေ၏။ သို့ဆိုတော့ ကြက်ခြမ်းသီးမှည့်တို့အား ကြက်၊ ငှက်တို့ထိုးသွားသဖြင့် ပေါက်ပြဲရိရွဲလျက်ရှိသည့်ကြားမှ ချဉ်စုတ်စုတ်ရနံ့သည်လည်း သင်းပျံ့လို့နေချေ၏။

'မြောင်ဆိုတော့ သည်လိုပေါ့ကွာ၊ အတွင်းရောက်သွားလျှင်ဖြင့် အဆင်ပြေသွားမှာပါ'

သို့ဆိုသလို စောတာလူးက ပြောချေ၏။

စောတာလူး ပြောသလိုပင် မြောင်အလယ်လောက်တွင် အသက်ရှူချောင်လာကြတော့၏။ မြောင်ကျယ်သည်ကြောင့်လည်း ဖြစ်ချိမ့်မည်။

'တာလူး ငါတို့ သည်မြောင်ထဲလာတာ ဘာလုပ်မလို့လဲ'

'သည်မြောင်ကနေ မြောင်ပေါ်တက် တစ်ဖက်ပြန်ဆင်းလိုက်မယ်ဆိုလျှင်ဖြင့် ဝံကိုက်မြောင်ကို ရောက်မယ်လေကွာ၊ အဲဒီမယ် တောဝက်တွေပေါတယ်တဲ့၊ စောတာပုက ငါ့ကို ပြောဖူးတယ်'

သို့ဆိုတော့ ဖိုးခွေး သဘောပေါက်သွားချေတော့၏။ သူ့သဘောကတော့မူ မအူမြောင်အတွင်းဆက်မနေလို။ အနံ့အသက်မကောင်းသလို အန္တရာယ်ကောင်နှင့်လည်း တိုးနိုင်ချေ၏။ သို့ဆိုတော့ ဖိုးခွေး အသက်ရှူချောင်သွားတော့၏။

စောတာလူးတစ်ယောက် သူပြောသလိုပင် မအူမြောင်လယ်လောက်တွင် တစ်ဖက်မြောင်လမ်းသည် မြေပြန့်ကဲ့သို့ပင်ဖြစ်လေသဖြင့် ထိုမြေပြန့်အပေါ် တက်လိုက်ကြတော့၏။ ထိုမြေပြန့်တွင် ဆူးချုံနွယ် ကြခတ်ရုံပင်တို့ ရှိချေ၏။ အောက်ပေါင်းရှုပ်လေ၏။ ထိုမြေပြန့်ကို ဖြတ်လိုက်သည်နှင့် တစ်ဖက်မြောင်တွင်းသို့ ထိုးကျသွားကြ၏။

'ငါတို့ ဝံကိုက်မြောင်ကို ရောက်ပြီ'

ဝံကိုက်မြောင်သည် မြောင်ကျယ်ကြီးဖြစ်ချေ၏။ ရေစီး တော့ဖြင့် မရှိချေ။ ရေအိုင်ငယ်လေးများသာ တွေ့ရ၏။ သူတို့ သည် ဝံကိုက်မြောင်အတိုင်း ဆန်တက်ခဲ့ကြရာမှ မြောင်တစ်ဖက် ကမ်းပေါ်တွင်းမှ ကွိစ်… ကွိစ်… ကွိစ်… ကွိစ်…ရယ်လို့ ဝက်သံတို့ ဆူညံနေလေသဖြင့်…

"ငခွေး… ငါတို့ ကမ်းပေါ်တက်ကြမယ်၊ တောဝက် ကောင်တွေသံလည်း ကြားတယ်လား"

သို့ စောတာလူးက ပြောလည်းပြော၊ မြောင်ကမ်းပေါ်သို့ လည်း တက်သွားချေ၏။

ဖိုးခွေးက နောက်မှတက်လိုက်သွား၏။

ခက်ခက်ခဲခဲတက်ရခြင်းဟု ဆိုရချိမ့်မည်ဖြစ်ငြား မြောင် ပေါ်ရောက်သည်တွင်မတော့ သူတို့ ပျော်သွားကြ၏။

တောင်ကြောမဟု ဆိုရချိမ့်မည်။ အောက်ပေါင်းလည်း ရှင်းပုံရ၏။ ချုံပုတ်ခြောက်ပင်အနည်းအကျဉ်းနှင့် ဝါးသုန်းပင် ခပ်သေးသေးတို့သာ ရှိချေ၏။ သစ်ပင်ကြီးများ ပေါက်လျက်ရှိ၏။ သို့ပေမင့် ခပ်ကျဲကျဲဖြစ်ချေ၏။ တောဝက်ကောင်တို့အသံ ကြားရ သည်ဆိုပေမင့် ခပ်လှမ်းလှမ်းမှ ဖြစ်ချေ၏။ ကြောပေါ်သွားလာရင်း ဆူဆူညံညံအော်သွားခြင်းဖြစ်ချိမ့်မည်။ စောတာလူးက ထိုတောဝက် ကောင် အသံလာရာသို့ လှည့်ကြည့်လိုက်ရင်း…

"သည်ကောင်တွေ တောင်ကြောအောက်ဘက်ဆင်းသွား တယ်ကွ၊ လာ… လိုက်သွားကြစို့"

သို့ဖြင့် စောတာလူးနှင့် ဖိုးခွေးသည် တောဝက်ကောင်

တို့ ဆင်းသွားရာမြောင်းအတိုင်း ဆင်းလိုက်ခဲ့ကြချေတော့၏။

သို့ဆိုတော့ အော်သံတို့ကြားတစ်ခါ မကြားတစ်လှည့် ကြားမှ ဖိုးခွေးနှင့် စောတာလူးသည် တောင်ကြောအနီးသို့ ရောက်သွားကြချေတော့၏။ တောင်ကြောအဆုံးတွင် မြောင်းလေးခံနေသည် ဆိုပေမင့် ထိုမြောင်းလေးကို စောတာလူး အသေအချာကြည့်လိုက် ၏။

အလိုလေးဗျာ... တောင်ကြောအဆုံးမဟုတ်ပါကလား။ မြောင်းဟု ထင်ရ၏။ မြောင်းလေး၏ ရေစီးသည် နှစ်ဖက်ရေစီး ဖြစ်နေခြင်းကြောင့် သူတို့ ကျော့ညွှတ်ကိုရောက်နေကြပြီကို သိလိုက် တော့၏။ ထိုရေစီးကြောင်းလေးတွင် ရွှံ့ဗွက်တို့ရှိလေခြင်းကြောင့် ဝက်ကောင်တို့၏ ခြေရာတို့ကို တွေ့ကြရတော့၏။

ထိုခြေရာကို ကြည့်၍ စောတာလူး ဘယ်လိုက်ရမည်ကို သိလိုက်ချေတော့၏။ သူတို့ တောင်ကြောမှအဆင်း ညာဘက်ခြမ်း ရေစီးနေရာကို တောဝက်များ သွေဖယ်သွားခြင်းဖြစ်ချေ၏။ သို့ဆို တော့ တောင်ကြော မတ်စောက်လိမ့်မည်မဟုတ်ဟု စောတာလူး တွက်ခဲ့ချေတော့၏။

သူ တွက်မိသလိုပင် ထိုရေစီးအတိုင်း ဝက်ကောင်တို့ ခြေရာကို ခံလိုက်ကြရာမှ အတော်လှမ်းလှမ်းတွင် ဝက်ကောင်တို့ သည် မြောင်းလေးရှိ ရေစီးရေကို သောက်နေကြသည်ကြောင့် စောတာလူးသည် ထိုဝက်ကောင်များ သူတို့ကို မမြင်မီ ပုန်းကွယ် နေလိုက်တော့၏။

ဖိုးခွေးက ငေးကြည့်မေးလေ၏။

စောတာလူးက စေ့စေ့ကြည့်လိုက်ချေပြီး…

'မဟုတ်ဘူးကွ၊ ဒါ ဆားကျင်းထင်တယ်၊ မြေကို လျက်စားနေတာကွ'

စောတာလူးက ပြောလည်းပြော သူ့လက်တွင်းမှ ရိုင်ဖယ်သေနတ်အိုကြီးကိုလည်း ထိုဝက်ကောင်တို့ရှိရာသို့ လှမ်းထိုးချိန်လိုက်တော့၏။

သို့ဆိုပေမင့် ဘယ်ကောင်ကိုရယ်လို့တော့ဖြင့် သတ်သတ်မှတ်မှတ်ချိန်ရွယ်ထားခြင်းတော့ဖြင့် မဟုတ်ပါချေ။ ဝက်ကောင်တို့လှုပ်ခတ်လှုပ်ရှားနေခြင်းကြောင့် သူ၏မစ်မှတ် မငြိမ်ဖြစ်နေသည်ကိုး။

သို့မှ စောတာလူးသည် အထီးကောင်ဟု ထင်ရသည့်ဝက်ကောင်ကို လှမ်းချိန်လိုက်လေပြီးမှ ဝက်သိုးကြီးဖြစ်နေလျှင်ဖြင့် အနံ့အသက်စူးစူးဝါးဝါး စားမကောင်းပေဘူးတွက်လိုက်ကာ ဝက်မျိုးတစ်ကောင်ရှိရာသို့ လှမ်းချိန်လိုက်ချေတော့၏။ ဖိုးခွေးတစ်ယောက်စိတ်လှုပ်ရှားစွာဖြင့် ငေးမောကြည့်နေချေတော့၏။ စောတာလူးထံမှ သေနတ်သံပေါ်ထွက်အလာကို နားစွင့်နေသလို တောဝက်တစ်ကောင်ခွေလဲသွားမည်ကို မှန်းဆကြည့်နေမိတော့၏။ သို့အချိန်ကလေးမှာပင်…

'ဒိန်း…'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် တောဝက်ကောင်တို့ အခြေအနေပျက်ပြားလှုပ်ခတ်ပြေးလွှားသွားကြလေ၏။ သို့ဆိုတော့ စောတာလူး ချိန်ရွယ်ပစ်လိုက်သည့် တောဝက်မျိုးမသည်

လည်း ပစ်လိုက်သည့် ကျည်မှန်သွားသည်ကြောင့် ဖင်တစ်ချက် ယမ်းခါသွားပေမင့် ရှေ့ဆက် ကမူးရှူးထိုးထွက်ပြေးသွားချေလေ၏။ သို့ဆိုတော့ ကျည်ရှပ်မှန်ခြင်းလောက်သာ ဖြစ်ချိမ့်မည်။

'သွားပါပြီ၊ သွားပါပြီ'

ဖိုးခွေးက သို့ ညည်းညူနေဆဲမှာပင်…

'ဒိန်း…'

နောက်ထပ်သေနတ်သံတစ်ချက် ကြားရပြီးနောက် ထို ဝက်ပျိုမသည် ခွေလဲသွားချေတော့၏။

'ဖထီ တယ်ဟုတ်ပါကလား'

ဖိုးခွေး ထွက်လိုက်သည်မှာ စောတာလူးတစ်ယောက် ဝက်ကောင်ကို အလွတ်မပေး Snap Shot ပစ်လိုက်သည်ကြောင့် ဝက်ပျိုမ ခွေကျသွားသည်။ သို့ပေမင့် ထိုပစ်မှတ်သည် စောတာလူး ပစ်လိုက်ခြင်း မဟုတ်ပါချေ။

ဘယ့်တွက်မူ ဖိုးခွေးက စောတာလူးကို အထင်တကြီး အကြည့် စောတာလူးကလည်း သူတို့နှင့်ခပ်လှမ်းလှမ်း ဒလွယ်ခုတ် နေရာလေးရှိရာ သစ်ပင်ကြီးသို့လှမ်းကြည့်နေလေခြင်းကြောင့် ဖိုးခွေး သည်လည်း ထိုနေရာလေးကို လှမ်းကြည့်လိုက်လေမှ အဖြစ်မှန်ကို သိလိုက်ချေတော့၏။ ခေါင်းဘုံးဆံပင်ပေါက် အမျိုးသမီးပင် ဖြစ်ချေတော့၏။ သူတို့နှစ်ယောက်ကို ပြုံး၍ကြည့်နေချေပြီး…

'ရှင်တို့အတွက် ပစ်ပေးတာ' ဆိုလျက် လှည့်ထွက်သွားချေတော့သည်။ သို့ဆိုတော့ စောတာလူးနှင့် ဖိုးခွေးသည် သူမ၏ နောက်ကျောကို တငေးတတမောကြည့်နေမိကြချေတော့သည်။

သူမ ဘာသဘောဖြင့် သို့ ပြုမူသွားရတာပါလိမ့်။

တကယ်တော့ သူမတစ်ယောက်တည်းသာ ဖြစ်ချေ၏။

"ဘာပြောပြော ဖထီရယ်၊ ကျွန်တော်တို့ တောဝက်ကောင်ကို ရလိုက်တာပဲ၊ ဝမ်းမသာဘူးလား"

သို့ ဖိုးခွေးက အားရဝမ်းသာပြောပေမင့် စောတာလူး တစ်ယောက် မခံချိမခံသာ ဖြစ်မိချေတော့၏။

တကယ်တော့ သူမက သူ့အား ပညာပြသွားခြင်းလေလား။ သို့မဟုတ် သူ့အား လှောင်ပြောင်သွားလေခြင်းများလား။

သို့ဆိုတော့ စောတာလူးတစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ချေတော့၏။

ဖထီဖညက်ရဲ့ ဆင်စခန်း သို့သွားရပေတော့မည်။ သို့ဆိုတော့ သူ ဖိုးခွေးနှင့်အတူ တောဝက်ပျိုကောင်ကို တုတ်လျှိုထမ်းပိုးထိုနေရာမှ ထွက်ခဲ့ကြသည်ဆိုပေမင့် သူတို့ ဦးတည်ခရီးသည် ရွာသို့အပြန်ခရီးတော့ဖြင့် မဟုတ်ပါချေ။

စောတာလူး စဉ်းစားမိသည်မှာ ကန့်ကျုံနီသာဖြစ်ချေတော့၏။

"ဖထီ ကျွန်တော်တို့ ပြန်လမ်းက သည်ဘက်လား"

ဖိုးခွေးက သူတို့ မီးလောင်ကုန်းရွာအပြန်လမ်းကို ညွှန်ပြပြောလေ၏။

"ငါ သိတယ်၊ ကန့်ကျုံနီဘက်သွားမလို့"

"ဟင်… သားကောင်တစ်ကောင်ရပြီဟာ ရွာပြန်ကြမယ်လေ"

ဖိုးခွေးက တအံ့တသြကြည့်ကာ ပြောလေ၏။

'ငါ ကန့်ကျုံနိုင်သွားမယ်'

'ဘာသွားလုပ်မှာလဲ'

'ဖထီဖညက်ရဲ့ ဆင်စခန်းကိုသွားမှာ'

'ဗျာ… ဘာလို့လဲ'

ဖိုးခွေးက တအံ့တသြ မေးလာပြန်ချေတော့၏။

'မင်းပြောတဲ့ မြို့ပိုင်ကြီးဦးသောင်းထွန်းရဲ့တူမနဲ့ တွေ့ဖို့ပဲ'

'ဗျာ… ဘာကိစ္စ'

'ဘာကိစ္စဖြစ်ဖြစ် မင်း မလိုက်ချင် နေခဲ့'

'ဟာ… ဖထီကလည်း လိုက်မှာပေါ့၊ ဘာကိစ္စလဲလို့ မမေးရပေဘူးလား'

'နို့ဖြင့်လည်း စကားမပြောဘဲ လိုက်ခဲ့ချေတော့ကွာ၊ ငါ သူ့အပေါ် မကျေမနပ်ဖြစ်မိရတယ်'

စောတာလူးက သို့ပြောပြီး ရှေ့မှ ခပ်သွက်သွက်သွားလေသည်ကြောင့် ဖိုးခွေးသည် နောက်မှ ထမ်းပိုးလိုက်ခဲ့ပေငြား ဝက်ကောင်သည် ယမ်းခါ၍နေချေတော့၏။

'ဖထီ ဖြည်းဖြည်းသွားပါဗျာ၊ ကျုပ် သိပ်မဟန်တော့ဘူး'

သို့ လှမ်းပြောလာမှ စောတာလူးတစ်ယောက် ခြေလှမ်း မှန်မှန်ဖြင့်လျှောက်သွားချေတော့၏။ သို့မှသည်…

'ငါတို့ သည်မယ် ခဏနားဦးမယ်'

စောတာလူးက သို့ပြောရင်း ကျွန်းပင်ကြီးတစ်ပင်အောက် [illegible] ဝက်ကောင်ကိုချ၍ မြေပြင်ပေါ်သို့ ထိုင်ချလိုက်၏။

'ဟူး…'

သည်တော့မှ ဖိုးခွေးသည်လည်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ချေပြီး စောတာလူးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ချေ၏။ ပြီးနောက် ခါးပိုက်ဆောင်အတွင်းမှ ယာပြီးကွမ်းတစ်ရာကို ထုတ်လိုက်ကာ စောတာလူးကို လှမ်းပေးလိုက်၏။

'ငါ မစားသေးဘူး'

သို့ဆိုတော့ ဖိုးခွေးသည် ထိုကွမ်းယာကို သူ၏ပါးစပ်တွင်း ထည့်လိုက်ချေတော့၏။ စောတာလူးသည် ဟိုသည်ကြည့်နေရာမှ ရုတ်ခြည်းဆိုသလို သေနတ်ကို ထားခဲ့ကာ ပြေးထွက်သွားသဖြင့် ဖိုးခွေးက စောတာလူးကို လိုက်ကြည့်ချေတော့၏။

'ဘာလို့လဲ ဖထီ' မေးလိုက်ပေမင့် စောတာလူး ကြားပုံ မပေါ်။ သူ့ဖာသာသူ ပြေးသွားချေတော့၏။

သည်တော့ ဖိုးခွေး ထိုင်လျက်မှ ကြည့်နေခြင်းသာ ရှိချေတော့၏။ စောတာလူးတစ်ယောက် မြေပြင်တွင်ရှိ အရာတစ်ခုကို သူ့လက်တွင်းပါသွားသည့် ဝါးခုတ်ဓားမဖြင့် ခုတ်လို့နေချေ၏။ တစ်နေရာတည်းခုတ်နေခြင်းတော့ဖြင့် မဟုတ်ချေ။ ရှေ့သို့အနည်းငယ် ပြေးသွားလိုက်၊ ခုတ်လိုက်၊ ဘေးသို့အနည်းငယ်ပြေးသွား လိုက် ခုတ်လိုက် ဟိုသည်ပြေးလွှားနေခြင်းအားဖြင့် တွားသွား သတ္တဝါတစ်ကောင်ကို လိုက်ခုတ်နေခြင်းဖြစ်သည်ကို ဖိုးခွေး သိလိုက်ချေ၏။

'ဖွတ်လား၊ မြွေကောင်လား၊ ဘာကောင်ပါလိမ့်'

သို့မှ စောတာလူးတစ်ယောက် ဘားကောင်ကို ပိုင်ပိုင်နိုင်

နိုင် ခုတ်မိသွားပြီထင့်။ မြေပြင်သို့ ကုန်းကွနေရာမှ ခါးကို မတ်မတ်ထောင်ကာ အကြောလျှော့လိုက်၏။ ပြီးနောက် မြေပြင်ရှိ အရာဝတ္ထုတစ်ခုကို ကောက်ယူလိုက်သည်ကို ဖိုးခွေး မြင်လိုက်ချေ၏။

ကျောပေးနေခြင်းကြောင့် ထိုသတ္တဝါကောင် ဘာကောင်ရယ်တော့ဖြင့် ဖိုးခွေး မသိပါချေ။ စောတာလူး နောက်ပြန်လှည့် သူ့ရှိရာပြန်လျှောက်လာလေမှ ဖိုးခွေး သိလိုက်တော့၏။

'ဖြူကောင်ပါကလား'

'ငါတို့ ဖြူကောင်ရလိုက်တယ်၊ မင်း ဆက်လုပ်လိုက်ကွာ၊ ငါ မီးဖိုထားမယ်'

သို့ဆိုတော့ ဖိုးခွေး ဖြူကောင်ကိုယူ၍ ခပ်လှမ်းလှမ်းနေရာသို့သွားလိုက်ကာ ဆူးတောင်တို့ကိုနုတ် ဗိုက်ခွဲအူထုတ် ပြီးနောက် ချောင်းရှိရာသို့သွားလိုက်ကာ ဆေးကြောပြီးနောက် ထိုနေရာမှာပင် တံစို့ထိုးလိုက်ချေတော့၏။ ထက်ခြမ်းခွဲလေး စိပ်စိပ်အသားတို့ကိုသာ တံစို့ထိုးလိုက်ခြင်းဖြစ်၏။

စောတာလူးသည် မီးဖိုပြီးဖြစ်ချေတော့၏။ သို့ဆိုတော့ တံစို့ထိုးအသားတို့ကို မီးပုံနံဘေးစိုက် မီးကင်လိုက်ချေ၏။

ဖိုးခွေးတစ်ယောက် ကွမ်းတစ်ယာထုတ်ကာ ပါးစပ်တွင်း ထည့်လိုက်ပြန်၏။

'ငါလည်း ခံတွင်းချဉ်လာပြီ၊ ပေးကွာ'

သို့ဆိုတော့ ဖိုးခွေးသည် ကွမ်းတစ်ယာ ထုတ်ပေးလိုက်ချေ၏။ စောတာလူးနှင့် သူသည် ကွမ်းမြုံ့ဝါးရင်း ကိုယ့်အတွေး

နှင့်ကိုယ် ရှိကြချေတော့၏။ ကွမ်းတစ်ယာညက်ပြီး အတန်ကြာကြာ တွင် မီးကင်ဖြူသားတို့မှ သင်းပျံ့သောရနံ့ ထွက်လာချေတော့၏။

သို့ဆိုတော့ ဖိုးခွေးသည် ဝါးဆစ်ပိုင်းတစ်ခုကို ခုတ်လိုက် ချေပြီး ချောင်းဘက်ထွက်သွားချေတော့၏။

အပြန်တွင် ရေပါလာချေ၏။ စောတာလူးတစ်ယောက် ထိုရေဖြင့် ပလုတ်ကျင်းလိုက်ချေပြီး မီးကင်တံစို့ထိုးတစ်ချောင်းကို နုတ်ယူလိုက် နှာခေါင်းဖြင့် နမ်းကြည့်၏။ သည့်ပြင် အသားတို့ကို ဖဲ့ကြည့်၏။

'စားလို့ရပြီ'

သို့ဆိုတော့ ဖိုးခွေးသည်လည်း တံစို့ထိုးတစ်ချောင်းကို လှမ်းယူလိုက်တော့၏။ သို့မှ ဖိုးခွေးနှင့် စောတာလူးသည် ပူပူ လောင်လောင် ဖြူကောင်သားမီးကင်ကို အားပါးတရစားလိုက်ကြ ပြီးနောက် ရေသောက်လိုက်ကြ၏။ ပြီး ထိုနေရာလေးမှ ထွက်ခဲ့ကြ ပြန်၏။ သည်တစ်ခေါက်မတော့ ဖိုးခွေးက ရှေ့က စောတာလူးက နောက်က ဖြစ်ချေတော့၏။

'ခပ်သွက်သွက်လျှောက်ချေကွာ'

နောက်မှ စောတာလူးက သို့ဆိုသလို ဖိုးခွေးကို ပြော လိုက်ချေ၏။-

သို့ဆိုတော့ ဖိုးခွေးသည်လည်း သွားလမ်းခြေလှမ်းကို အရှိန်မြှင့်လိုက်ရချေတော့၏။

သို့မှ မြောင်ကိုဖြတ် ကြောစွယ်လေးမှပြန်ဆင်း မြောင်တွင်း ဖြတ်ခဲ့ကြရာမှ ဝါးတောတစ်ခုသို့ ရောက်ခဲ့ကြတော့၏။ ထိုဝါးတော

အတွင်း ဆင်ကောင်တို့ စားကျက်ချနေပုံပင်။ ဝါးကိုင်း လဲပြိုသံ၊ ဆင်ကောင်တို့အော်သံဖြင့် ဆူညံလို့နေချေတော့၏။

စောတာလူးနှင့် ဖိုးခွေးသည် ထိုဝါးတောန်ဘေးရှိ မြောင်လေးမှ ဖြတ်လျှောက်ခဲ့ကြချေ၏။

'ငါတို့ ဆင်စခန်းရောက်နေပြီပဲကွ'

စောတာလူးက ပြောလေ၏။

သူပြောသလိုပင် ဆင်စခန်းကို လှမ်းမြင်နေရချေပြီဖြစ်တော့၏။

'ဆင်ပိုင်ကြီးဖညက် ရှိလောက်ပါတယ်'

စောတာလူးတွက်သလို ဆင်ပိုင်ကြီး စောဖညက် စခန်းတွင် ရှိနေချေ၏။

'ဟာ… တာလူး၊ လာကွာ… ဘာကိစ္စလဲ၊ ဩော်… အမဲပစ်လာကြတာလား၊ အတော်ပဲဟေ့၊ ငါ့ဆီမယ် ဧည့်သည်ရောက်နေတယ်၊ မင်း တောဝက်ကောင်ရခဲ့တယ်လား'

ဖထီဖညက်က စောတာလူးတို့ကို မြင်သည်နှင့် အားရဝမ်းသာ ပြောလေတော့၏။

'လမ်းကြုံရင်း လာတာပေါ့'

'ဟုတ်တယ် ဖထီ၊ သည်တောဝက်ကို ဖထီပဲ ကြည့်စီစဉ်နိုင်းလိုက်ပါဗျာ'

'အေး… လာစမ်း သာဒင်၊ မင်း သည်ဝက်ကို သွားဖျက်ခဲ့ချေ၊ ဟုတ်လား'

သည်တော့ သာဒင်ဆိုသည့် ဆင်နောက်လိုက်ကြီးသည်

ဝက်ကောင်ကို မနိုင်မနင်း ထမ်းပိုးသွားချေတော့၏။

'တာပလှုံးအားကြီးလော်၊ မင်းတို့ ထမင်းမစားရသေးဘူးလား'

ကျေးစူးတင်တယ်ပြောပြီး သို့ မေးလေသဖြင့် စောတာလှုံးက···

'ငါတို့ လမ်းမှာ ဖြူသားကောင်ရလို့ ကင်စားလိုက်ကြပြီးပြီ၊ ဘယ်ဆာတော့မှာတုံး၊ ညစာကျမှ အေးအေးဆေးဆေးစားတာပေါ့'

'ကဲ··· ကဲ··· မင်းတို့ လွတ်လွတ်လပ်လပ်နားကြချေ၊ နို့ဖြင့်လည်း ညနေစာမှ စားတာပေါ့၊ အားမနာနဲ့ ဟုတ်လား၊ ငါ ကိစ္စရှိလို့ သွားလိုက်ဦးမယ်'

'ဘယ်တုံး'

'ကတွတ်မြောင်တင်ပါ'

'ဘာသွားလုပ်မှာလဲ'

'ကတွတ်မြောင်မယ် မြို့ပိုင်ကြီးတူအရီး ရှိနေတယ်လေ၊ သူတို့ လွတ်လွတ်လပ်လပ်နေချင်တယ်ဆိုလို့ ကတွတ်မြောင်မှာရှိတဲ့ ငါ့ဘိုတဲမှာ သူတို့တူအရီးနှစ်ယောက်ကို ထားတာလေ၊ ငါ ညနေဘက် ပြန်လာမယ်၊ သူတို့တူအရီးလည်း ခေါ်လာခဲ့မယ်'

'ဩော်···'

သို့ဖြင့် ဖထီဖညက်သည် ခပ်သွက်သွက် လှမ်းထွက်သွားချေတော့၏။

'ဖထီတို့ ဟိုဘက်တဲမယ် လွတ်လွတ်လပ်လပ်သွားနေလို့လည်း ရတယ်'

သို့ဆိုသလို ဆင်နောက်လိုက်ကောင်လေးဟု ထင်ရသူက လာပြောသဖြင့် စောတာလူးနှင့် ဖိုးခွေးသည် ထိုကောင်လေး ဦးဆောင်ခေါ်သွားရာတဲတစ်လုံးသို့ သွားလိုက်ကြတော့၏။

'ဖထီ သည်မယ် ဘယ်နှရက်နေမှာလဲ'

'နက်ဖြန်ပြန်မယ်၊ ငါ မင်းပြောတဲ့ ဟိုကောင်မလေးကို တွေ့ချင်လို့'

'ဩော်... ဖထီဖညက် ပြောတယ်မဟုတ်လား၊ သူတို့က ကတွတ်မြောင်မှာဆို'

'အေး... အခု ဖညက်သွားတယ်၊ ပြန်လာလျှင် ခေါ်လာလိမ့်မယ်ပြောတယ်'

'ရေချိုးချေဦးမယ်'

'အေး... ငါလည်းလိုက်ချိုးမယ်၊ ပြီးလျှင် တစ်ရေးအိပ်လိုက်တာပေါ့'

စောတာလူးကပါ ဖိုးခွေးနှင့်အတူ ရေချိုးရန် ချောင်းရှိရာသို့ ထွက်ခဲ့ကြချေတော့၏။

ချောင်းတွင်း သူတို့ ရေချိုးကြပြီးနောက် စခန်းတဲနေရာလေးသို့ ပြန်ခဲ့ကြတော့၏။ ဖိုးခွေးက ဆင်တဲ တဲအိမ်များရှိ အသိမိတ်ဆွေတွေကို လိုက်လံနှုတ်ဆက်ချေတော့၏။ စောတာလူးကတော့မူ တစ်ရေးတမော အိပ်လိုက်ချေတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ဖထီ... ဖထီ'

သူ့အား ပုတ်ခတ်နှိုးလေသဖြင့် အိပ်ရာမှ ထလာရချေတော့၏။

'ဘာတုံး ဖိုးခွေး'

'ဖထီ အိပ်နေတာ ဘယ်အချိန်ရှိပြီလဲ၊ ထတော့လေ၊ စောစောက ဖထီဖညက်က လူလွှတ်ပြီးခေါ်ခိုင်းလိုက်တယ်၊ ထမင်းစားကြမယ်တဲ့'

သို့ဆိုတော့ စောတာလူးတစ်ယောက် မျက်နှာသစ်လိုက်ချေပြီး ဖိုးခွေးနှင့်အတူ ဖထီဖညက်၏ တဲသို့ ထွက်ခဲ့ချေတော့၏။

ဖထီဖညက်၏တဲတွင် မြို့ပိုင်ကြီး ဦးသောင်းထွန်းနှင့် သူ၏တူမဆိုသူတို့ ရောက်နှင့်နေကြတော့၏။

'လာကွာ တာလူး၊ မိတ်ဆက်ပေးရဦးမယ်'

သို့ဆိုလျက် ဖညက်က သူတို့နှစ်ယောက် ကြမ်းခင်းတွင် ထိုင်လိုက်ပြီးသည်နှင့်…

'ဒါ ငါ့မိတ်ဆွေ စောတာလူးတဲ့၊ မီးလောင်ကုန်းရွာသား မုဆိုးပေါ့'

သို့ဆိုတော့ သူ့ရှေ့တွင်ရှိ အမျိုးသမီးက သူ့အား ပြုံးစိစိဖြင့် ကြည့်နေချေတော့၏။

'သည်မယ် ဝက်ကောင်ရထားတယ်လေ'

သည်တော့ စောတာလူးတစ်ယောက် မျက်စိမျက်နှာပျက်သွားချေတော့၏။ ဘယ့်တွက်မူ ထိုဝတ်ကောင်ကို ထိုအမျိုးသမီးပစ်ခဲ့လေခြင်းကြောင့် မဟုတ်ပါကလား။

သို့ကြောင့် မျက်နှာပူပူဖြင့် ထိုအမျိုးသမီးကို ကြည့်နေမိတော့၏။

'သူက မြို့ပိုင်ကြီး ဦးသောင်းထွန်းပဲ၊ သူ့ဟိုဘက်က

သူတူမ ဘာတဲ့ နာမည်'

ဖညက်က သို့ပြောပြီး အမျိုးသမီးကို မေးလိုက်ချေ၏။

'ဂျူးဂျူးပါ ဖထီ'

'ဟုတ်ပါပြီ'

'တကယ်တော့ သည်ဝက်ကလေ…'

စောတာလူးက စိတ်မလုံသဖြင့် သို့ ပြောလေသည်တွင် မတော့ သူ့စကားမဆုံးမီ…

'ဝက်ပျိုကောင်မို့ ကောင်းပါလိမ့်မယ် ပြောမလို့မဟုတ်လား ဖထီ'ရယ်လို့ ဂျူးဂျူးက ဝင်ပြောလာသဖြင့် စောတာလူးတစ်ယောက် သူ့စကားကို ရှေ့မဆက်နိုင်တော့ပါချေ။

ဘာလို့များ သည်ကလေးမ သူ့စကားကို ဆီးပိတ်ရတာပါလိမ့်။ အင်း… သူ့ရဲ့ ဂုဏ်သိက္ခာကို ငဲ့ကွက်လို့လား။

'ကဲ… ကဲ… စားကြချေဗျာ၊ စားကြချေ၊ အားပါးတရပေါ့'

မြို့ပိုင်ကြီး ဦးသောင်းထွန်းက စောတာလူးကို မကြာခဏဆိုသလို ကဲကဲကြည့်နေခြင်းကြောင့် စောတာလူးတစ်ယောက် မနေတတ်မထိုင်တတ် ဖြစ်ရချေတော့၏။

ဘယ့်တွက်ပါလိမ့်။

ဖိုးခွေးကတော့မူ သူ့ဘာသာ ခေါင်းငုံ့ အားပါးတရစားလေတော့၏။

'ဖထီ ရှာပြန်မှာလား'

စားနေရင်း အမျိုးသမီးက မေးလေသဖြင့်…

'ရွာမပြန်သေးဘူး၊ ကတွတ်မြောင်ဘက် အမဲပစ်သွားဦးမှာ၊ ရွာအပြန် ဆတ်ကောင်ပစ်သွားချင်လို့'

သို့ဆိုတော့ ဂျူးဂျူးက စောတာလူးကို ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်လိုက်လေပြီး…

'သည်လိုအချိန်ဆောင်းကာလမှာ ဆတ်ကောင်တွေ ဗီးနဲ့ဖြစ်နေကြပြီလေ၊ ရှေ့တစ်လလောက်ဆို မွေးတော့မယ်၊ သည်တော့ဖထီကို ဂျူး ပြောချင်တာ ဗီးနဲ့သတ္တဝါတွေကို မသတ်ပါနဲ့နော်'

သို့ပြောလာသဖြင့် စောတာလူးတစ်ယောက် မျက်လုံးမျက်ဆန်ပြူးသွားရချေတော့၏။

သူ သဘောပေါက်လိုက်ချေပြီဖြစ်တော့၏။

သူ ဆတ်ကောင်ကို ပစ်မယ်လုပ်တုန်းက သူမက ဗီးနှင့်ဆတ်ကောင်ဖြစ်နေခြင်းကြောင့် ခြောက်လှန့်ပစ် မောင်းထုတ်လိုက်ခြင်းပါကလား။ သူမ လက်မှန်းမတည့်လို့တော့ဖြင့် မဟုတ်ချေ။

ပြီးနောက် ဝံကိုက်မြောင်တွင် သူပစ်လိုက်သည့် ဝံကောင်ရုပ်ထိပြေးသွားသဖြင့် သူမက ပစ်ခတ်ပေးသွားလေသည်ပဲ။

ခုမှ စောတာလူး သဘောပေါက်လိုက်ချေတော့၏။ ဂျူးဆိုသည့် ကောင်မလေးသည် ဘယ်ဆိုးလို့တုန်း။ သူမ သည်လိုစိတ်ဓာတ်ရှိနေလေခြင်း သိရသည်ကြောင့် စောတာလူးတစ်ယောက်သူ၏ မုဆိုးမိတ်ဆွေများဖြစ်သည့် လင်းမြင့်လှိုင်နှင့် ကိုပိုက်ကိုသတိရလိုက်သေးတော့၏။

မုဆိုးစည်းထားကာ သားငှက်တိရစ္ဆာန်ဥပဒေကို လိုက်နာနိုင်ကြသောသူများပါကလား။

မြစ်ခွဲ ၉ စင်း စာပေ

ခု ဂျူးဂျူးကို ကြည့်ရသည်မှာလည်း မုဆိုးစည်းကမ်းကို နားလည်ခြင်းသာမက သစ်တော သားငှက်တိရစ္ဆာန်ဥပဒေကို လည်း တတ်သိနားလည်ပုံပင်။

'ဘယ်လိုလဲ ဖထီး၊ ဖထီးက ဓိုးနဲ့သတ္တဝါလေးတွေကို ပစ်လေ့ပစ်ထရှိလား'

စောတာလူး တွေးနေစဉ် သူမထံမှ မေးသံထွက်လာ သဖြင့် အတွေးစပြတ်သွားရတော့၏။

'သမီးကလည်း ဖထီးကို အဲဒီလိုမေးရတာတုံး၊ ဖထီး ကလည်း မုဆိုးကောင်းတစ်ယောက်ဖြစ်မှာပါ'

သို့ဆိုသလို မြို့ပိုင်ကြီးဦးသောင်းထွန်းက တူမဖြစ်သူကို ပြောလေ၏။

'အင်း… ငါကတော့ သစ်တော သားငှက်တိရစ္ဆာန် အက်ဥပဒေကို အကုန်လုံးတော့ မသိဗါဘူး၊ ပြီးတော့ မုဆိုးစည်း ဆိုတာလည်း အထိုက်အလျောက်တော့ သိပါတယ်၊ လိုက်နာပါ တယ်၊ အေး… တစ်ခါတစ်ရံကျတော့လည်း စိတ်က လွတ်ထွက် သွားတတ်တာပဲကွာ'

သို့ဆိုသလို စောတာလူးက မတင်မကျ ပြောလိုက်ချေ တော့၏။

'သည်မယ် တာလူး'

ဖထီးဖညက်က သူ့အားခေါ်သဖြင့် လှမ်းကြည့်လိုက်၏။

'မနက်ဖြန် ကတွတ်မြောင်ဘက် သွားမယ်ဆို အတော်ပဲ၊ မြို့ပိုင်ကြီးတူအရီးလည်း ကတွတ်မြောင်ပြန်မှာ၊ တူတူသွားကြပေါ့၊

ငါ မင်းနဲ့ စိတ်ချလက်ချထည့်လိုက်မယ်၊ ငါက နက်ဖြန်စောစော အထက်တောကို သွားရမယ်'

'ဘာလုပ်ဖို့လဲ'

'ဩော်... သစ်တောဌာနက အထက်တောမယ် ကျွန်းဆင်းသယ်နေကြတယ်၊ သူတို့ စခန်းပြောင်းရွှေ့ဖို့ ငါ့ဆီမယ် ဆင်အကူအညီတောင်းထားတယ်၊ သွားပေးရမယ်'

'စိတ်ချပါကွာ၊ ငါ သူတို့နဲ့လိုက်သွားမှာပဲ၊ ကတွတ်ခြောင်မယ် ငါ အမဲတစ်ကောင်ကောင်ပစ်ပြီး ရွာကိုပြန်ရဦးမယ်၊ ဘာမှာဦးမလဲ'

သို့ စောတာလူးက ဖထီဖညက်ကို ပြောလေ၏။

'မမှာပါဘူးကွာ၊ ဩော်... နို့ပေမင့် ငါ့မယ် ပျားရည် တစ်ပုလင်းရှိတယ်၊ ရွာလူကြီးဓာမဏီအတွက် ယူသွားပေးစမ်းပါကွာ'

'အေး... အေး... ငါ ယူသွားပေးမယ်'

သို့မှ သူတို့သည် ထမင်းကို စားလိုက်ကြချေပြီးနောက်...

'မိတ်ဆွေ ငါတို့ နက်ဖြန် လာခဲ့မယ်၊ ခွင့်ပြုဦး'

'ဟုတ်ကဲ့ပါ'

စောတာလူးတစ်ယောက် အားလုံးကိုနှုတ်ဆက်၍ ဖိုးခွေးနှင့်အတူ စခန်းသို့ ပြန်ခဲ့ချေတော့၏။

'ဖထီ... နက်ဖြန် ဆက်ဆက်လာခေါ်နော်'

သို့ဆိုသလို ဂျူးဂျူးက သူ့အား လှမ်းပြောခဲ့သေးတော့၏။

'ဖထီ ကျွန်တော်တို့ တောထဲမှာတွေ့တဲ့ ကောင်မလေး မဟုတ်လား'

ဖိုးခွေးက သို့နှယ် လမ်းတွင် မေးလာလေသဖြင့်…

'ဟိတ်ကောင်… မင်း သိသိကြီးနဲ့ ဘာလို့ ငါ့ကိုမေးရတာလဲ'

'အင်း… သည်မယ် သူက ဝက်ကောင်နဲ့ပတ်သက်လို့ ဘာမှမပြောဘူး၊ သူမှဟုတ်ရဲ့လားလို့ မေးကြည့်တာပါ၊ ဟင်း… ဟင်း… ဟင်း…'

'ခွေးကောင်'

သို့ ဖိုးခွေးကို စောတာလူးက ဆဲဆိုလိုက်ချေတော့၏။

သို့မှ သူတို့သည် စခန်းဇာဲရောက်သည်တွင် ခဏ တစ်ဖြုတ် အဖန်ရည်သောက်ထိုင်ချေပြီးမှ ကြမ်းခင်းပေါ် လှဲအိပ် လိုက်ချေတော့သည်။

နောက်နေ့မနက်စောစောတွင် ဂျူးဂျူးတို့တူအရီးနှင့်အတူ စောတာလူး၊ ဖိုးခွေးတို့သည် ဆင်ပိုင်ကြီး ဖထီဖညက်ကို နှုတ်ဆက် ၍ ထွက်ခဲ့ကြတော့၏။ လမ်းတွင် စားရန်ဆိုလျက် ဖထီဖညက်က သူ့တို့အား ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်မီးဖုတ်ဆီဆမ်း ကို ထည့်ပေးလိုက်ချေ၏။

'အန်ကယ်တို့ ကတွတ်မြောင်မှာ ရောက်နေတာ ကြာပြီ လား'

ဖိုးခွေးက ဦးသောင်းယွန်းကို မေးလိုက်၏။

'တစ်ပတ်လောက်တော့ ရှိရော့မယ်'

"အမဲပစ်လာကြတာပေါ့"

ဖိုးခွေးက မေးလိုက်ပြန်၏။

"မဟုတ်ဘူး၊ တူမလေးက သစ်ခွမျိုးစေ့တွေ လိုချင်လို့ ဆိုပြီး လာခဲ့ကြတာ၊ ကတွတ်မြောင်မယ် သစ်ခွတွေပေါတယ်ဆို လို့ ကတွတ်မြောင်မယ် စခန်းချနေကြတာ"

"အန်ကယ်တို့အပြင် ဘယ်သူတွေပါသေးလဲ"

"လမ်းပြရယ်၊ လုပ်သားနှစ်ယောက်ရယ်ပါပဲ"

"ဘယ်တော့ပြန်ကြမတုံး"

"အင်း… တူမလေးသဘောပဲပေါ့၊ အန်ကယ်တော့ ပြန် ချင်ပြီ၊ သူကတော့ လိုအပ်တဲ့သစ်ခွမျိုးစေ့မရသေးလို့ဆိုပြီး နေချင် သေးတယ်၊ အင်း… မောင်ရင်တို့ ခုလို လိုက်လာတာ တစ်ခု ကောင်းတာပဲ"

"ဘာများတုံး"

"သစ်ခွနဲ့ပတ်သက်လို့ အကူအညီတောင်းချင်လို့ပါ"

"အင်း… ရပါတယ်၊ ကျွန်တော်တို့ သွားရင်းလာရင်း သစ်ခွတွေ တွေ့တတ်ပါတယ်၊ ခု အမဲပစ်ထွက်ရင်း သစ်ခွတွေ့လျှင် ပြောပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ဦးသောင်းထွန်းနှင့် ဖိုးခွေးတို့ လမ်းတစ်လျှောက် စကား တဖောင်ဖောင်ပြောလာပေမင့် မည်သည့်စကားမျှမပြော နှုတ်ဆိတ် နေသည့် ဂျူးဂျူးတစ်ယောက် သို့ဆိုသလိုတော့ဖြင့် ကျေးဇူးတင် စကားကို ပြောလာချေတော့၏။

သို့မှ သူတို့သည် တောတိုးလျှောက်ခဲ့ကြရာမှ တောင်ကြောစွယ်လေးတစ်ခုကို ဆင်းလိုက်ပြီးနောက် မြောင်လေးကိုဖြတ်ကာ တစ်ဖက်မြောင်ကျပ်လေးသို့ စောတာလူးတစ်ယောက် ရှေ့မှသွားရင်း ရုတ်တရက်ဆိုသလို ရပ်တန့်လိုက်ကာ နောက်မှကပ်ပါလာသူတို့ကို ရပ်နေရန် အချက်ပြလိုက်လေသဖြင့် သူ့နောက်တွင်ပါသူတို့သည် ခြေလှမ်းကို တုံ့ရပ်လိုက်၏။ သို့ဆိုသလို ဦးသောင်းထွန်းနှင့် ဖိုးခွေးသည်လည်း တည်ငြိမ်စွာ ရပ်ကြည့်လာချေတော့၏။

'ဖထီ ဘာများလဲ'

ဖိုးခွေးက စောတာလူးနား ကပ်သွားလေတော့၏။

'ရှေ့နားမယ် တရှပ်ရှပ်နဲ့ အသံကြားလို့'

သို့ဆိုတော့ သားကောင်များလေလား။

'ကြားလား'

စောတာလူးက အားလုံးကြားသာအောင် လေသံသဲ့သဲ့ဖြင့် မေးလာလေ၏။

'ကြားတယ်၊ ရှေ့ခင်တန်းလေးထဲက ဘာကောင်လဲ မသိဘူး'

'ခြေသံညက်ပုံရတယ်၊ တောကြက်များလေလား'

ဖိုးခွေးက မေးလေ၏။

စောတာလူးက ခေါင်းကို ခါယမ်းလိုက်ချေပြီး…

'ကြက်ခြေယက်သံဆို တစ်နေရာတည်းကနေ ထွက်ပေါ်လာရမှာပေါ့၊ ခုတော့ တရွေ့ရွေ့အသံဆိုတော့ ငါ့အထင်…'

'ဘာများလဲ ဖထီ'

ဂျူးဂျူးက ဝင်မေးလေ၏။

'ဖြစ်နိုင်လျှင် အားလုံး ဟိုနောက်ဘက်က သစ်ပင်ကြီး နောက် သွားပုန်းကွယ်နေကြချေ၊ ငါ အဲဒီအနား သွားကြည့်ချေဦး မယ်'

သို့ ပြောလည်းပြော၊ စောတာလူးသည် ထိုအသံလာရာ သို့ ချဉ်းကပ်သွားလေတော့၏။ သို့ဆိုတော့ ဦးသောင်းထွန်းနှင့် ဖိုးခွေးသည် တာလူးပြောသလို သစ်ပင်ကြီးနောက် သွားရောက် ပုန်းကွယ်နေလိုက်ကြပေမင့် ဂျူးဂျူးတစ်ယောက်ကတော့မူ စောတာ လူး နောက်က လိုက်သွားလေတော့၏။

'ညည်းက ဘာထင်လို့တုံး'

စောတာလူးက မေးလိုက်၏။

'သားကောင်ဆိုလျှင်ဖြင့် ပစ်သင့် မပစ်သင့် အသေအချာ ကြည့်ပြီးမှ ပစ်စေချင်လို့ ကျွန်မ လိုက်လာတာ'

'ဟေ…'

သို့ဆိုတော့ စောတာလူးတစ်ယောက် ဂျူးဂျူးကို စိတ်ဆိုး ရမလို ဒေါသထွက်ရမလို ဖြစ်သွားချေတော့၏။

'မင်း တောအတွေ့အကြုံ တကယ်ရှိပြီလား'

'ရှင်…'

စောတာလူး၏ အမေးကြောင့် ဂျူးဂျူး အံ့အားသင့်သွား ချေပြီး စောတာလူးကို နားမလည်နိုင်စွာကြည့်လေတော့၏။

'ဘာလို့လဲ'

'ဘာလို့ရမှာလဲ၊ ခု ငါ သွားနေတာ အန္တရာယ်နဲ့လည်း

တိုးချင်တိုးမှာ၊ မင်း ဘာလို့ အရဲကိုးလိုက်လာရတာလဲ၊ ဘာလဲ မင်းကိုယ်မင်း စိတ်ချယုံကြည်နေတာလား'

'အဲလိုမဟုတ်ပါဘူး၊ ဖထီက မပစ်သင့်တဲ့သားကောင်ကို ပစ်မှာစိုးလို့ပါ'

သို့ဆိုတော့ စောတာလူးသည် ဂျူးဂျူးကို နားမလည်နိုင်စွာ ကြည့်လိုက်ချေပြီး…

'မင်းက သစ်တောဌာနကလား'

'မဟုတ်ပါဘူး'

'ဒို့ဖြင့် ဘာလို့…'

'ကျွန်မသဘောက အဲလိုမဟုတ်ပါဘူး၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရမယ်ဆိုတာမှာ သစ်တောဝန်ထမ်းတွေရဲ့အလုပ်ချည်း မဟုတ်ပါဘူး၊ တောမုဆိုးတွေရယ်၊ ကျွန်မတို့လို သတ္တဝါလေးတွေကို စာနာတတ်တဲ့ တိရစ္ဆာန်ချစ်သူတွေမှာလည်း တာဝန်ရှိပါတယ်'

သို့ စကားကြီးစကားကျယ်ပြောလာသည့် သူမကို စောတာလူးတစ်ယောက် အတော်ကလေး အမြင်ကတ်သွားမိချေ၏။ စောတာလူး နားလည်သဘောပေါက်လိုက်ချေသည်ကြောင့်…

'ဟုတ်ပါပြီ၊ မင်းနဲ့ ငါ့မိတ်ဆွေမုဆိုးကို မိတ်ဆက်ပေးရလိမ့်မယ်၊ ဆုံပေးရလိမ့်မယ်'

'ခစ်… ခစ်… ခစ်… ဟင်… ဘာလဲ၊ ကျွန်မကို လှောင်တာလား'

'ဟုတ်ပါရဲ့၊ သူတို့ကလည်း မုဆိုးတွေဆိုပေမင့် တိရစ္ဆာန်

လေးတွေကို ချစ်ကြတယ်၊ ကိုယ်ချင်းစာစိတ်ရှိကြတယ်'

'ဟင်... နို့ဖြင့် ဘာလို့ အမဲလိုက်နေကြတာလဲ'

'နို့ကတော့ ဝါသနာပေါ့၊ နို့ပေမင့် ပရမ်းပတာပစ်ကြတာ မဟုတ်ပါဘူး၊ တောပိုင်တောင်ပိုင်ပေးတဲ့ သက်တမ်းစေ့ တိရစ္ဆာန်တွေကိုသာ ပစ်ကြတာပါ'

'ဟင်း... ဟင်း... ရယ်စရာတော့ ကောင်းနေပြီ'

ဂျူးဂျူးက သဘောကျပြောလာလေတော့၏။

'အေးလေ... ငါလည်း ခုမှ သတိထားမိတယ်၊ ဘယ်လို လူစားတွေလဲ မသိဘူးနော်၊ ကဲပါ... မင်း ခြေသံလုံပါစေ၊ ငါ အချက်မပြမချင်း မင်း သားကောင်ကိုမြင်တာနဲ့ ပစ်သင့်ပစ်ထိုက် တယ်ဆိုပြီး မပစ်နဲ့ဦး'

သို့ ဇောတာလူးက သတိပေးပြောလိုက်ချေသေးတော့၏။

သို့မှ သူတို့သည် ခင်တန်းလေးဘက် တရွေ့ရွေ့တိုးကပ် သွားကြတော့၏။ ခင်တန်းလေးအစပ်တွင် ချုံပုတ်နွယ်ပင်တို့ ပိတ် ကျပ်နေခြင်းကြောင့် တစ်ဖက်ကို မမြင်ရချေ။ ခြေသံတရှပ်ရှပ် သည် တစ်ဖက်မှဖြစ်ချေ၏။ သို့ဆိုတော့ ထိုချုံပုတ်နွယ်ပင်တို့အား ထိ တိုးသွားချောင်းမြောင်းလေမှ တစ်ဖက်သတ္တဝါကို မြင်ရပေမည် မဟုတ်ပါကလား။

သို့ကြောင့် ဇောတာလူးက လက်တွင်းရှိ သေနတ်ကို အရံသင့်ပစ်ခတ်နိုင်ရန် ချိန်ရွယ်ကိုင်ထားလိုက်ပြီး ချုံပုတ်နွယ်ပင် ကြီးအား ကပ်သွားကာ တစ်ဖက်သို့ ချောင်းမြောင်းကြည့်လိုက်ချေ တော့၏။

ဂျူးဂျူးတစ်ယောက် စောတာလူး၏နောက်ကွယ်တွင် ကပ်လျက်ရှိချေ၏။ တစ်ဖက်သို့ သူ မြင်ရခြင်းမရှိပါချေ။

'ဘာများလဲ ဖထီ'

'ရှူး… တိုးတိုး၊ ငါတို့ မှားပြီထင်တယ်'

'ဘာလို့လဲ ဖထီ'

'မင်း နောက်ကို ပြန်ထွက်တော့၊ ခြေသံမပြင်းစေနဲ့၊ အသံ မထွက်စေနဲ့၊ ခပ်မြန်မြန်လုပ်'

သို့ဆိုတော့ ဂျူးဂျူးတစ်ယောက် စောတာလူးကို နားမလည်နိုင်စွာကြည့်နေချေတော့၏။

စောတာလူးတစ်ယောက် ဘာကောင်ကို တွေ့လိုက်လေသည်မသိ။ မျက်စိမျက်နှာပျက်နေချေတော့သည်။

သို့မှ နောက်ဘက်ရှိ မြောင်ကျပ်လေးတစ်ခုနား ရောက်သွားသည်တွင်…

'အဲဒီတောင်ကြောပေါ် မြန်မြန်တက်လိုက်ချေ'

သို့ဆိုတော့ ဂျူးဂျူးတစ်ယောက် တောင်ကြောပေါ် ခိုတွယ်တက်လိုက်ချေ၏။ စောတာလူးသည် နောက်မှလိုက်ခဲ့ချေပြီး ခပ်လှမ်းလှမ်းသစ်ပင်ကြီးနောက်ကွယ်တွင်ရှိ ဦးသောင်းထွန်းနှင့် ဖိုးခွေးတို့ထံ လှမ်းကြည့်လိုက်ချေပြီး ထိုနေရာမှာပင် ဆိတ်ငြိမ်စွာ နေရန် အချက်ပြလိုက်ချေ၏။ ဦးသောင်းထွန်းကတော့ဖြင့် သူ့အကြည့်အဓိပ္ပာယ်ကို သိချင်မှသိမည်။ ဖိုးခွေးကတော့ သိလေသည်။ သို့ကြောင့် ဖိုးခွေးကတစ်ဆင့် ဦးသောင်းထွန်းကို ဆိတ်ငြိမ်ပုန်းကွယ်နေရန် တစ်ဆင့်ပြန်ပြောလိုက်ချေ၏။

"ဘာများတုံး ဖထီရဲ့၊ ပြောပါဦး"

မတ်စောက်သော တောင်ကြောလေးပေါ် ရောက်သွားသည်နှင့် သူ့အရင်ရောက်နှင့်နေသော ဂျူးဂျူးက သို့ဆိုသလို မေးလေတော့၏။

စောတာလူးက ဂျူးဂျူးတစ်ယောက်ကို ပြန်ပြောလာခြင်း မရှိလေဘဲ သူ့အင်္ကျီအိတ်တွင်းရှိ ဆေးလိပ်တို့သည်လည်း ဝါးဆစ်ပိုင်းလေးကို ရှာလိုက်ချေ၏။

ဂျူးဂျူးက စောတာလူး ဘာလုပ်နေသည်ကို စိတ်ဝင်တစား ကြည့်နေချေ၏။

စောတာလူးကတော့ ဝါးဆစ်ပိုင်းလေးအတွင်း ထည့်ထားသည့် ဆေးပေါ့လိပ်အတိုကို ထုတ်လိုက်ချေပြီး ဆေးလိပ်တိုကို အင်္ကျီအိတ်ကပ်တွင် ပြန်ထည့်လိုက်၏။ ဝါးဆစ်ပိုင်းကလေးကိုမူ သူ၏ပါးစပ်နှုတ်ခမ်းဝတွင် ဝါးဆစ်ပိုင်းအပေါက်ဝကို ကပ်လိုက်ချေပြီး မှုတ်လိုက်ချေတော့၏။

"ဖူး..."

"ဖူး..."

"ဖူး..."

သို့ဆိုသလို အသံထွက်လာချေတော့၏။ သို့အသံထွက်လာသည်နှင့် ခင်တန်းလေးအတွင်းမှ သတ္တဝါကောင်သည် ရုတ်ခြည်းဆိုသလို ဝါးရှန်းသုန်းကား အော်ဟစ်ပြေးသွားချေတော့၏။

"ရူး..."

"ရူး..."

'ဝူး…'

အလိုလေးလေး… တောဆင်ရိုင်းကောင်ကြီးပါကလား။ ဝါးဆစ်ပိုင်းမှုတ်သံကြောင့် ကြောက်လန့်တကြားပြေးသွားလေခြင်း ဖြစ်တော့၏။

သည်တော့မှ ဂျူးဂျူး သဘောပေါက်သွားချေတော့၏။ သားကောင်ငယ်ထင်ပြီး သူတို့နှစ်ယောက် ချောင်းမြောင်းသွားကြ၏။ တကယ်တော့ တောဆင်ရိုင်းကောင် ဖြစ်နေပါကောလား။

'တောဆင်ရိုင်းကောင်တွေက အကောင်ကြီးသလောက် ခြေသံလုံတယ်ဆိုတာ ညည်း သိပြီလား'

သို့ စောတာလူးက ဂျူးဂျူးကို မေးလိုက်ချေတော့၏။

'ချီးကျူးပါတယ် ဖထီး၊ ကျွန်မက တောဆင်ရိုင်းကောင် ရယ်လို့ လုံးဝထင်ထားမှာ မဟုတ်ဘူး၊ အနားကပ်ပစ်ဖို့ကြိုးစားမှာပဲ၊ ဖထီး ဘယ်လိုလုပ် ရိပ်မိတာတုံး'

သို့ဆိုတော့ စောတာလူးက ဂျူးဂျူးကို ပြုံး၍ကြည့်လိုက်ချေပြီး…

'ငါ့မိတ်ဆွေ ဆရာလေးတွေရဲ့ အတွေ့အကြုံကို ကြားဖူးလို့ ခုလည်း ငါ သတ်ာမကင်းဖြစ်တာနဲ့ ရှေ့က အလျင်သွားချောင်းတာပေါ့၊ နို့ကြောင့် ညည်းတို့ကို နေခဲ့ဖို့ပြောတာ'

'ကျွန်မ တောင်းပန်ပါတယ် ဖထီး၊ တကယ်လည်း ကျွန်မ အတွေ့အကြုံ ဘာမှမရှိပါဘူး'

သို့ ဂျူးဂျူးဝန်ခံလာတော့သည်။ စောဦးပိုင်းက သူ့အပေါ် ဆရာလုပ်ပြောဆိုနေသည့် ကလေးမလေးဂျူးဂျူးကို နားလည်ခွင့်လွှတ်ပြီးဖြစ်ချေတော့သည်။

'ကဲ… ဆင်ကောင်လည်း ပြေးပြီ၊ ခရီးဆက်ကြစို့'

သို့ဆိုလျက် စောတာလူးသည် တောင်ကြောပေါ်မှ ပြန်ဆင်းလိုက်ချေတော့၏။

သို့မှ သူတို့သည် ဦးသောင်းထွန်းနှင့် ဖိုးခွေးရှိရာ အပင်ကြီးသို့ သွားလိုက်ကြကာ သို့မှတစ်ဆင့် ခရီးဆက်ခဲ့ကြချေတော့သည်။

အတန်ကြာလျှောက်ခဲ့ကြပြီးသည်တွင် ဂျူးဂျူးတစ်ယောက် ဆာလောင်နေပြီပြောသဖြင့် ခြေခင်းလက်ခင်းသာသည့် နေရာလေးတစ်ခုတွင် နားလိုက်ကြချေပြီး ဖထီးဖညက်ပေးလိုက်သည့် ကောက်ညှင်းနှင့် ဆတ်သားခြောက်ဆီဆမ်းကို စားလိုက်ကြတော့၏။

စားသောက်ကြပြီးနောက် နားနေလိုက်ကြပြန်၏။ ပြီးတော့မှ ခရီးဆက်ခဲ့ကြပြန်တော့သည်။

ရှေ့ခရီးတွင်မတော့ အောက်ပေါင်းရှင်းသော တောဖြစ်ချေသဖြင့် အဆင်ပြေသည်ဟု ပြောရချိမ့်မည်။ သို့မှ…

ဝါးပိုးဝါးတောသို့ ရောက်ခဲ့ကြပြန်၏။

ဝါးပိုးရုံတို့ ခပ်စိတ်စိတ်ရှိချေ၏။ တစ်ပင်တိုင်ဝါးတို့လည်း ရှိသည်ဆိုငြား ခပ်ကျဲကျဲသာဖြစ်ချေ၏။

သို့မှ…

'ဟိုမယ် တွေ့လား'

စောတာလူးက သူ့နောက်ကပ်ပါလာသည့် ဂျူးဂျူးကို ပြောရင်း လက်ညှနိပြလိုက်၏။ ဂျူးဂျူး လှမ်းကြည့်လိုက်၏။ အတန်ကြာ စေ့စေ့ကြည့်လေပြီးမှ…

'တွေ့တယ်၊ အမကောင်ထင်တယ်'

'ဟုတ်တယ်၊ ဘာလို့လဲ… ပစ်လို့ရပါတယ်နော်'

သို့ဆိုသလို စောတာလူးက ဂျူးဂျူးကို ပြုံးစိစိလုပ်မေးလိုက်ချေ၏။ အမဖြစ်သည်။

'ဓါးမရှိလျှင် လှမ်းပစ်လို့ရပါတယ် ဖထီရယ်၊ ဖထီက ကျွန်မကို သက်သက်ရိနေတာလား'

'အင်း… အင်း… အဲလိုမဟုတ်ပါဘူး၊ ကဲ… ကဲ… ညည်း ပစ်ချေစမ်း'

'ဖထီက ဘာလို့မပစ်လဲ'

'ညည်းကို ပစ်စေချင်လို့ပေါ့'

'ဟင်း.. ဟင်း.. ဟင်း… ကျွန်မ သိပါပြီ၊ ကျွန်မကို ပညာစမ်းတာပေါ့'

'အဲလိုပြောလို့လည်း မရဘူးလား'

'ဟင်း… ဟင်း… ရပါတယ် ဖထီရယ်၊ သည်လိုပဲပေါ့၊ အပြောကြီးတဲ့သူကို လက်တွေ့စမ်းသပ်ကြည့်တာက တရားနည်းလမ်းကျပါတယ်၊ ကောင်းပြီလေ… ကျွန်မ ပစ်မယ်'

သို့ဆိုလျက် ဂျူးဂျူးသည် သူလှမ်းပစ်လိုသော ချေကောင်ထံသို့ သေနတ်ဖြင့် လှမ်းချိန်လိုက်ချေ၏။

သူမ မုဆိုးဒူးထောက်ထိုင်ရင်း ပစ်မှတ်ချိန်နေသည်ကို ကြည့်ရင်း စောတာလူးတစ်ယောက် သူမကို သေနတ်သမားကောင်းတစ်ယောက်ဖြစ်နိုင်သည်ကို ရိပ်မိလိုက်ချေတော့၏။

သေနတ်ကိုင်သည့်လက်သည် စည်းစနစ်ကျလွန်းချေ၏။

အသေအချာ လှေလာဆည်းပူးထားပုံပင်။

သို့မှ စောတာလူးသည် ဂျူးဂျူးထံမှ သေနတ်သံပေါ် ထွက်လာမည်ကို စောင့်မျှော်ငေးမောကြည့်နေဆဲမှာ…

'ဖထီ အဲဒီချေကောင်ကို ခဲနဲ့လှမ်းပစ်ခြောက်လှန့်ထုတ် လိုက်ပါတော့'

'ဟင်… ဘာ… ဘယ်လိုဖြစ်သွားပြန်တာလဲ'

ဂျူးဂျူး ဘာစိတ်ကူးဝင်သွားသည် မသိ။ သူမ ပြော သလို ချေမပေမင့် ပစ်သင့်ပစ်ထိုက်သော သားကောင်ပေပဲ။

ခုတော့ ဘာလို့ ခြောက်လှန့်မောင်းထုတ်ပစ်ချင်ရတာ ပါလိမ့်၊ နားမလည်နိုင်ပါပဲလား။

သို့ကြောင့် ဂျူးဂျူးကို စောတာလူး အံ့ဩတကြီးကြည့် နေမိ၏။

'ဖထီ လုပ်လိုက်စမ်းပါ၊ ခပ်မြန်မြန်'

'ဟင်…'

သို့ဆိုတော့ စောတာလူးတစ်ယောက် သက်ပြင်းရှည်ကြီး ကိုချလိုက်ကာ အနားရှိ ခဲတစ်လုံးကိုကောက်ယူ၍ ခြောက်လှန့် ပစ်လိုက်ခြင်းဖြစ်သည်ကြောင့် ထိုချေကောင်သည် ခဲကျသံကြောင့် တုန်လှုပ်သွားလေပြီး ရုတ်ခြည်းဆိုသလို ထိုနေရာလေးမှ ကဆုန် ပေါက် ပြေးထွက်သွားချေတော့သည်။

'ဒိန်း…'

'ဟာ…'

သူ ဂျူးဂျူးကို နားမလည်နိုင်အောင်ဖြစ်မိချေတော့၏။

ခြောက်လှန့်ပစ်နိုင်းခြင်းအတွက် သို့ခြောက်လှန့်ထုတ်ခြင်း မဟုတ်ပါကလား။ တကယ်တော့ ဂျူးဂျူးက သူ့အား ပညာပြလေခြင်းဖြစ်တော့သည်။

ပစ်မှတ်ငြိမ်ကို သူ မပစ်။ လှုပ်ရှားနေသော သားကောင်ကို Snap Shot ပစ်လိုက်လေခြင်းဖြစ်တော့၏။

လက်မှန်းတည့်ပါပေ့၊ ချေမကောင် ဝေးဝေးသို့မရောက်လိုက်ချေ။ ခွေလဲသွားချေရသည်။

"ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…"

ဖောတာလူးနှင့် ဖိုးခွေးတို့သည် သို့ဆိုသလို လက်ခုပ်ဖြိုင်တူတီး ချီးကျူးလိုက်ကြတော့၏။

"ထင်တောင် မထင်ထားပါဘူး၊ တော်လိုက်တာ"

စောတာလူးက သို့နှုယ်ချီးမွမ်းလိုက်ချေပြီး ဖိုးခွေးကိုမျက်ရိပ်ပြ၍ ချေမတစ်ကောင် လဲကျရာသို့ သွားလိုက်ချေတော့၏။

စောတာလူးနှင့် ဖိုးခွေး ချေမကောင်ကို ထမ်းပိုးရန်အလို့ငှာ ဝါးလုံးတစ်လုံး ခုတ်လိုက်ချေ၏။ ပြီးနောက် လျှော်ပင်တွေတွေ့သဖြင့် လျှော်ကြိုးလုပ်ရန် အခေါက်ကို ခွာလိုက်၏။

မကြာလိုက်သောအချိန်ကလေးတွင် ချေကောင်၏ ခြေလက်အစုံကို ပူး၍ လျှော်ကြိုးဖြင့်ချည်လိုက်ပြီးဖြစ်တော့၏။ ထမ်းပိုးရန်အတွက်လည်း အရှည် ၆ ပေရှိ မျှင်ဝါးလုံးကိုလည်း ခုတ်ပိုင်းပြီးဖြစ်ချေတော့၏။

"သည်မှာပဲ အသားဖျက်လျှင် မကောင်းပေဘူးလား"

ဦးသောင်းထွန်း သူတို့ အနားရောက်ကာ သို့ဆိုသလို ပြောလာချေ၏။

'ကတွတ်မြောင် မဝေးလောက်တော့ဘူးဆိုတော့ သည်အတိုင်းပဲ ထမ်းပိုးသွားတာပေါ့၊ ဟိုကျတော့မှ အေးအေးလူလူ အသားဖျက်တာပေါ့'

သို့ဆိုသလို စောတာလူးက ပြောလိုက်ချေတော့၏။

'နို့ဖြင့်လည်း ကျုပ်လည်း ကူထမ်းပိုးပါမယ်'

သို့ဆိုသလို ဦးသောင်းထွန်းက ပြောလာသေး၏။

'ရပါတယ်၊ ငါတို့ထွက် ဘာမှမပင်ပန်းလောက်ပါဘူး၊ ကဲ… ဖိုးခွေး၊ မင်း ရှေ့ကထမ်းချေကွာ'

သို့ဖြင့် သူတို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်တော့၏။

ထိုနေရာမှ ကတွတ်မြောင်ခရီး မဝေးလောက်ဆိုပေမင့် ထမ်းပိုးစရာပါလာသည်ကြောင့် ဖြည်းလေးစွာ လျှောက်ခဲ့ကြခြင်းကြောင့် နေ့လယ်ခင်း ရောက်မည့်ခရီးသည် ညနေခင်းလေးတွင် ရောက်သွားကြချေတော့၏။

'ရှေ့ကတာ ကတွတ်မြောင်ဝပဲ၊ ခင်ဗျားတို့ ဘယ်မှာ စခန်းချတာတုံး'

စောတာလူးက သို့ဆိုသလို ဦးသောင်းထွန်းတို့ကို မေးလိုက်တော့၏။

'ကတွတ်မြောင်တောင်ကြောလေးပေါ်မှာ'

'နို့ဆိုလျှင်ဖြင့် ငါတို့ မြောင်ထဲကသွားတာ ကောင်းမလား၊

တောင်ကြောပေါ်ကသွားတာ ကောင်းလေမလား'

သို့ဆိုသလို စောတာလူးက မေးလေ၏။

'ကတွတ်မြောင်က ကျဉ်းတယ်၊ မြောင်က မတ်စောက်တယ်၊ နို့ကြောင့် တောင်ကြောပေါ်ကသွားတာ ကောင်းတယ်၊ တောင်ကြောတစ်ဖက်မှာတော့ နည်းနည်းချုံပုတ်နွယ်ပင်တွေ ရှုပ်တာပဲရှိတယ်၊ အဆင်ပြေပါတယ်'

သို့ဆိုတော့ စောတာလူးသည် မြောင်ပေါက်ဝ တောင်ကြောစွယ်လေးထိပ်တွင် ခေတ္တမျှ နားနေလိုက်ချေပြီး…

'သည်ကြောအတိုင်း တက်သွားလျှင်ဖြင့် စခန်းအထိ သွားလို့ရသလား'

သို့ စောတာလူးက သေချာရန် မေးလိုက်ပြန်၏။

'အင်း… တောင်ကြောမကြီးအပေါ်ရောက်လျှင်ဖြင့် အောက်ဘက်နည်းနည်းလောက် စုန်ဆင်းလိုက်လျှင် စခန်းနေရာကို ရောက်ပြီ'

'နို့ဖြင့် ခင်ဗျားတို့တူအရီး အရင်သွားနှင့်ကြပါ၊ ငါတို့နှစ်ယောက် နောက်ကနေ တဖြည်းဖြည်းလိုက်လာခဲ့မယ်၊ ဟုတ်လား'

သို့ဆိုတော့ ဦးသောင်းထွန်းက သူ၏တူမဖြစ်သူ ဂျူးဂျူးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ချေ၏။

သူတို့ပြောသလို လုပ်မလားရယ်လို့ ဖြစ်ချေ၏။

ဂျူးဂျူးက ခေါင်းညိတ်ပြလိုက်၏။

'သူတို့ပြောသလို ကျွန်မတို့ သွားကြတာပေါ့' ဟူသည့်

အဓိပ္ပာယ်ဖြစ်ချေ၏။ သို့ဆိုတော့…

'ဟုတ်ပြီလေ… ငါတို့ သွားနှင့်မယ်၊ ဟိုမယ် လိုအပ်တာတွေ စီစဉ်ထားလိုက်ပါမယ်'

ဦးသောင်းထွန်းက သို့ပြောလျက် ရှေ့မှဦးဆောင် တောင်ကြောစွယ်လေးအပေါ် တက်သွားလေတော့၏။

'ကျွန်တော်တို့တွေ သည်ချောကောင်ယူပြီး တစ်နေရာ ထွက်သွားမှာကို သူတို့မစိုးရိမ်ဘူးလား မသိဘူး'

သို့ဆိုသလို ဖိုးခွေးက စောတာလူးကို ပြုံးစိစိမျက်နှာပေးဖြင့် ပြောလိုက်ချေတော့၏။

'အင်း… ဟိုလူ ကြည့်စမ်း၊ အဲလိုထင်နေပုံပဲ၊ နို့ပေမင့် ဂျူးဂျူးကြည့်ရတာ လူတစ်ယောက်အပေါ် တလေးတစားဆက်ဆံတတ်ပုံပဲ၊ အင်မတန်တော်တယ် ပြောရမှာပေါ့'

'ဖထီကလည်း အဲလို ဘာကြောင့်ထင်ရတာလဲ'

'ဟကောင်ရ… မင်း မေ့နေပြီလား၊ ဝက်ကောင်ကို ငါတို့တွက်ဆိုပြီး ပစ်ပေးခဲ့တာလေ'

သို့ဆိုလေတော့မှ ဖိုးခွေးတစ်ယောက် သူ အတွေးချော်သွားမှန်း သိလိုက်ချေတော့၏။

စောတာလူးနှင့် ဖိုးခွေးသည် တောင်ကြောစွယ်ထိပ်တွင် နားနေလိုက်ကြပြီး အတော်ကြာတွင် ချောကောင်သေကို တုတ်လျှိုထမ်းပိုး၍ တောင်ကြောစွယ်လေးပေါ် တက်လိုက်ကြ၏။ တောင်ကြောစွယ်လေးအတိုင်း တောတိုးလျှောက်ခဲ့ကြတော့၏။ တောင်ကြောလေးသည် တဖြည်းဖြည်း ဆင်ခြေလျှောလို မြင့်တက်သွားပေ

မင့် သူတို့ မသိသာချေ။ မြေပြန့်တွင် လျှောက်နေကြသည်ဟု ထင်ရချေ၏။

တောင်ကြောစွယ်လေးလျှောက်လမ်းနေရာတွင် အောက်ပေါင်းရှင်းသလောက် အထက်ကို တဖြည်းဖြည်းမြင့်တက်သွားသည်တွင်မတော့ အောက်ပေါင်းရှုပ်သည်ဟု ပြောရချိမ့်မည်။ သို့မှ ချုံပုတ်နွယ်ပင်တို့ထူထပ်သော တောင်ကြောအထက်တွင်မတော့ သူတို့ ခက်ခက်ခဲခဲ တောတိုးခဲ့ရချေတော့၏။

သို့ပေမင့်လည်း သွားလာနေကျ မုဆိုးများဖြစ်ခြင်းကြောင့် တောင်ကြောမကြီးပေါ်သို့ ရောက်သွားကြတော့၏။

'ဖူး…'

'ဖူး…'

စောတာလူးရော ဖိုးခွေးပါ တောင်ကြောမကြီးပေါ် ရောက်သည်တွင် ခြေပစ်လက်ပစ် နားလိုက်ကြဖြစ်၏။

နားနေရင်း တောင်ကြောမအထက်ကို လှမ်းကြည့်လိုက်ချေ၏။

ရှင်းလို့နေပေမင့် ဝါးသုန်းပင်နှင့် မြက်ရိုင်းပင်တို့ကြောင့် အောက်ခြေကို မမြင်ရချေ။

ကျိုးတိုးကျဲတဲသစ်ပင်ကြီးတို့ ရှိချေ၏။ ကျွန်းပင်များ အများအပြားရှိသည်ဟု ပြောရချိမ့်မည်။

'ငါတို့ အောက်ဘက်ကို စုန်ဆင်းရလိမ့်မယ်'

အတန်ကြာနားနေပြီးနောက် စောတာလူးက ဖိုးခွေးကို ကြည့်လိုက်ကာ…

'ငါတို့သွားသင့်ပြီ၊ သူတို့ မျှော်နေလိမ့်မယ်'

သို့မှ စောတာလူးနှင့် ဖိုးခွေးသည် ချောကောင်သေကို ထမ်းပိုး ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်တော့၏။

သို့ လျှောက်ခဲ့သည်ဆိုရာတွင် ဝါးသုန်းတောကို ဖြတ်လျှောက်ခဲ့ကြခြင်းဖြစ်ချေ၏။

အောက်ခြေကိုတော့မှု မမြင်ရချေ။ စမ်းတဝါးဝါး လျှောက်ခဲ့ကြရခြင်းဖြစ်ချေတော့၏။

သို့မှ ဝါးသုန်းထူထူထပ်ထပ်မှလွန်၍ ခပ်ကျဲကျဲဝါးသုန်းပင်တို့နေရာရောက်သည်တွင်မတော့ စခန်းတဲတစ်ခုကို လှမ်းတွေ့လိုက်ကြတော့၏။

သူတို့ ဖြတ်လျှောက်ခဲ့သည့် တောင်ကြောစွယ် ခပ်လှမ်းလှမ်း ညာဘက်ခြမ်း တောင်ကြောစပ်တွင်ရှိနေသည့် ပတ်ဝန်းကျင်တွင်မတော့ ရှင်းလင်းထားသည်ကြောင့် ရှင်းလင်းလို့နေချေတော့၏။

'ဟိုမယ် ဂျူးဂျူးမဟုတ်လား'

ထိုစခန်းတဲနံဘေး မြေကွက်လပ်တွင် ဂျူးဂျူးကိုတွေ့လိုက်သဖြင့် သို့ဆိုသလို ဖိုးခွေးက ပြောလိုက်ခြင်းဖြစ်၏။

ဦးသောင်းထွန်းကိုတော့မှု မတွေ့ပါချေ။

ဂျူးဂျူးတစ်ယောက် ဘာတွေအလုပ်ရှုပ်နေသည် မသိပါချေ။

'ရှစ်... ရှီးလ်...'

သို့မှသည် သူတို့ ဦးခေါင်းထက်မှ ငှက်ဆိုးတစ်ကောင် ဖြတ်ပျံသန်းသွားရင်း အော်ဟစ်သွားလေ၏။

'သည်ကောင်ကွာ'

'ဒိန်း…'

သို့ဆိုသလို ဖိုးခွေးက ထိုငှက်ဆိုးကောင်ကို မကျေမနပ် မြည်တမ်းလို့မှမဆုံး သို့ဆိုသလို သေနတ်သံကြားလိုက်ရသလို သူတို့ခေါင်းထက်မှ ဖြတ်ပျံသန်းသွားသော ငှက်ဆိုးကောင်သည် ကောင်းကင်ထက်မှ မြေပြင်သို့ ထိုးကျသွားသည်ကို တွေ့လိုက်ချေတော့၏။

ဘုရားရေ… ကောင်းကင်ယံတွင် ဖြတ်ပျံသွားသော ငှက်ဆိုးကောင်သည် ဂျူးဂျူးတို့တဲနားရောက်သည်တွင် သို့ဆိုသလို သေနတ်သံနှင့်အတူ မြေပြင်သို့ ချာလပတ်လည်ခါယမ်းသွားသည် ကြောင့် နှစ်ယောက်သား အံ့ဩမှင်တက်သွားမိကြချေတော့၏။

ဂျူးဂျူးကို လှော့တွက်တော့ဖြင့် ရလိမ့်မည်မဟုတ်။

ဘယ်လိုမိန်းကလေးပါလိမ့်။

ပစ်မှတ်ငြိမ်ကို ပစ်ခတ်ခြင်းသီဝ်မရှိ။ လျှပ်တစ်ပြက် Snap Shot ပစ်ခတ်ခြင်းဖြင့် သားကောင်နှစ်ကောင်ကို သူတို့ ရှေ့တွင်ပစ်ခဲ့ချေပြီပဲ။

တမင်ပင် သူတို့ကို ပညာပြနေသည်လား၊ တိုက်ဆိုင်သည် လား မသိပါချေ။

သို့ဆိုတော့ စောတာလူးစိတ်တွင်း မှတ်လိုက်သည်မှာ ဂျူးဂျူးသည် သူနှင့်ပြိုင်ဘက်မဟုတ်မှန်း သိသွားခြင်းပင်ဖြစ်ချေ တော့၏။

တကယ်တော့ ဂျူးဂျူး၏ပြိုင်ဘက်သည် သူ၏မတ်ဆွေ

မုဆိုးကျော်နှစ်ယောက် ဖြစ်သည့် ကိုလင်း၊ ကိုပိုက်တို့သာ ဖြစ်သင့်ပေသည်ဟု တွက်ဆမိပြီဖြစ်ချေတော့၏။

'အင်း… လင်းမြင့်လှိုင်တို့နှင့် ဆုံသောအခါမှ' လို့ စောတာလူး မှတ်ထားလိုက်ချေတော့၏။

သို့ တွေးတောမိသည်နှင့် လင်းမြင့်လှိုင်နှင့် ကိုပိုက်တို့နှင့် မဆုံသည်မှာ အတော်ကြာပြီဖြစ်ကြောင်းလည်း သတိထားမိလိုက်လေတော့၏။

သို့မှသည့် စောတာလူးနှင့် ဖိုးခွေးသည် ချေကောင်ကို တနဲ့နဲ့ထမ်းပိုးသွားရာမှ ဂျူးဂျူးတို့၏ စခန်းတဲသို့ ရောက်သွားချေတော့၏။

ချေဖိုကောင်အသေကို မြေပြင်သို့ ပစ်ချလိုက်ပြီးသည်နှင့် စောတာလူးနှင့် ဖိုးခွေးသည်လည်း ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြချေတော့၏။

'အတော်ပင်ပန်းနေကြပြီပဲ၊ ကဲ… ကဲ… ရော… သောက်လိုက်ပါဦး'

သို့ဆိုလျက် ဂျူးဂျူးသည် အနားရောက်လာကာ ဝါးခွက်နှစ်ခွက်ကို ကမ်းပေးလာချေတော့၏။

'ဘာတုံး'

'ဆားခပ်ထားတဲ့ အဖန်ရည်'

'ကျေးဇူးပဲ'

ဖိုးခွေးနှင့် စောတာလူးတို့ အဖန်ရည်ကို တရှိုက်မက်မက် မော့သောက်လိုက်ကြချေတော့၏။

ခပ်နွေးနွေးလေးဆိုလေတော့ အဆင်ပြေသေးတော့၏။

'ဖထီတို့ အေးအေးဆေးဆေးနားနေဦး၊ ကျွန်မ သည်ကောင်ကို တာဝန်ယူလိုက်ပါ့မယ်'

သို့ဆိုလျက် ဂျူးဂျူးသည် ဆတ်ဖိုကောင်အသေကို မြေမှ တရွတ်တိုက်ဆွဲသွားလေတော့၏။

'ဘာလုပ်မှာတုံး'

ဖိုးခွေးက မေးလိုက်၏။

'အသားဖျက်ပေးမလို့'

'အလိုလေးဗျာ...'

ဖိုးခွေးတစ်ယောက် အံ့အားသင့်သွားတော့၏။ စောတာလူးကိုလည်း စေ့စေ့ကြည့်လိုက်၏။

သူ အသားဖျက်တတ်ပါ့မလားပေါ့။

စော်တာလူးက ဂျူးဂျူးကိုကြည့်ပြီး...

'အားနာစရာကွာ၊ ငါ့ဘာသာ လုပ်လိုက်ပါ့မယ်'

ပြောလိုက်၏။

'အို... ဖထီက ကျွန်မကို အထင်သေးတာလား၊ ကျွန်မ ကောင်းကောင်းအရေဆုတ်တတ် အသားဖျက်တတ်ပါတယ်၊ အေးအေးလူလူ နားနေပါရှင်'

ဂျူးဂျူးက သို့ပြောပြီး သူ့လမ်းသူသွားတော့၏။

'အေးကွာ... နို့ဖြင့်လည်း ငါတို့ နားချေတာပေါ့'

'နားမယ်ဆို တဲပေါ်လာကြကွယ့်'

သူတို့နှင့် မဝေးလောက်သောနေရာမှ ဦးသော့င်းထွန်း

ပြောလာချေတော့၏။ သို့ဆိုတော့ စောတာလူးနှင့် ဖိုးခွေးသည် ဦးသောင်းထွန်းနှား သွားလိုက်ကြတော့၏။

'ဂျူးဂျူးက မိန်းကလေးနဲ့ကို မတူပါဘူးကွာ'

ဦးသောင်းထွန်းက သူ့နှား စောတာလူးနှင့် ဖိုးခွေးတို့ ရောက်လာသောအခါ သို့ဆိုသလိုပြောလာလေတော့၏။

'ကဲ… ကဲ… တဲပေါ်တက်နှားကြချေ၊ ငါ မီးပုံလုပ်ချေဦးမယ်'

'အာ… ရပါတယ်၊ ငါတို့ လုပ်ပါ့မယ်'

စောတာလူးက သို့ပြောပြီး ဦးသောင်းထွန်းနှင့်အတူ စခန်းဝန်းကျင်လေးတွင်ရှိ သစ်တုံး၊ သစ်ကိုင်းခြောက်တို့ကို စုဆောင်း၍ တဲရှေ့ကွက်လပ်တွင် ပုံလိုက်ချေတော့၏။

အတန်ကြာတွင် ထင်းပုံကြီးဖြစ်သွားချေတော့၏။ မီးရှို့ရန်လည်း အရံသင့်ဖြစ်နေချိန်တွင်မတော့ ဂျူးဂျူးတစ်ယောက် ချေကောင်ကို အရေဆုတ် ဗိုက်ခွဲ အူနုတ် အသားတုံးကြီးများတုံးတစ်ပြီးရုံမက တံစို့များထိုးပြီးဖြစ်ချေတော့၏။

စောတာလူးတစ်ယောက် ဂျူးဂျူးကို တအံ့တဩကြည့်နေမိချေတော့၏။

လက်ဖျားခါလောက်သူပါကလား။ လင်းမြင့်လှိုင်နှင့် ကိုပိုက်တို့သာ သူမကိုတွေ့လျှင် မည်သို့ပြောကြပေလိမ့်မည်နည်း။

သူမ၏စွမ်းရည်ကိုမြင်တော့ သူ့မိတ်ဆွေနှာရာသမားများဖြစ်သည့် လင်းမြင့်လှိုင်နှင့် ကိုပိုက်ကို တွေ့ချင်စိတ်တွေ ဝှားဖွားဖွား ပေါ်လာမိချေတော့သည်။

'ဖထီတို့ နားကြချေဦးလေ၊ တစ်ရေးတမော အိပ်လိုက်ပါဦး'

သို့ ဂျူးဂျူးကပြောသဖြင့် စောတာလူးသည်လည်း အလွန်တရာပင်ပန်းနေချေပြီဖြစ်သည်ကြောင့် စခန်းတဲသို့ သွားလိုက်ကြချေတော့၏။

စခန်းတဲပတ်လည် ဝါးတန်းတို့တွင် သစ်ခွပင်များ တွေ့ရချေတော့၏။ သစ်ခွမျိုးစုံသလောက်ပင်။ အင်း… သူမက မိန်းကလေးဆိုတော့လည်း ဘယ်လောက်ယောကျ်ားလေးဆန်ဆန် ပန်းကြိုက်လေသည်ပဲ။ မိန်းကလေးက မိန်းကလေးပေပဲကိုး။

သို့ဖြင့် စောတာလူးနှင့် ဖိုးခွေးသည် ဂျူးဂျူးတို့တဲရှေ့မျက်နှာစာကြမ်းခင်းတဲပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်ကြချေတော့၏။

ပင်ပန်းနေကြချေပြီဖြစ်သည်ကြောင့်လည်း မကြာလိုက်သောအချိန်လေးတွင် နှစ်ယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေတော့သည်။ ဟောက်လို့ပင် နေသေးတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ဖထီ… ဖထီ… ဖထီ…'

သို့အသံကြောင့် စောတာလူး နိုးထလာလေတော့၏။

ဂျူးဂျူး ဖြစ်ချေ၏။

အလိုလေးဗျာ… ဂျူးဂျူးမှ ဟုတ်ပါလေစဟု ထင်မိသေးတော့၏။ ခုတော့လည်း သနပ်ခါးပါးကွက်ကျားလေးနှင့်ပါကလား။

'ထမင်းစားလို့ရပြီ၊ ရေချိုးမယ်ဆိုလျှင် သွားချိုးကြဦးလေ'

သို့မှ စောတာလူး သတိထားမိ၏။ ပတ်ဝန်းကျင်တွင် အလင်းအားဖျော့နေတော့ပြီပဲ။ ညနေအတော်စောင်းသွားချေပြီပဲ။

သို့ဖြင့် ဖိုးခွေးကိုခေါ်၍ ချောင်းတွင် ရေသွားချိုးလိုက်ကြတော့၏။

ရေမိုးချိုးပြီးသည်နှင့် ဂျူးဂျူး စီစဉ်ထားသည့် ထမင်းစားပွဲကြီးနား ရောက်သွားကြတော့၏။

ထမင်းစားပွဲတွင် ဦးသောင်းထွန်းနှင့် ဂျူးဂျူးတို့သည် သူတို့နှစ်ယောက်ကို စောင့်နေကြချေ၏။

'လာကြကွာ၊ စားကြချေ'

စောတာလူးတစ်ယောက် စားပွဲဝိုင်းတွင်းရှိ ဟင်းပွဲအချို့ကိုအကဲခတ်ကြည့်လိုက်ချေ၏။ ချေသားနှပ်ဟင်း ပါ၏။ ဝါးရောင်းရွက်ကို အချဉ်ဟင်း ချက်ထား၏။

'တယ်ဟုတ်ပါကလား၊ ချက်ပြုတ်ဖို့ ပစ္စည်းပစ္စယနဲ့ အိုးခွက်တွေပါ တစ်ခါတည်းသယ်လာကြတာလား'

စောတာလူး ထင်ထားသည်မှာ ရလာသောချေကောင်ကို မီးကင်စားကြရုံဟု ထင်ထား၏။ ယခုလို ထမင်းပွဲဖြင့် စားရလိမ့်မည်ဟု သူ မထင်ထားသဖြင့် သို့မေးလိုက်ခြင်းဖြစ်၏။

'နို့ကတော့ ဖထီဖညက် စီစဉ်ပေးထားတာလေ'

ဂျူးဂျူးက ပြောလေ၏။

'အိမ်မှာလိုတော့ အကျအန စီမံချက်ပြုတ်မပေးနိုင်တာကိုတော့ နားလည်ကြမယ်လို့ ထင်ပါတယ်'

ဦးသောင်းထွန်းကလည်း သို့ဆိုသလို ပြောလာချေ၏။

"အို…သည်လောက်နဲ့တင် အတော်ကလေးကိုလုံလောက်နေပါပြီကွ၊ ကျေးဇူးလည်း အများကြီးတင်တယ်ကွာ၊ ကဲ… ဖိုးချေးစားတော့၊ မင်းမမလေးလက်ရာ ကောင်းမှာပါကွာ"

စောတာလူးက သို့ဆိုသလိုပြောပြီး ချေသားဟင်းကိုစတင်နှိုက်လိုက်ချေ၏။

မြည်းစမ်းလိုက်ချေ၏။

ဘုရားရေ… အချက်အပြုတ်ကောင်းလှပါကလား။

"သိပ်ကောင်းတယ်၊ ဂျူးဂျူးလက်ရာပေါ့"

"ဟင်း… ဟင်း… ဟင်း… ဟင်း…"

စောတာလူးက သို့ပြောလိုက်သည်တွင် ဂျူးဂျူးက ရယ်သွမ်းသွေးလိုက်ချေပြီး…

"ဘယ်ဟုတ်ပါ့မလဲရှင်၊ ဦးလေးလက်ရာပါ"

သို့ဆိုတော့ စောတာလူးတစ်ယောက် ဦးသောင်းထွန်းကိုစေ့စေ့ကြည့်လိုက်ချေ၏။ ဦးသောင်းထွန်းက ဝန်ခံသည့်သဘောဖြင့်ပြုံးပြလာချေတော့၏။

ထင်မှတ်မထား။ သို့နှယ်ဟင်းလက်ရာကောင်းလွန်းသည်မှာ မိန်းမသားတစ်ယောက်ဖြစ်သည့် ဂျူးဂျူးလက်ရာဟု ထင်မိသည်လည်း သူ့တွက် မမှားချေ။ ယခုလို ဦးသောင်းထွန်း လက်ရာဆိုတော့ စောတာလူး အံ့ဩခြင်းမက အံ့ဩသွားရလေတော့၏။

ဘုရားရေ… အတော်လက်ရာကောင်းပါလား။

"နို့တောင်မှ သည်မယ် အမွှေးအကြိုင်တွေ စုံစုံလင်လင်

မရဘူး၊ ချင်းနဲ့ ကြက်သွန်ဖြူ နီပဲ ရှိတာ၊ မဆလာလည်း မရှိဘူး၊ ဖြစ်သလို ချက်ထားရတာပါ၊ တကယ်ရော ကောင်းလို့လားရှင်၊ သက်သက်မဲ့ မြှောက်ပြောတာများလား၊ ဟင်း… ဟင်း… ဟင်း…'

သို့ဆိုသလို ဂျူးဂျူးက ပြောလာလေ၏။

'အလိုလေးဗျာ… တကယ်ပြောတာပါ၊ ဘုရားစူးပါရစေ၊ သည်လက်ရာကောင်းစားလိုက်ရတာ တောတောင်ထဲမယ်၊ ပြီးတော့ အသားမီးကင်တွေနဲ့သာ စားသောက်နေရတာ သိပ်သဘောကျနေတဲ့ ငါ့မိတ်ဆွေမုဆိုးနှစ်ယောက်သာဆိုလျှင် ဘယ်လောက်တောင် သဘောကျလိမ့်မလဲ မသိဘူး'

သို့ဆိုသလို စောတာလူးက ပြောလေသည်တွင်…

'ဘာလဲ… ဖထီက မိတ်ဆွေကောင်းတွေဖြစ်တဲ့ လင်းမြင့်လှိုင်နဲ့ ကိုပိုက်ကို သတိရနေတာပေါ့'

သို့ ဂျူးဂျူးက ပြောလေသည်တွင်…

'ဟင်… မင်း သူတို့ကို သိလား'

တအံ့တသြ မေးလိုက်၏။

'သည်တော့ သည်တောင်မယ် သည်လောက်နာမည်ကြီးနေတဲ့ မုဆိုးနှစ်ယောက်ကို မသိလျှင်ဖြင့်လည်း အလွန်ခေတ်နောက်ကျနေပြီး ညံ့ဖျင်းသလိုဖြစ်သွားတော့မပေါ့ရှင်၊ ဟင်း… ဟင်း… ကျွန်မလည်း သူတို့နဲ့ဆုံချင်ပါသေးတယ်'

သို့ဆိုတော့ ဖိုးခွေးက သူတို့ကို စေ့စေ့ကြည့်လိုက်ချေပြီး…

'ကျွန်တော်ကတော့ မမလေး သူတို့နဲ့ ဆုံပေးသင့်တယ်လို့ ထင်တယ်'

ပြောလေ၏။

'ဟုတ်ပါ့ရှင်၊ ကျွန်မ သိပ်မျှော်လင့်ပါတယ်'

သို့ ဂျူးဂျူးက စိတ်ဝင်တစားပြောလာချေတော့၏။

'အင်းလေ… မင်းနဲ့ သူတို့ ဆုံမိလျှင်လည်း နှစ်ဦးနှစ်ယောက်အတွက် ကောင်းနိုင်ပါတယ်'

'ရှိဖြင့်လည်း ဆုံပေးစမ်းပါရှင်၊ ကျွန်မတော့ လင်းမြင့်လှိုင်ကို ပိုပြီးတွေ့ချင်တာပါရှင်'

သို့ ဂျူးဂျူးက ပြုံးပျော်ရွှင်မျက်နှာဖြင့် ပြောလာလေတော့၏။

'အင်း… ကိုလင်းတော့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေပြီပဲ၊ ဟုတ်တယ်ဟာ၊ ကိုလင်းနဲ့ ကိုပိုက်ဆို ကိုလင်းကိုပိုပြီး နှစ်ခြိုက်ကြတဲ့သူတွေချည်း ငါတို့ တွေ့နေရတာပဲကွာ'

'ဪ… နို့ကတော့ သူ့ရဲ့ သွားတက်ကလေးပေါ်ရဲ့ ပြုံးတဲ့ အပြုံးကြောင့် ဖြစ်ပါလိမ့်မယ်'

သို့ ဂျူးဂျူးက ပြောလေ၏။

'တူမကြီးကလည်း အဲလိုပဲမဟုတ်လား'

ဦးသောင်းထွန်းက ဝင်ပြောလေသည်တွင် ဂျူးဂျူးတစ်ယောက် ရှက်သွေးဖြာသွားချေတော့သည်ကို စောတာလူး ရိပ်မိလိုက်ချေတော့၏။

သို့မှသည် စောတာလူးတို့သည် ထမင်းကို မြိန်ရေရှက်ရေ

စားလိုက်ကြပြီးနောက် အဖန်ရည်သောက် စကားစမြည်ပြောနေကြ တော့၏။ ပြီးလေမှ…

'သည်ထဲမယ် ဂျူးဂျူးတူအရီး လွတ်လွတ်လပ်လပ်အိပ် ပါ၊ ငါတို့ကတော့ မီးပုံဘေးနားသွားပြီး ထိုင်လျက်ငိုက်မျဉ်းကြရုံနဲ့ ရပါတယ်'

'အို… မဟုတ်တာ၊ ဖထီတို့က ဧည့်သည်ပဲ၊ တဲပေါ် နားအိပ်ကြပါ'

'ဘယ်ဖြစ်မလဲ၊ ညည်းတို့အိပ်ပါ'

သို့ စောတာလူးက ပြောသည် ဘာဆိုလိုခြင်းကို သိလိုက် သော ဂျူးဂျူးက…

'ခစ်… ခစ်… ခစ်… ခစ်… ဘာလဲ… ဖထီက ကျွန်မ မိန်းမသားတစ်ယောက် ရှိနေတာကြောင့် တူစာူအိပ်လို့မဖြစ် ဘူး ဆိုလိုချင်တာလား'

'မဟုတ်လို့လား ဂျူးဂျူးရယ်၊ မသင့်တော်ပါဘူး'

'အင်း… ခုလိုအလိုက်သိတာ ကျေးဇူးတင်ပါတယ် ဖထီ၊ ဖထီတို့ ဦးလေးနဲ့ သည်တဲမှာအိပ်ပါ၊ ကျွန်မတွက် အိပ်စရာ နေရာရှိပါတယ်'

သို့ဆိုတော့ စောတာလူးက ဂျူးဂျူးကို တအံ့တသြကြည့် လိုက်ချေ၏။ သူ ဘယ်သွားအိပ်မလို့ပါလိမ့်။ သည်နားတစ်ဝိုက် သည် တဲတစ်လုံးသာ ရှိနေသည်ကို စောတာလူး သိပြီးဖြစ်၏။

သူတို့နှင့် ရှိနေပါသည်ဆိုသည့် အဖော်နှစ်ဦးက ခပ်လှမ်း လှမ်းနေရာလေးတွင် မြေနိမ့်တဲပဟုခေါ်ရမည့် လေးတိုင်ဝါးပတ်လည်

သစ်ရွက်သစ်ခက်များ ကာထားချေပြီး အမိုးကို ငှက်ပျောရွက်တို့ဖြင့် မိုးထားသောနေရာတွင်ရှိသည့် သူတို့နှစ်ယောက်မှာလည်း အိပ်လို့ ရသည်တော့ မဟုတ်။ သို့ဆိုတော့ စောတာလူး စဉ်းစားရခက်ချေ ပြီဖြစ်သည်ကြောင့် ဘာမှမပြောနိုင်ဘဲ ဆွံ့အသလိုဖြစ်နေခြင်းဖြစ်၏။

'ဖထီ ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်မက ဟိုသစ်ပင်ကြီးပေါ် မယ် တက်အိပ်မှာပါ၊ နဂိုကတည်းက ကျွန်မအိပ်ရာလေ'

အလိုလေးဗျာ… သို့မှ စောတာလူး သဘောပေါက်လိုက် ချေတော့၏။ တဲနှင့် ခပ်လှမ်းလှမ်းတွင် ပျဉ်းမရွက်ကြီးတစ်ပင် ရှိချေ၏။ ထိုအပင်အထက် ခွဆုံသစ်ကိုင်းများထက်တွင် လင့်စင် လေးတစ်ခုရှိနေခြင်းကို ယခုမှ စောတာလူး ကြည့်မိချေတော့၏။

သို့ဆိုတော့မှ စောတာလူး သဘောပေါက်သွားရလေ၏။

သို့ဖြင့် ညဘက်တွင် စောတာလူး၊ ဖိုးခွေးနှင့် ဦးသောင်းထွန်း တို့သည် တဲပေါ်တွင် အိပ်လိုက်ကြတော့၏။ ဂျူးဂျူးတစ်ယောက် ညဦးအတော်နက်သည့်တိုင် စကားစမြည်ပြောရင်းမှ သူ့အိပ်စင် လင့်စင်ပေါ်တက်သွားလေတော့၏။

တစ်ချိန်လုံးပြောခဲ့ကြသည့်အချိန်လေးတွင် သူမ လင်းမြင့် လှိုင်နှင့် တွေ့ချင်သည့်အကြောင်းချည်းသာ အက်ကြောင်းထပ် ပြောနေချေတော့၏။ သည်ကလေးမ ရိုးမှ ရိုးပါ့စဟုပင် စောတာလူး ထင်မိ သေးတော့သည်။

သို့ဆိုတော့ စောတာလူးတစ်ယောက် သူ့ကို ဂျူးဂျူးတို့ တူအရီးနှစ်ယောက်က အရေးတယူဆက်ဆံလွန်းသည်ကို သိသယ ဖြစ်မိတော့၏။

သူတို့ကို ဆက်ဆံနေကြခြင်းက လင်းမြင့်လှိုင်နှင့်ဆုံလို၍သာ ဖြစ်နိုင်ပေသည်ဟု စောတာလူး တွက်မိချေတော့၏။

"ဘယ်လိုကြောင့်ပါလိမ့်"

အင်းလေ... သည်တော့ သည်တောင်တွင် လင်းမြင့်လှိုင်နှင့် ကိုပိုက်က နာမည်အတော်ကြီးသားကလား။ သို့ကြောင့်လည်း လူတိုင်းက လင်းမြင့်လှိုင်နှင့် ကိုပိုက်ကို ပါးစပ်ဖျားဖြစ်နေကြသည်ကိုး။ ဂျူးဂျူးသည်လည်း သို့ဖြစ်ချိမ့်မည်ဟု စောတာလူး တွက်လိုက်မိချေတော့၏။ သူတို့တူအရီး လင်းမြင့်လှိုင်နှင့် ဆုံချင်နေသည်မှာ သိသာပေပြီဖြစ်သည်။

သို့ဆိုတော့ စောတာလူးတစ်ယောက် စဉ်းစားမိ၏။ တွေ့ပေးလို့ ဖြစ်ပါ့မလား။ သူတို့စိတ်တွင်း ဘယ်လိုစိတ်ကူးတွေများ ရှိနေလို့ပါလိမ့်။ တခြားကိစ္စတော့ ဖြစ်နိုင်လိမ့်မည်မထင်။ နာမည်ဂုဏ်သတင်းကြီးသူတို့နှင့် ရင်းနှီးလို၍သာ ဖြစ်နိုင်ပေ၏လို့တော့ တွက်လိုက်မိသေးတော့၏။

"ဖထီး ကျွန်မတို့ကို သူတို့နဲ့ဆုံပေးဖို့ ကြိုးစားပေးပါနော်"

ဂျူးဂျူးတစ်ယောက် အိပ်တန်းမတက်မီ သို့ ပြောခဲ့သေးတော့၏။

သို့မှ စောတာလူးတစ်ယောက် စဉ်းစားရင်းမှ အိပ်ပျော်သွားလေတော့သည်။ ဖိုးချွေးကတော့မူ ခပ်စောစောပိုင်းကတည်းက အိပ်ပျော်နေပြီဖြစ်တော့၏။ နို့ ဦးသောင်းထွန်းတစ်ယောက် ယောက်လှိမ့်ပင်နေသေးတော့၏။ စောတာလူး မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ဖထီ… ဖထီ… ထ… ထ… ထစမ်းပါ'

သို့အသံနှင့်အတူ လူကိုလှုပ်နှိုးလေသဖြင့် စောတာလူး အိပ်ရာမှနိုးထလာရချေတော့၏။

'ဘာတုံး ငခွေးရာ'

ပတ်ဝန်းကျင်တွင် အမှောင်ထုရှိနေသည်ကြောင့် စောတာလူးက ဖိုးခွေးကို မကျေမနပ်မေးလိုက်၏။

'ဟိုးဘက် ချုံပုတ်နွယ်ပင်ဘက်က အသံကြားတယ်'

'ဟကောင်ရ…. အသံကြားတာနဲ့ပဲ ဘာလို့ ငါ့ကိုနှိုးရတာလဲ၊ သည်လိုပဲပေါ့ကွ၊ အဲဒီမယ် သားကောင်လေးတွေ အိပ်နေတာဖြစ်မပေါ့၊ ဘာဆန်းမှာတုံး'

စောတာလူးက သို့ဆိုသလို အပြစ်ဖွဲ့ပြောလိုက်ချေ၏။

'ဟာ… ဖထီကလည်း အသံလေးကြားရုံနဲ့ ငါက နှိုးမှာလား၊ ခုဟာက ငါ ကြောက်လို့မဟုတ်ဘူး၊ သားရဲကောင်လားမှတ်လို့ ဖထီကို နှိုးပြောတာ'

'ဟေ… ဘာသားရဲကောင်းတုံး၊ မင်းမြင်လို့လား'

'မြင်တော့ မမြင်ဘူးပေါ့ ဖထီရယ်၊ နို့ပေမင့် ငါကြားရတဲ့အသံက ထူးခြားနေသလိုပဲကွ၊ ဟင်းကောင်ဖြစ်ချင် ဖြစ်၊ မဖြစ်လျှင် တခြားသားရဲကောင်ဖြစ်နိုင်တယ်၊ နို့ကြောင့်ပေါ့ကွာ'

'ဟုတ်ပြီလေ… မင်း လက်နှိပ်ဓာတ်မီးပါလား၊ ထိုးကြည့်ချေပေါ့ကွာ'

စောတာလူးက သို့ပြောပြီး ကြမ်းခင်းပေါ် ပြန်လှဲချလိုက်လေသဖြင့်…

မြစ်ခွဲ ၉ ဝင်း စာပေ

'ဖထီ… ဖထီ မအိပ်နဲ့ဦးလေ၊ ဟိုမယ် ဘာကောင်လဲ၊ ပြောပါဦး… ဟော… ဟော… ကြည့်လေ၊ ကြည့်'

သို့ ဖိုးခွေးက ပြောလည်းပြော၊ သူကြည့်သည့်ဘက်ကို လည်း နားစွင့်နေလိုက်ရင်း သို့ဆိုသလို စောတာလူးကို ပြောလေ၏။

သို့ဆိုတော့ စောတာလူးတစ်ယောက် နားစွင့်လှမ်းကဲ ကြည့်လိုက်ချေ၏။ အတန်ကြာသည့်တိုင် နားစွင့်ထားလိုက်ပုံရ၏။

'ဟုတ်ပါပြီ… ကြားရပြီ၊ နေဦး'

သို့ဆိုလျက် စောတာလူးက အသံကို ဂရုတစိုက် နားထောင်နေလိုက်ပြန်၏။

ကြောင်အော်သံလိုလို ဘာလိုလို။ သို့ပေမင့် ကြောင် မဟုတ်မှန်းတော့ဖြင့် စောတာလူး သိလိုက်၏။

ဟင်းကောင်အသံတော့ဖြင့် မဟုတ်။ သို့ဆိုတော့ ဘာ သားရဲကောင်ဖြစ်မလဲ။ သူ့အသံကို နားစွင့်ရင်း စဉ်းစားနေလိုက်၏။

ဘုရားရေ… ဟုတ်ပြီ။ သိပြီ။ ကျားသစ်ကောင်ဖြစ်ချိမ့် မည်။

'မင်းမယ် ဓာတ်မီးရှိတာပဲ၊ အဲဒီနေရာကို ထိုးစမ်းကွာ'

စောတာလူးက သို့ ပြောလည်းပြော၊ လက်တွင်းရှိ သေနတ်ဖြင့် ထိုနေရာကို လှမ်းထိုးချိန်လိုက်ချေတော့၏။

သို့ဆိုတော့ ဖိုးခွေး သဘောပေါက်သွားချေပြီဖြစ်၏။ သို့ဖြစ်၍ ထိုနေရာကို ဓာတ်မီးဖြင့် လှမ်းထိုးလိုက်ချေတော့၏။

ချုံပုတ်ပင်ဆီ အလင်းရောင်ရောက်သွားသည်နှင့် စော

တာလူးတစ်ယောက် သေနတ်မောင်းထိန်းခလုတ်ကို နှိပ်လိုက်ချေ ပြီဖြစ်တော့၏။

'ဒိန်း...'

သို့အသံနှင့်အတူ ထိုချုံပုတ်ပင်နောက်ကွယ်မှ ခြေလေး ချောင်းသတ္တဝါတစ်ကောင်သည် ဒလွယ်ခုတ်နေရာဆီသို့ ကဆုန် ပေါက်ပြေးသွားချေ၏။

'ဒိန်း...'

ဘုရားရေ... သည်တစ်ချက်က စောတာလူး ပစ်လိုက် ခြင်းမဟုတ်။ လင့်စင်ပေါ်မှထွက်လာသော သေနတ်သံဖြစ်ချေတော့ ၏။

သို့သေနတ်သံကြောင့် ပြေးထွက်သွားသော ခြေလေး ချောင်းသတ္တဝါကောင် ဝေးဝေးသို့ပြေးနိုင်အားပင် မရလိုက်ချေ။ ခွေခေါက်လဲကျသွားချေတော့၏။

ဘုရားရေ... ဂျူးဂျူးတစ်ယောက် သွက်လှချည်လား။ စောတာလူး မျက်လုံးပြူးသွားရချေတော့၏။

'ဖထီ မရှိမသေ အဲဒီအကောင်ကို သွားကောက်ထားပါ လား'

သို့အသံနှင့်အတူ ဂျူးဂျူးတစ်ယောက် လင့်စင်ပေါ်မှာပင် မတ်တတ်ရပ်လိုက်ချေတော့၏။

'အေး... အေး... မင်း အဲဒီမယ် နေချေ၊ ဆက်အိပ် လိုက်ပါ၊ ငါ သွားကောက်ထားပါ့မယ်'

'ဖထီ ဘာကောင်လဲ သိလား'

'ငါ့မျက်စိ အဲဒီလောက်မမွဲသေးပါဘူး၊ ကျားသစ်ကောင် မဟုတ်လား'

'သိပ်ဟုတ်တာပေါ့ ဖထီရယ်၊ ဖထီလည်း အမြင်အား ကောင်းသေးတာကလား၊ ချီးကျူးပါတယ်'

သို့ပြောပြီး ဂျူးဂျူးသည် လင့်စင်ပေါ် ထိုင်ချလိုက်သည် ကို စောတာလူး တွေ့လိုက်ချေလေ၏။

'ငခွေး လာကွာ၊ သွားကြစို့'

စောတာလူးနှင့် ဖိုးခွေးသည် ကျားသစ်ကောင်သေကို သွားကောက်ယူ၍ ထိုနေရာမှ ထွက်ခဲ့ကြလေ၏။

အုံ့ဖွယ်ကောင်းသည်မှာ ဦးသောင်းထွန်းတစ်ယောက် သေနတ်သံတွေ ဆူညံသွားသည်ကို သိပုံမပေါ်ချေ။ တကယ်ပဲ အိပ်ပျော်နေသောပုံပင်။ ယောက်လို့ပင် နေသေးတော့၏။

စောတာလူးနှင့် ဖိုးခွေးသည် ကျားသစ်ကောင်သေဆီ သွားနေရင်းမှ လုပ်သားနှစ်ယောက်ထံသို့ လှမ်းကဲကြည့်လိုက်ချေ၏။

သူတို့နှစ်ယောက် အိပ်ရာမှ နိုးနေပုံပင်။ ထင်းမီးပုံတစ်ခု ရှေ့တွင် ထိုင်ကာ သူတို့ကို ငေးကြည့်နေချေ၏။

'ဘယ်သွားကြမှာတုံး'

သူတို့က လှမ်းမေးလာချေ၏။

'ဘယ်မှမဟုတ်ဘူး၊ မင်းသခင်မ ပစ်ထားတဲ့ သတ္တဝါ ကောင်ကို သွားကောက်ကြမလို့'

စောတာလူးက သို့သာပြောပြီး ရှေ့ခရီးဆက်ခဲ့ကြတော့၏။

မကြာလိုက်သောအချိန်ကလေးတွင် သူတို့နှစ်ယောက်

သည် ကျားသစ်ကောင်သေနားသို့ ရောက်သွားကြတော့၏။

ကျားသစ်ကောင်၏ ဦးခေါင်းသည် ကြေမွသွားပုံပင်။

သူပစ်လိုက်သော ကျည်ကတော့မူ ကျားသစ်ကောင်၏ ခါးရိုးနေရာမှ ရှပ်ထိထွက်သွားပုံရချေ၏။

ကျားသစ်ကောင်၏ခါးရိုးတွင် ပွန်းပဲ့ဒဏ်ရာအနည်းငယ်သာ ရှိသဖြင့် တော်ပေသေးတော့၏။

စောတာလူးနှင့် ဖိုးခွေးသည် ခွေးသာသာအရွယ်ရှိသည့် ကျားသစ်ကောင်ကို ထမ်းပိုး၍ စခန်းနေရာတဲသို့ ပြန်ခဲ့ကြချေတော့၏။ ဂျူးဂျူး၏ လင့်စင်အောက်ရောက်သည့်တွင် လင့်စင်ပေါ်သို့ အမှတ်တမဲ့ မော့ကြည့်မိတော့၏။

'ဟာ...'

'ဟင်...'

စောတာလူးတစ်ယောက် မျက်လုံးမျက်ဆန်ပြူးသွားရချေတော့၏။ ဂျူးဂျူးတစ်ယောက် စောစောက သူ မဟုတ်သလိုပင် ငြိမ်သက်လို့ နေပါလေကောလား။

သို့ဆိုတော့ စောတာလူးတစ်ယောက် ကျားသစ်ကောင်အရေကို စနစ်တကျခွာလိုက်ချေပြီးနောက် ထိုသားရေချပ်ကို ပက်လက်လှန်၍ထားကာ ဆားတို့ကို ခပ်များများပုံလိုက်ချေ၏။ ခပ်များများသောဆားတို့ကိုပုံ၍ သားရေကို အချိုးညီညီခေါက်လိုက်ချေတော့၏။ သို့ဆိုတော့ သူတို့ ကျားသစ်ကောင်သားရေကို အရောင်အဆင်းမပျက် အနံ့အသက်မရှိ သားရေချပ်ပျော့ပျော့ကို ရကြပေလိမ့်မည်။

စောတာလူးတစ်ယောက် ဖိုးခွေးကိုခေါ်၍ သူ အရေးဆွဲဆုတ်ပြီး ကျားသစ်ကောင်၏ ခန္ဓာကိုယ်ကို စေ့စေ့ကြည့်လိုက်ချေပြီး…

'မင်း ဗိုက်ခွဲအူထုတ်လို့ပြီးသွားလျှင်ဖြင့် ငါ့ကိုပြော၊ ငါ ကျားသစ်ကောင်ကို တံစို့ထိုး မီးကင်လိုက်ချေဦးမယ်၊ ဟုတ်ပြီလား'

လို့ ပြောလိုက်လေတော့၏။

သို့မှသည် စောတာလူးသည် ချောင်းတွင်းဆင်း၍ လွှတ်လွှတ်လပ်လပ် ရေချိုးလိုက်တော့၏။

ပြီးလေမှ ကျားသစ်ကောင်လုံးတံစို့ထိုး မီးကင်လိုက်ချေတော့၏။ အမှောင်ထုက ရှိနေဆဲပင်။ သို့ကြောင့်…

'ငခွေး ငါတစ်ရေးပြန်အိပ်ချေဦးမယ်၊ မင်း စောင့်ကြည့်နေကွာ'

သို့ မှာလိုက်ပြန်တော့၏။

'ဖထီး အိပ်ပါ၊ ငါ မအိပ်ချင်ဘူး၊ သည်ကောင်ကို ထိုင်ကြည့်နေမယ်၊ စိတ်ချပါ'

သို့ ဖိုးခွေးက စောတာလူးကို ပြောလာလေတော့၏။

သို့ဆိုတော့ စောတာလူးသည် ဦးသောင်းထွန်းဘေးတွင် လှဲချလိုက်ချေတော့၏။ ဘုရားရေ… ဦးသောင်းထွန်းတစ်ယောက် အိပ်နေတုန်းပါကလား။

စောတာလူးတစ်ယောက် ဦးသောင်းထွန်းနံဘေးတွင် လှဲချလိုက်သည်နှင့် မကြာလိုက်သောအချိန်ကလေးတွင် အိပ်ပျော်သွားတော့၏။

ဖိုးခွေးတစ်ယောက် အိပ်မပျော်လေသည်နှင့်အတူ ကျား

သစ်ကောင်မီးကင်နံ့ဘေးတွင်ထိုင်ကာ ရောက်တတ်ရာရာ တွေးနေသေးတော့၏။ တစ်ချက်တစ်ချက် ဂျူးဂျူးအိပ်နေသည့်စင်ပေါ် လှမ်းကြည့်နေချေတော့၏။

ဂျူးဂျူးတစ်ယောက် အိပ်ပျော်နေခြင်းဖြစ်ချိမ့်မည်။ တိတ်ဆိတ်ငြိမ်သက်လို့နေချေ၏။

ထိုသည်ကား ထိုအချိန် အိပ်မပျော်ဖြစ်နေသည့် မီးပုံဘေးထိုင်နေသော ဖိုးခွေး၏အတွေးသာဖြစ်ချေ၏။ တကယ်တမ်းမူ ဂျူးဂျူးတစ်ယောက် အိပ်ပျော်နေခြင်းမရှိပါချေ။ စောတာလူးနှင့် ဖိုးခွေးတို့ ကျားသစ်ကောင်ကို အသားဖျက် အရေဆုတ်နေသည်ကို သူမ အစမှအဆုံးတိုင် ငြိမ်သက်သိရှိ ကြည့်နေခြင်းသာဖြစ်ချေ၏။ သူမအသိအမြင် ပြောရလျှင် စောတာလူးတို့နှင့် သူမ အဆက်အသွယ်မပြတ်ရှိနေပါလျှင် တစ်နေ့မဟုတ် တစ်နေ့ လင်းမြင့်လှိုင်နှင့် ကိုပိုက်ကို သူမ တွေ့နိုင်ခွင့်ရှိနိုင်ပေလိမ့်မည်ဖြစ်ကြောင်း အတပ်သိနေသေးတော့၏။

တကယ်တမ်းပြောပါလျှင် သူမသည် လင်းမြင့်လှိုင်ကို ပိုစိတ်ဝင်စားသူဖြစ်ချေ၏။ ရှင်းရှင်းပြောရပါလျှင် လင်းမြင့်လှိုင်၏ အပြုံး၊ သွားတက်လေးပေါ်ရှံ့ ပြုံးပြလာသည့်အပြုံးကို မျက်ဝါးထင်ထင် တွေ့မြင်လိုနေသူဖြစ်ချေ၏။ သူများပြော၍သာ သူမ သိရခြင်းရှိချေ၏။ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုသည်သာမက လင်းမြင့်လှိုင်တို့နှင့်တွဲ၍ အမဲပစ်ဖူးချင်သူပင်။- သို့ကြောင့်လည်း သူမ သေနတ်ပစ်သင်ခဲ့၏။ အမဲလိုက် လှုပ်ရှားခဲ့၏။ သူမ ကြိုးစားခဲ့၏။ သူမ သိရသလောက် လင်းမြင့်လှိုင်တို့ သဘောကျသည့် မုဆိုး

ကောင်းတစ်ယောက် ဖြစ်လိုသူပင်။ မုဆိုးစည်းကမ်းကို အတတ်နိုင်ဆုံး လိုက်နာလေးစားသူဖြစ်ချေ၏။

လတ်တစ်လော သူမ ဖြစ်လိုသည်မှာ လင်းမြင့်လှိုင်၊ ကိုပိုက်တို့နှင့် အကျွမ်းတဝင်ရှိဖို့ပင်။ သို့ဆိုတော့လည်း မီးလောင်ကုန်းရွာမှ ဦးစောတာလူးကို ဖူးပေါင်းထားမှဖြစ်မည်ကို သူမ သဘောပေါက်လာခြင်းကြောင့် သို့ဆိုသလို စောတာလူးနှင့် အဆင်ပြေစေရန် ကြိုးစားနေခြင်းဖြစ်၏။ စောတာလူး ကြည့်ရသည်မှာလည်း သူမကို အမှန်တကယ်ပင် လင်းမြင့်လှိုင်တို့နှင့် တွေ့ဆုံပေးလိုသူဖြစ်ခြင်းကို သိပြီးဖြစ်တော့၏။ သို့ဆိုတော့လည်း သူမ အချိန်ကို စောင့်ရမည်ပေါ့။ သို့ဆိုတော့ တစ်ခုမဟုတ် တစ်ခုတော့ဖြင့် လင်းမြင့်လှိုင်တို့နှင့် သူမ ပတ်သက်စရာအကြောင်း ဖြစ်လာနိုင်စရာအကြောင်း လုံလုံလောက်လောက်ရှိနိုင်လေ၏။

သူတို့ မပြောနှင့် သူတို့၏ မိတ်ဆွေလည်းဟုတ်၊ တပည့်တပန်းဟု ပြော၍ရသည့် စောတာလူးသည်ပင် မုဆိုးစစ်စစ် ပီသသူဟု သူမ တွက်မိချေတော့၏။

သို့မှ သူမသည် လင့်စင်ပေါ်တွင် ဟိုတွေးသည်တွေးနေရာမှ…

"အား… အား… အား…"

အလိုလေးလေး… တောကျီးကန်းတစ်ကောင် သူ၏ လင့်စင်အပေါ် သစ်ကိုင်းဖျားမှာ လာ၍အော်နေပါကလား။

သို့ဆိုတော့ သူမသည် လက်တွင်းရှိသေနတ်ဖြင့် စိတ်ဆိုးဆိုးဖြင့် ပစ်လိုက်မည်စဉ်းစားပြီးလေမှ ထိုအစီအစဉ်ကို ဖျက်

လိုက်တော့၏။ စောစောစီးစီး သေနတ်သံ သူမ မကြားလိုပါချေ။ အိပ်တန်းမထသည့် သားကောင်သတ္တဝါလေးများသည်လည်း ကြားလိုကြမည်မဟုတ်ချေ။ သို့ကြောင့် သူမနှင့် ခပ်လှမ်းလှမ်းတွင်ရှိ ဝါးပြောင်းလေးကို လှမ်းယူလိုက်၏။ တိတ်တဆိတ်ယူလိုက်ခြင်း ဖြစ်၏။ ပြီးလေမှ အသာအယာထထိုင်လိုက်၏။

တောကျီးကန်းကောင်ကို ကြည့်လိုက်၏။ သူမကို ကျောပေးအနေအထားရှိနေဆဲပင်။ သို့ကြောင့် ဝါးပြောင်းလေးအတွင်း တစ်မိုက်ခန့်အရှည်ရှိ မြားတံထူထူလေးကို ဝါးပြောင်းအတွင်းတွင် ထိုးထည့်လိုက်ချေပြီး ထိုဝါးပြောင်းကို ပါးစပ်တွင် တေ့လိုက်၏။ မှုတ်ခြင်းဖြစ်ချေ၏။

သူမ တောကျီးကန်းကို မပစ်လိုက်မီ မီးပုံနံဘေးရှိ ဖိုးခွေးကို လှမ်းကြည့်လိုက်၏။

စောစောက ဖိုးခွေး အိပ်ပျော်သေးပုံမပေါ်။ ယခုတော့မူ ဖိုးခွေးတစ်ယောက် ထင်းမီးပုံနံဘေးတွင် ဒူးနှစ်ဖက်ထောင်ထိုင်လေပြီး ထိုဒူးပေါ် လက်နှစ်ဖက်ယှက်တင် သို့မှ ဒူးကို လက်တင်ပြီး ငြိမ်သက်နေလေ၏။ သို့ဆိုတော့ ဖိုးခွေးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီပေါ့။

သို့မှ သူမသည် တောကျီးကန်းကို လှန့်လိုက်လေ၏။

အလိုလေးလေး… တောကျီးကန်းကောင် ထိုသစ်ကိုင်းပေါ်မှ ရှေ့သို့လျှောက်ထွက် တောင်ပံဖြန့် ပျံသန်းသွားလေသဖြင့်…

'ဗွစ်…'

'ဗွစ်…'

တော်ပါသေးရဲ့။ မှုတ်ပြောင်းမှ အရှိန်အဟုန်ပြင်းစွာ တိုးထွက်သွားသော မြားတံလေးသည် ထိုတောကြီးကန်းကောင်၏ လည်ပင်းလုပ်သို့ ထိုးဖောက်သွားလေတော့၏။

'အား… အား… အား… အား… အား…'

တောကြီးကန်းကောင် ချာလပတ်လည် မြေပြင်သို့ထိုးကျသွားချေ၏။

'ဘုတ်…'

မြေပြင်ရှိ သံစ်ရွက်ခြောက်ပေါ်သို့ ပြုတ်ကျသွားခြင်းကြောင့် သို့နှယ်အသံမြည်သွားသဖြင့် ဖိုးခွေးတစ်ယောက် ရုတ်ခြည်းဆိုသလို လှည့်ကြည့်လိုက်ချေတော့၏။

သို့ဆိုတော့မှ ဘုရားရေ သူ့အိပ်မက်မက်နေသည်လားထင်လိုက်၏။ အအိပ်ဆတ်သည်ဟု ပြောရချိမ့်မည်။ ဦးသောင်းထွန်းကတော့မူ လုံးလုံးလျားလျားကြီး အိပ်ပျော်နေပုံပင်။ တာလူးလည်းသို့နှယ်ပင်။

ဖိုးခွေးက သူ မြင်လိုက်သည့်အရာကို စူးစမ်းလိုသဖြင့် ထိုင်ရာမှထကာ ထိုပြုတ်ကျရာနေရာသို့ ပြေးသွားလိုက်ချေ၏။

အလိုလေးဗျာ… တောကြီးကန်းကောင် လည်ပင်းလုပ်တွင် မြားတန်းလန်းနှင့်ပါကလား။ ဘယ်သူပစ်လိုက်ပါလိမ့်။ ဖိုးခွေးအထင် သည်နားတွင် အခြားမှုဆိုးတစ်ယောက် ရောက်လို့နေပုံပင်။ ထိုမှုဆိုးကို တွေ့လိုတွေ့ငြား လှည့်ပတ်ရှာလေတော့၏။

အတော်ပင်ယန်းသွား၏။ သို့ဆိုတော့ တောကြီးကန်းပြုတ်ကျလာသည့် လင့်စင်ပေါ် မော့ကြည့်လိုက်ပြန်၏။

ဘုရားရေ... ဂျူးဂျူးတစ်ယောက် ငြိမ်သက်နေခဲ့ပါကလား။ ထိုသည်ကား သူ၏အထင်ပင်။ တကယ်တော့မူ ဂျူးဂျူးသည် မျက်လုံးပွင့်နေချေ၏။ မလှုပ်ခြင်းသာ ရှိချေ၏။

သို့ဆိုတော့ ဖိုးခွေးသည် တောကျီးကန်းကောင်အသေကို မီးပုံနားသို့ ယူလာခဲ့ချေတော့၏။

ပတ်ဝန်းကျင်သို့လည်း မလုံ့တလုံ ကြည့်နေချေတော့၏။ ဖိုးခွေး၏ လှုပ်ရှားမှုကို ဂျူးဂျူးတစ်ယောက် ငြိမ်သက်စွာကြည့်နေချေတော့၏။

'အောက်အီအီးအွတ်'

'အောက်အီအီးအွတ်'

သို့ဆိုသလို အဝေးမှ တောကြက်ဖကောင်၏ အော်သံကို ကြားလိုက်၏။

မကြာမီအချိန်ကလေးတွင် အလင်းပေါ်လာချေ၏။ ထိုအလင်းနှင့်အတူ တဲပေါ်တွင် အိပ်ပျော်နေကြသည့် ဦးသောင်းမြင့်ထွန်းနှင့် စောတာလူးတို့သည်လည်း နိုးထလာချေတော့၏။

ခပ်လှမ်းလှမ်း သစ်ပင်ငယ်လေးထက်မှ ဇီးကွက်ကောင်တို့ အော်မြည်နေကြချေ၏။

'ကွစ်... ကွစ်... ကွစ်... ကွစ်... ကွစ်... ကွစ်... ကွစ်...'

'စခန်းသာတယ်'

စောတာလူးက ကျည်တိုးခြောက်လှန့်ပြီး ပြောလာချေ၏။

'ဂျူးဂျူး မနိုးသေးဘူးလား'

ဦးသောင်းထွန်းက လင့်စင်ပေါ်လှည့်ကြည့် ပြောလိုက်၏။

'နိုးပါပြီ၊ ဂျူးဂျူး ဆာတယ်၊ စားစရာဘာရှိလဲ'

သို့ ပြောလည်းပြော၊ လင့်စင်ပေါ်မှာလည်း သွက်လက်စွာဆင်းလာချေတော့၏။

ပြီး မီးပုံနားသွားလိုက်၏။

တောကြီးကန်းမီးကင်ကို စေ့စေ့ကြည့်လိုက်ချေပြီး…

'သည်ကျီးကောင် ဘယ်က ဘယ်လိုရတာလဲ'

နံဘေးတွင် ထိုင်နေသည့် ဖိုးခွေးကို မေးလိုက်၏။

သို့ဆိုတော့ ဖိုးခွေးက မဖြစ်နိုင်သည်ကို ပြောပြလာသဖြင့်…

'ဟင်း… ဟင်း… ဟင်း… တကယ်တော့ ရှင်တို့နှစ်ယောက်က ရိုးသားကြပါတယ်၊ ချီးကျူးပါတယ်'

သို့ပြောလာသဖြင့် ဖိုးခွေးတစ်ယောက် ဂျူးဂျူးကို နားမလည်နိုင်စွာ ကြည့်လိုက်ချေတော့၏။

'ဘာဆိုလိုတာပါလဲ'

သို့လည်း မေးလိုက်၏။

'သြော်… ရှင်တို့က ရိုးသားကြတယ်လို့ ပြောတာပါ၊ တကယ်တမ်းပြောရလျှင် အဲဒီကျီးကောင်ကို ကျွန်မ ပစ်လိုက်တာ'

'ဟင်…'

'ဟုတ်တယ်၊ ကျွန်မ မှတ်ပြောင်းနဲ့ပစ်လိုက်တာ၊ အဲဒီ မြားတံ ဘယ်မလဲ၊ ဂျူးဂျူးကို ပြန်ပေးပါ၊ ဂျူးဂျူး မှတ်ပြောင်း မြားတံ နည်းနေလို့ပါ'

သို့ဆိုတော့ ဖိုးခွေးတစ်ယောက် သူ့အိတ်တွင်းထဲမှ မြားတံကို ထုတ်ပေးလာချေ၏။ ပြီး မယုံစွာဖြင့် ဂျူးဂျူးကို ငေးကြည့်နေလေ၏။

'ဘာလဲ… မယုံဘူးလား၊ ခဏနေဦး'

သို့ဆိုလျက် ဂျူးဂျူးသည် လင့်စင်ပေါ် ပြန်တက်သွားချေတော့၏။ မကြာမီ လင့်စင်ပေါ်မှဆင်းလာသည်တွင် မှတ်ပြောင်းကို မြင်လိုက်ချေတော့မှ ဖိုးခွေးတစ်ယောက် လက်ခံသွားတော့၏။

'ချီးကျူးပါတယ်ဗျာ'

သို့လည်း ပြောလိုက်လေ၏။

'ဘာအတွက်လဲ'

ဂျူးဂျူးက ပြုံးစစ မျက်နှာပေးဖြင့် မေးလောတော့၏။

'အားလုံးအတွက်ပါ'

'ဟင်း… ဟင်း… ဟင်း… ဟင်း… အဲဒီလိုသဘောပဲထားလိုက်ပါ'

ဂျူးဂျူးက သို့ပြောပြီး မျက်နှာသစ်ရန် ချောင်းဘက်ထွက်သွားချေတော့၏။

'မင်း ညက ကျားသစ်ကောင် ရထားတာလား'

ဦးသောင်းထွန်းက မေးလေ၏။

သည်တော့ စောတာလူးက ကျားသစ်ကောင်ကို သူမြင်လိုက်ပေငြား လွတ်ထွက်သွားသည်ကြောင့် ဂျူးဂျူးက ပစ်လိုက်ပုံကို ပြောပြလိုက်တော့၏။ သို့ဆိုတော့ ဂျူးဂျူးတစ်ယောက် ဂုဏ်ယူဟန်ဖြင့် ဦးသောင်းထွန်းဘက်သို့ ပြုံးလို့ကြည့်နေချေတော့၏။

တွေ့ပြီလား ငါ့တူမရဲ့အစွမ်းကို ပြောနေသလိုပင်။

သို့မှ သူတို့သည် အားလုံးမျက်နှာသစ်ကြပြီးနောက် မီးပုံနံဘေး စုဝေးထိုင်လိုက်ကြတော့၏။

ကျားသစ်ကောင်မီးကင်ကို ကိုယ်စီဖွဲ့ယူစားလိုက်ကြ၏။ ကျားသစ်မီးကင် ပူပူနွေးနွေးက မစားသေးဘဲ ဂျူးဂျူးကို ကမ်းပေးလိုက်ချေ၏။

'ခင်ဗျား ပစ်တာ ခင်ဗျား စားပါ'

သို့ဆိုတော့မှ စောတာလူးက လင့်စင်ပေါ်ကိစ္စကို သိသွားချေတော့၏။

'ငါ့တူမက သားကောင်နှစ်ကောင်ကို ပစ်ခတ်ပေးထားပါကလား၊ ငါ့တူမအတွက် ငါ ဂုဏ်ယူတယ်ကွာ'

ဦးသောင်းထွန်းက သို့ ပြောလေတော့၏။

'တော်ကြာနေ ငါတို့ သားကောင်ပစ်သွားကြမယ်'

စောတာလူးက ဖိုးခွေးကို ပြောသလိုနှင့် သူ့တူမကို သတိပေးလိုက်ခြင်းဖြစ်၏။

'ဂျူးဂျူး လိုက်မယ်'

'ကောင်းတာပေါ့'

'ခင်ဗျားရော လိုက်မလား'

စောတာလူးက ဦးသောင်းထွန်းကို ကြည့်မေးလိုက်၏။

'မလိုပါဘူး၊ သည်ကနေ့မှာဖြင့် မင်းတို့ ငါနေတာပဲ၊ ငါ ဂျူးဂျူးကို မင်းတို့နဲ့ စိတ်ချလက်ချထည့်လိုက်မယ်'

'ဟုတ်ပြီလေ၊ စိတ်ချ မှည့်တစ်မပေါက်မစွန်းစေရဘူး'

ဖိုးခွေးက သို့ပြောလိုက်သဖြင့်…

'ဟား… ဟား… ဟား… ဟား… ရယ်ရတယ်ကွာ၊ မင်းနယ် ဟုတ်မှလည်းလုပ်ပါဦးကွ၊ ငါထင်တာ မင်းတို့နှစ်ယောက် ကိုသာ ငါ့သမီးက မုည့်တစ်ပေါက်မစွန်းစေဘဲ စောင့်ရှောက်မှာ ပါကွ၊ ဟင်း… ဟင်း… ဟင်း…'

သို့ဆိုတော့ စောတာလူးသည် ဦးသောင်းထွန်းကို မကျေ မနပ်ကြည့်လိုက်ချေတော့၏။

'ဘာလဲ၊ ငါပြောတာ မဖြစ်နိုင်လို့လား'

'အို… ဦးလေးကလည်း ဘာတွေပြောနေတာလဲ၊ တော် ကြာနေ ဂျူးဂျူးကို ဖထီတို့ တစ်မျိုးထင်နေပါဦးမယ်'

'ဟာ… ငါပြောတာ မဟုတ်လို့လား၊ ငါသိရသလောက် တစ်ချိန်လုံး ငါ့တူမကြီးက သားကောင်တွေကို ပစ်ခတ်ပေးနေတာ လေ၊ မဟုတ်လို့လား'

သို့ဆိုတော့ စောတာလူးက ဦးသောင်းထွန်းကို စိန်းစိန်း ကြည့်လိုက်ချေပြီး…

'ကောင်းပြီလေ၊ အဲလိုပဲ မှတ်ထားလိုက်ပါ'

စောတာလူးက သို့ မကျေမနပ်ပြောပြီး ထွက်သွားချေ တော့သဖြင့် နောက်မှ ဖိုးခွေးတစ်ယောက် အပြေးကလေးလိုက် သွားချေတော့၏။

'ဟား… ဟား… ဟား… ဟား… ဟား…ဟား…'

ဦးသောင်းထွန်းတစ်ယောက် သဘောကျရယ်မောကျန်ရစ် ခဲ့ချေတော့၏။

"ဖထီရယ်… ဦးလေး ပြောတာကို စိတ်ထဲမထားပါနဲ့၊ ကျွန်မဦးလေးက အဲလိုပဲ အပြောမဆင်ခြင်ဘူး"

"အေးပါ ဂျူးဂျူးရာ၊ ငါလည်း သိပါတယ်၊ မင်းဦးလေးကို ပြောထားစမ်းပါ၊ ငါ ဝန်ခံမယ်၊ မင်းက ငါတို့နဲ့ လုပ်ရပ်ချင်းဘာမှမဆိုင်ပါဘူး၊ တကယ်ပြောရလျှင် မင်းရဲ့လက်ရည်ဟာ ငါ့မိတ်ဆွေ ကိုလင်း ကိုပိုက်တို့နဲ့ တန်းတူရှိတယ်ထင်ပါတယ်"

"ဟာ… ဖထီကလည်း အဲလောက်ကြီးမဟုတ်ပါဘူး၊ ဘယ်လိုလုပ် သူတို့နဲ့ ယှဉ်နိုင်မှာတုံး၊ မဖြစ်နိုင်တာ ဖထီရယ်၊ ဂျူးဂျူးတောင်းဆိုတာ သူတို့နဲ့ တွေ့ဆုံပေးပါလားဟင်၊ သူတို့ဆီမှာ ဂျူးဂျူး သင်ယူချင်စရာတွေရှိလို့ပါ"

သို့ ဂျူးဂျူးပြောလာခြင်းသည် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ ခံစားပြောနေခြင်းဖြစ်ကြောင်း စောတာလူး သိလိုက်ချေတော့၏။

ဂျူးဂျူးသည် ပညာမာနလည်း မရှိပါကလား။ သူ့ကိုယ်သူ နှိမ်ချပြောတတ်ပါကလား။ ဦးသောင်းထွန်းနှင့်တော့ တခြားစီပါလားဟု တွေးလိုက်မိချေတော့သည်။

သို့မှ ဂျူးဂျူးတို့သည် ဝါးတောလေးတစ်ခုသို့ ရောက်လာကြ၏။ တောခြောက်ဟု ဆိုရချိမ့်မည်။

ဝါးတောအတွင်း ကျွန်းပင်တို့ ပေါက်လျက်ရှိချေ၏။

စောတာလူးတို့က သားကောင်ကို ကြွေ့ပတ်ရှာနေပေမင့် ဂျူးဂျူးကတော့မူ ကျွန်းပင်တို့ထိပ်ဖျားပေါ်တွင် လှမ်းကဲကြည့်လို့နေချေ၏။

'မင်း သစ်ခွရှာနေတာလား'

စောတာလူးက မေးလေ၏။

'ဟုတ်တယ်'

'သည်မယ် သစ်ခွတွေ ပေါပါတယ်၊ တွေ့ပါလိမ့်မယ်'

သို့မှ သူတို့သည် တောတိုးခဲ့ကြပြန်၏။ ဝါးတောအတွင်း တောဆင်ရိုင်းကောင်တို့ စခန်းချနေခြင်းကြောင့် လဲပြိုနေသည့် ဝါးများ၊ ကွဲနေသည့်ဝါးများကြောင့် မြေပြင်တွင် ရှုပ်ယှက်ခတ်နေ သဖြင့် မနည်းရှောင်ကွင်းသွားရ၏။

သို့မှသည် ခပ်လှမ်းလှမ်း ကျွန်းပင်ကြီးတစ်ပင် လဲပြိုနေ သည်ကို တွေ့လိုက်တော့၏။

လေပြင်းဒဏ်မခံနိုင်၍ လဲပြိုနေခြင်းဖြစ်မည်။

ထိုကျွန်းပင်ကြီး အကိုင်းအခက်တို့ကို စောတာလူး တစ်ယောက် ဈေ့ဈေ့ကြည့်နေချေ၏။ သို့မှ…

'ဟာ… ဟိုမယ် တွေ့ပြီ၊ တွေ့ပြီ၊ ရတနာရွှေခက်'

ကျွန်းပင်ကိုင်းဖျားတစ်ခုတွင် ရတနာရွှေခက်သစ်ခွအုံများ ကို စောတာလူး တွေ့လိုက်သဖြင့် အားရဝမ်းသာပြောလိုက်၏။

'ဟား… ဟုတ်ပါရဲ့'

သို့ဆိုတော့ ဂျူးဂျူးသည် ထိုသစ်ပင် ကိုင်းဖျားကိုင်းနား ရှိရာကို တိုးဝှေ့သွားလိုက်ချေ၏။

စောတာလူးက နောက်မှ ဖြည်းလေးစွာလိုက်သွားချေ၏။

ဗိုးခွေးကတော့မူ ကျွန်းပင်ကြီး၏ ပင်လုံးပေါ်တက်ထိုင် လိုက်ကာ နားနေလိုက်ချေတော့၏။

ဂျူးဂျူးတစ်ယောက် သစ်ပင်သစ်ကိုင်းခက်တို့ကို ခုန်ကျော်နင်း၍ ကိုင်းတစ်ခုအဖျားတွင်ရှိသည့် ရတနာရွှေခက်သစ်ခွကို ဆွဲယူရန် ကြိုးစားနေပုံပင်။

သူမနှင့် မလှမ်းမကမ်းအကွာတွင် ရှိနေသဖြင့် အခက်တွေ့နေပုံပင်။

သို့ကြောင့်…

'ဂျူးဂျူး ဖယ်၊ ဖထီး ယူပေးမယ်'

သို့ဆိုတော့ ဂျူးဂျူးသည် နောက်ပြန်လှည့်ထွက်လိုက်၏။ စောတာလူးက ထိုနေရာကို လှမ်းသွားလိုက်၏။

စောတာလူးသည် ထိုသစ်ကိုင်းကို လက်လှမ်းမမီသဖြင့် ဆောင်ဓားကိုယူ၍ ထိုကိုင်းကို ခုတ်ဖြတ်လိုက်ချေတော့၏။

'ဒုတ်… ဒုတ်… ဒုတ်…'

'ဒုတ်…'

သို့ဆိုတော့ အကိုင်းကျိုးပြတ်ကျလာ၏။ သို့ပေမင့် တစ်ဖက်သို့ လဲပြိုကျသွားခြင်းဖြစ်သည်ကြောင့် ထိုနေရာသို့ တစ်ဆင့်သွားကောက်ရမှာဖြစ်သဖြင့် စောတာလူးက နောက်ကိုင်းတစ်ခုကို ခုတ်ချလိုက်စဉ်မှာပင် ဂျူးဂျူးက ထိုကိုင်းပြတ်ကျရာနေရာကို ဆင်းသွားလိုက်ချေတော့၏။

'ဟာ…'

ဂျူးဂျူးတစ်ယောက် ရတနာရွှေခက်ရှိသည့် ကိုင်းပြတ်ကို ဂရုစိုက်နေခြင်းကြောင့် ထိုကိုင်းပြတ်နှင့် မလှမ်းမကမ်းတွင်ရှိ အပင်ထက်မှ တောကြီးမြွေပောက်ကို မတွေ့မိခြင်းဖြစ်သည်ကြောင့်

တောကြီးမြွေဟောက်၏ ရန်ပြုခြင်းကို ခံရတော့မည်ကို တွေ့မြင်လိုက်သည့် စောတာလူးက အထိတ်တလန့်ဖြစ်သွားကာ…

'ဂျူးဂျူး ငြိမ်ငြိမ်နေ'

သို့ဆိုလျက် လက်တွင်းရှိသေနတ်ဖြင့် ဂျူးဂျူးအား လှည့်၍ပေါက်ခဲတော့မည့် တောကြီးမြွေဟောက်ကောင်ကို ရုတ်ခြည်းဆိုသလို သေနတ်ဖြင့် လှမ်းပစ်လိုက်ချေတော့၏။

'ဒိုန်း…'

'အား… အား… အား… အား…'

'ဝေါ… ဝေါ… ဝေါ… ဘရော… ဝေါ… ဝေါ…'

သေနတ်သံကြောင့် ပတ်ဝန်းကျင်ရှိ ငှက်ကောင်တို့ ပျံပြေးသွားကြသလို ပတ်ဝန်းကျင်ရှိ သတ္တဝါကောင်ငယ်လေးများ ကြောက်လန့်တကြားပြေးသွားကြ၏။

ထိုအခိုက် ဂျူးဂျူးသည်လည်း တိုက်တိုက်ဆိုင်ဆိုင် ခွေလဲကျသွားလေသဖြင့် ဖိုးခွေးတစ်ယောက် ထိတ်လန့်တကြား ဖြစ်သွား၏။

စောတာလူးတော့ သွားပြီမှတ်လိုက်၏။

ပစ်လိုက်သောကျည်သည် ဂျူးဂျူးကို မှန်သွားလောက်သည်ဟု သူ ထင်လိုက်သဖြင့် မျက်လုံးမျက်ဆန်ပြူးသွားတော့၏။

'ဖထီး… ဖထီး ဘယ်လိုလုပ်လိုက်တာလဲ'

သို့ ပြောပြောဆိုဆို လဲပြိုနေသည့် ဂျူးဂျူးထံ ပြေးသွားလိုက်၏။

'ဂျူးဂျူး မင်း ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ပါဘူး၊ ခြေချော်လဲကျသွားတာပါ'

'ဟူး…. တော်ပါသေးရဲ့'

သည်တော့မှ ဖိုးခွေး စိတ်ချမ်းသာသွားတော့၏။

'ဘယ်လိုဖြစ်ရတာလဲဗျာ'

သို့ဆိုတော့ ဂျူးဂျူးက တောကြီးမြွေဟောက်ကောင် အကြောင်း ပြောပြလိုက်ရချေ၏။

'ဖထီကို ကျေးဇူးတင်ပါတယ်'

သို့သာ ပြောလာချေ၏။

'ဦးသောင်းထွန်းကြီးကို သိစေချင်တယ်'

ဖိုးခွေးက သို့ ပြောလာလေတော့၏။

ဂျူးဂျူးတစ်ယောက် အမှန်တကယ် ထိတ်လန့်စရာဖြစ်ခဲ့ သော်လည်း သူမနှစ်သက်သည့် သစ်ခွမျိုး ရလိုက်သည်ကြောင့် လွန်မင်း စွာပျော်ရွှင်နေလေတော့၏။

ဖိုးခွေးက ခေါင်းပြတ်နေသည့် တောကြီးမြွေဟောက် ကောင်ကို သွားကောက်ယူခဲ့ချေတော့၏။

'ရှေ့ဆက်မသွားတော့ဘူး၊ ပြန်ကြမယ်'

စောတာလူးက ပြောလာလေ၏။

သို့သော်လည်း ယနေ့အဖို့ ဂျူးဂျူးတစ်ယောက် သစ်ခွ မျိုးကောင်းရလိုက်သလို စောတာလူးနှင့် ဖိုးခွေးအတွက် တောကြီး မြွေဟောက်ကောင်ကို စားစရာအဖြစ် ရလိုက်ချေသည်။

စခန်းနေရာတွင် ဂျူးဂျူးက ဦးသောင်းထွန်းအား အဖြစ် မှန်အကြောင်းစုံကို ပြောပြလိုက်သည်တွင်…

မြစ်ခွဲ ၄ စင်း တာပေ

'ဟော… နို့ဖြင့်လည်း ကျေးဇူးတင်ရတာပေါ့ကွာ'

လို့ ပြောလာသဖြင့် ဖိုးခွေးက…

'ဂျူးဂျူးရဲ့ အသက်ကိုကယ်ခဲ့လို့ ဒီမယ်ရှိတဲ့ ဝီစကီလေး တိုက် ဂုဏ်ပြုချင်စိတ်မရှိဘူးလား' ဟု ပြောလာလေတော့သည်။

သို့ဆိုတော့ ဂျူးဂျူးကလည်း…

'ဟုတ်ပါတယ် ဦးရယ်၊ သမီးရဲ့အသက် ကယ်ခဲ့သူတွေ ဆိုတော့ တိုက်သင့်ပါတယ်'

သို့ ပြောလာလေတော့၏။

သို့ဆိုတော့ ဦးသောင်းထွန်းက တကယ်တော့ ဂျူးဂျူး သည်လည်း သူနှင့် ရင်းနှီးဆုံးဆွေမျိုးဆို၍ သူမတစ်ယောက်တည်း သာရှိသည် မဟုတ်ပါကလား။ သူ သိပ်ချစ်ရသော တစ်ဦးတည်း သောညီမလေးရဲ့သမီး သူ့မေမေ လွန်ခဲ့သော ၆ နှစ်လောက်က ဆုံးသွားခဲ့သည်ကြောင့် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ခဲ့ရလေ သော ဂျူးဂျူးကို သူက ညီမကိုယ်စား မွေးစားခဲ့သည် မဟုတ်ပါ ကလား။ ဂျူးဂျူးတစ်ယောက် ကံဆိုးခဲ့သူလေးပင်။ သူမ၏ ဖေဖေ သူ၏ယောက်ဖတော်သည် သူ့မိန်းမနှင့် ကလေးကို ခွဲသွားသည်မှာ ဂျူးဂျူးတစ်သက်ရှိပြီဟု ပြောရချိမ့်မည်။ ဂျူးဂျူး မွေးသည့်နေ့မှာပင် နိုင်ငံရပ်ခြားတွင် ကားအက်စီးဒင့်ဖြစ်၍ ဆုံးပါးသွားခဲ့သည်ပဲ။ သို့ဆိုတော့ ကံဆိုးမလေး ဂျူးဂျူးကို သူကသာလျှင် အဖေဆို လည်း ဟုတ်၊ အမေဆိုလည်း ဟုတ် တစ်ကိုယ်တည်း လူပျိုကြီးဖြစ် ပေမင့် ကလေးတစ်ယောက်အဖေလို ဖြစ်ခဲ့ရ၏။

သို့ကြောင့်လည်း တူမလေး ဂျူးဂျူးအပေါ် မေတ္တာတွေ

ပုံပေးခဲ့ရလေသည်။ သမီးကဲ့သို့၊ ညီမကဲ့သို့ တူမလေးဂျူးဂျူးကို အလိုလိုက်ချစ်ခဲ့ရသည်ပဲ။ ယခုလည်းကြည့်။ ဂျူးဂျူးတစ်ယောက် သူ့အဖေသွေးပါသည်ဟု ပြောရချိမ့်မည်။ သူ့အဖေသည် တော လိုက်မုဆိုးတစ်ယောက်ဖြစ်ခဲ့၏။ ထိုသွေးကြောင့်လားမသိ။ ဂျူးဂျူး သည်လည်း ဘယ်လိုကဘယ်လို သို့ မိန်းကလေးတန်မဲ့ အမဲပစ်ခြင်း ကို ဝါသနာပါခဲ့ပါလိမ့်။ တစ်ခုတော့ သူ သတိထားမိသည်။

ဂျူးဂျူးသည် သူငယ်ချင်းမလေးဖြစ်သူ ကြူးကြူးမာနှင့် ကျောင်းပိတ်ရက်များတွင် လှည်းကူးသို့လိုက်ပါသွားတတ်၏။ ကြူးကြူးမာ၏အဖေသည် ဆင်ပိုင်ကြီးတစ်ယောက်ဖြစ်၏။ သို့ဆို တော့ ဂျူးဂျူးတစ်ယောက် ကြူးကြူးမာနှင့် သူ့အဖေဆင်တဲသို့ လိုက်ပါသွားရင်းမှ အမဲပစ်ခြင်းကို စိတ်ဝင်စားခဲ့ တတ်မြောက်ခဲ့ သည် ဆိုရချိမ့်မည်။

သူ့ဝါသနာသွေးကြောင့်ဖြစ်၍ ဦးသောင်းထွန်းက မတား မြစ်ခဲ့ပါချေ။

သူမအသက်ကလေးရလာသည့်အချိန် ဦးသောင်းထွန်း သည်လည်း လုပ်ငန်းမှ အနားယူချိန်ဖြစ်လာခြင်းကြောင့် တူမလေး သွားလိုရာ တကောက်ကောက် လိုက်ခဲ့ပေးသူပင် ဖြစ်ချေတော့၏။

တကယ်တော့ ဦးသောင်းထွန်းသည်လည်း အမဲလိုက် ဝါသနာပါသူတစ်ယောက်ပင် မဟုတ်ပါကလား။ အသက်အရွယ် အရ သူ အမဲလိုက်ခြင်းကိုတော့မှု ကိုယ်တိုင်ကိုယ်ကျ မလုပ်ခဲ့ပါ တော့ချေ။

သူ ငယ်ရွယ်စဉ်ကတော့မှု အမဲပစ်ထွက်ရလာသော

အကောင်တို့၏ အရေနှင့်အသားကို ရောင်းချစားခဲ့သည်လည်း ဖြစ်ချေ၏။ သို့ဆိုတော့လည်း တူမလေးဂျူးဂျူး၏ ဝါသနာကို သူ မတားရက်ခဲ့ချေ။ သူကိုယ်နှိုက်က စိတ်ဝင်တစားပျော်ပိုက်ခဲ့သည့် လုပ်ငန်းလုပ်ဖြစ်ခဲ့သည်ကြောင့် တူမလေး ဂျူးဂျူး၏ ခံစားချက်ကို သူ နားလည်ခဲ့ချေ၏။

'ဘယ်လိုလဲ ဦး၊ သူတို့ကို ဝိစကီတိုက်မယ် မဟုတ်လား'

ဦးသောင်းထွန်းတစ်ယောက် သို့ စဉ်းစားခန်းဝင်နေစဉ် သို့ဆိုသလို ဂျူးဂျူး၏ အသံကြောင့် အတွေးပြတ်သွားရတော့၏။

'ဩော်... အေး... တိုက်ရမှာပေါ့၊ ကဲ... ကဲ... မောင်ရင်တို့ နားကြချေ၊ ညနေစောင်းလျှင် ပါတီပွဲလေးလုပ်လိုက်ကြတာပေါ့'

'ဟေး... နို့မှ ငါ့ဦးကွ'

သို့ဆိုသလို ဂျူးဂျူးတစ်ယောက် ပျော်ရွှင်သွားတော့၏။

သို့ဖြစ်သည်ကြောင့် နေမဝင်မီ ဂျူးဂျူးတစ်ယောက် မြွေကောင်သားကို ချက်ပြုတ်နေချေ၏။ အခါတိုင်းတွင် သူတို့နှင့် အတူရှိနေသည့် လုပ်သားတို့ကို ချက်ပြုတ်ခိုင်းခြင်း၊ သို့မဟုတ် သူမက ဦးစီးပြောဆိုစေခိုင်းခြင်းသာ ရှိချေ၏။ ယခုတော့မူ သူမ ကိုယ်တိုင်ချက်ပြုတ်၍ အသက်သခင်နှစ်ယောက်ကို ကိုယ်တိုင် ကိုယ်ကျ ဧည့်ဝတ်ပြုမည်ဟု ဆိုပေ၏။ သို့ကြောင့်ပဲလားတော့ဖြင့် မဟုတ်။ နောက်နေ့မနက်တွင် စောတာလူးတို့ ပြန်ကြမည်ဖြစ်သော ကြောင့်လည်း ပါချေ၏။ နှုတ်ဆက်ခြင်းပေါ့။

သို့ဆိုတော့ ထိုညတွင် သူတို့ မီးပုံပွဲလေး ပြုလုပ်လိုက်

တော့၏။ ဦးသောင်းထွန်းက သူသောက်နေကျ ဟိုက်ကော်မရှင် တစ်တောင့်ကို ထုတ်ပေးလာချေ၏။

သူတို့တူအရီးက အဆိပ်ရှိသော တောကြီးမြွေဟောက် သားကို မစားဝံ့သဖြင့် ကျားသစ်ကောင် အသားကိုသာ စားချေ၏။

စောတာလူးနှင့် ဖိုးခွေးကတော့မူ တောကြီးမြွေဟောက် သားကို မြိန်ရက်စွာစားကြလေတော့၏။ ဝီစကီကိုလည်း သောက် ကြလေတော့၏။

"အန္တရာယ်မဖြစ်နိုင်ဘူးလား"

သူမက စောတာလူးကို မေးကြည့်တော့၏။

'ပူတာကလွဲလို့ ဆိုးဆိုးဝါးဝါး အန္တရာယ်မရှိလောက် ပါဘူး'

သို့ စောတာလူးက ပြောဆိုလာသဖြင့် ညဥ့်သန်းခေါင်ယံ အချိန်တွင် စောတာလူးနှင့် ဖိုးခွေးတစ်ယောက် ခန္ဓာကိုယ်မှာ ပူလာ၍ဟုဆိုကာ ချောင်းတွင်းရေသွားချိုးကြလေတော့၏။

ထိုသည်ကြောင့်လည်း သူတို့ ကတွတ်မြောင်လေးတွင် အမှတ်တရတစ်ခု ဖြစ်ခဲ့ရလေတော့၏။

ဖြစ်ခဲ့သည်မှာ စောတာလူးနှင့် ဖိုးခွေး ညဥ့်သန်းခေါင်ယံ အချိန်လောက်တွင် ရေသွားချိုးခဲ့ကြ၏။

ထိုအချိန်တွင် ဦးသောင်းထွန်းတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချေပြီဖြစ်သလို ဂျူးဂျူးတစ်ယောက်သည်လည်း သူမအိပ်ရာ လင့်စင်ပေါ်သို့ ရောက်နှင့်နေပြီဖြစ်တော့၏။ သို့ပေမင့် ဂျူးဂျူး အိပ်မပျော်။

စောတာလူးတို့နှစ်ယောက် ချောင်းဘက်ထွက်သွားတာကို တွေ့လိုက်၏။ သို့မှ ဂျူးဂျူးတစ်ယောက် အိပ်ပျော်သွားလေ၏။

သူ တစ်ရေးနိုးသည်တွင် အလင်းရောင်ပင် ပေါ်ထွက်နေခြင်းဖြစ်သလို ငှက်ငယ်များ၏ ကျလိ… ကျလိ… ကျလိဆိုသည့် အသံဆူညံဆူညံကိုလည်း နားဝင်ပီယံ ကြားရချေပြီဖြစ်၏။

အခါတိုင်းနေ့များလို သူမ လင့်စင်ပေါ်မှဆင်းခဲ့၏။

'တူမကြီး နိုးပြီလား'

ဦးသောင်းထွန်းက မေးလေ၏။

'ဟုတ်'

သို့နှယ်ပြောလိုက်လေပြီး သူမ ဂရုတစိုက်ကြည့်မိသည်။ စောတာလူးနှင့် ဖိုးခွေးတို့ မတွေ့ပါကလား။

'သူတို့ အစောကြီး ပြန်သွားကြပြီလား'

သို့ကြောင့် သူမက ဦးသောင်းထွန်းကို မေးလေ၏။

'သိဘူးလေ၊ ဦးနိုးတော့ သူတို့ မရှိပါကလား'

'ဟင်…'

သို့ပေမင့်လို့ သူမ အမှတ်တမဲ့ သူတို့ ဟိုနားသည်နား သွားကြလေခြင်းဟု သတ်မှတ်ထားပေမင့် အချိန်အဲတော်ကြာသည့်တိုင် ပြန်ရောက်မလာကြသဖြင့်…

'မနက်ပေလီဝေလင်း ထသွားကြလားမသိ'

သို့ ဦးသောင်းထွန်းက သူတွက်မိသလို ပြောလေ၏။

မဖြစ်နိုင်။ ညက သူမ မှတ်မိသေး၏။

'ငါတို့တွေ မပြန်ခင် ညည်းကို ပန်းပင်တွေ ရှာခဲ့ပေးမယ်'

သို့ စောတာလူးက အထပ်ထပ်ပြောခဲ့သည်ပဲ။ မူး၍ပြော ခြင်းမဲ့ဟုတ်သည်ကို သူမ ကောင်းကောင်းသိခဲ့ရ၏။

သို့ဆိုတော့ သူမ စဉ်းစားလိုက်၏။ သူတို့နှစ်ယောက် ညဉ့်နက်သန်းခေါင် ချောင်းဘက်ထွက်ကြသည်ကို သူမ တွေ့လိုက် ၏။

သူတို့နှစ်ယောက် ရေသွားချိုးချိန် သူမ အိပ်ပျော်သွားခြင်း ကြောင့် သူတို့ပြန်ရောက်လာ၊ မလာကို မသိခဲ့ရချေ။ သို့အသိ ကြောင့်…

'နေဦး ဦးလေး၊ ကျွန်မ ချောင်းဘက်သွားကြည့်ချေဦး မယ်'

သို့ဆိုလျက် ဂျူးဂျူးသည် သေနတ်ကိုယူ၍ ချောင်းဘက် ထွက်ခဲ့ချေတော့၏။ ချောင်းတွင်းဆင်းသွားသည့်ညက သူတို့ နှစ်ယောက်၏ ခြေရာကို တွေ့ခဲ့သလို…

'ဟာ…'

တောဆင်ရိုင်းကောင်၏ ခြေရာတစ်စုံကိုလည်း ချောင်း ကမ်းသဲခုံမှ ဖြတ်သွားသည်ကို တွေ့ရလေသဖြင့် ဂျူးဂျူး စိုးရိမ်သွား ရချေတော့၏။

ညက သူတို့ တောဆင်ရိုင်းကောင်နှင့် ထိပ်တိုက်ရင်ဆိုင် တွေ့လားမသိ။

ဘုရား… ဘုရား… မဟုတ်ပါစေနဲ့။

သူမ သဲသောင်ပြင်ရှိ ခြေရာတို့ကို လိုက်လံရှာဖွေကြည့် လေရာမှ…

'ဒိန်း...'

တော့စပ်တွင်းမှ သေနတ်သံတစ်ချက် စောစောစီးစီး ကြားလိုက်ရလေတော့ သူမ သက်သာရာရမိချေ၏။ သူမ ညက လည်း သေနတ်သံနှစ်ချက် ကြားလိုက်သည်။

စောတာလူးတို့ စောစောစီးစီး စားစရာသွားရှာလေသည် ဖြစ်ချိမ့်မည်။

သို့ သူမ တွက်လိုက်လေသဖြင့် အနည်းငယ် စိတ်အေး သွားရတော့၏။

သို့ပြား...

ထိုသေနတ်သံပိုင်ရှင်သည် သူမထင်သလို စောတာလူး တို့နှစ်ယောက် မဟုတ်ချေ။

မမျှော်လင့်သောသူဖြစ်နေချေသဖြင့် ဝမ်းသာခြင်း၊ အံ့ဩ ခြင်း ဖြစ်သွားရချေတော့၏။

သူမ လုံးဝထင်မထား။ ထိုလူသည် သူမ၏အချစ်ဆုံး သူငယ်ချင်း ကြူးကြူးမာ ဖြစ်နေသောကြောင့် သူနှင့်အတူ အဖော် မုဆိုးကြီးတစ်ယောက် ပါချေ၏။

'ဟယ်... ညည်းတို့ ဘယ်လိုလုပ် သည်ရောက်နေကြ တာလဲ'

ကြူးကြူးမာက မေးလာလေ၏။

သို့ဆိုတော့ ဂျူးဂျူးက ဦးသောင်းထွန်းနှင့် သစ်ခွမျိုးများ ရှာဖွေထွက်လာကြရင်း မီးလောင်ကုန်းရွာသား မုဆိုးကြီးစောတာလူး တို့နှင့် ဆုံပုံကို ပြောပြလိုက်၏။

ပြီးနောက် ညက အဖြစ်အပျက်ကိုလည်း ပြောပြလိုက်၏။ ယခု စောတာလူးတို့နှစ်ယောက် ပျောက်နေခြင်းကိုလည်း ပြောပြလိုက်လေသည်။

'အမလေးအေ… သူတို့တွက်များ စိတ်ပူနေရတယ်လို့၊ သူတို့က တောရွာသားကြီးတွေ၊ သည်တော သည်တောင်မယ် လှုပ်ရှားနေတဲ့ ဒေသခံမုဆိုးတွေပဲ၊ ဘာမှပူစရာမလိုဘူး၊ ညည်းတို့ ကိုယ့်ကိုယ်ကိုယ် ပူကြစမ်းပါ'

သို့မှသည် ဂျူးဂျူးတို့တူအရီးသည် ကြူးကြူးမာနှင့် ပါသွားကြချေတော့သည်။

❒

စောတာလူးတို့သည် ညတုန်းက…

'ဗွမ်း… ဗွမ်း… ဗွမ်း…'

စောတာလူးနှင့် ဖိုးခွေးတို့သည် တောကြီးမြွေဟောက်သားနှင့် အရက်သောက်လိုက်ကြခြင်းကြောင့် ညဦးအခါတွင် ပူလောင်လာကြသဖြင့် သို့ဆိုသလို ချောင်းတွင်းရေဆင်းစိမ်နေကြ၏။

ခါးလယ်ရှိ ချောင်းစပ်ရေအိုင်တွင်း နှစ်ယောက်သားဆင်းသွား ရေစိမ်ဆော့ကစားနေကြစဉ်…

'ရှပ်… ရှပ်… ရှပ်… ဖလပ်… ရှပ်… ဖလပ်…'

သို့ဆိုသလို ချောင်းကမ်းပေါ်မှ သစ်ရွက်ခြောက်သံတို့ကို ခြေချနင်းသံတို့ဖြင့် သူတို့နှစ်ဦး သတိထားမိကြချေတော့၏။

'ငခွေးရေ… ချောင်းကမ်းပေါ်မယ် သားရဲကောင်ဖြစ်မယ်၊ ချွတ်နင်းလျှောက်သံ ကြားတယ်မဟုတ်လား'

စောတာလူးက ရေကို လက်ဖြင့်ပုတ်ခတ်နေရာမှ ရပ်တန့်ကာ ဖိုးခွေးကို မေးလိုက်ချေ၏။

'ကြားတယ် ဖထီ၊ ဘာကောင်လဲ မသိဘူး'

'နို့ဖြင့် မင်း သည်မယ်နေခဲ့ချေ၊ ငါ ချောင်းကမ်းပေါ် တက်လိုက်ဦးမယ်၊ သားရဲကောင်မဟုတ်ရင် တခြားတိရစ္ဆာန်ကောင် ဆိုလျှင် ငါတို့အတွက် အဆင်ပြေတာပေါ့'

စောတာလူးက သို့ဆိုလျက် ချောင်းစပ်တွင်ချထားသည့် သေနတ်ကို ကောက်ယူ၍ ချောင်းတစ်ဖက်ကမ်းပေါ် ချွတ်နင်းတက် သွားလေတော့၏။

'ဖထီ ငါလည်းလိုက်ခဲ့မယ်'

ဖိုးခွေးကပါ စောတာလူးနောက် ကပ်လိုက်သွားတော့၏။

သို့မှ သူတို့နှစ်ယောက်သည် ချောင်းကမ်းပေါ် ရောက် သွားသည်တွင် ခြေသံကြားရာသို့ လှမ်းကဲကြည့်လိုက်၏။

ညဦးအချိန်ဖြစ်နေသည်ကြောင့် လတ်တစ်လော မျက်စိ အကျင့်မရသေးသဖြင့် ဘာမှရယ်မမြင်ရချေ။ ချွတ်နင်းသံကိုသာ ကြားရ၏။ သို့ကြောင့် စောတာလူးက မျက်လုံးကိုမှိတ်လိုက်ကာ အမှောင်ထုမှ ပို၍မှောင်သွားအောင် ပြုလုပ်လိုက်ချေပြီး မျက်လုံး ကို အသာပြန်ဖွင့်လိုက်ချေ၏။ အသံလာရာသို့လည်း စူးစိုက်ကြည့် လိုက်ချေတော့၏။

မှောင်လာသည်မှ အလင်းရောင်အနည်းငယ်မျှသာရှိသော မြင်ကွင်းကို တစ်ဖန်ကြည့်လိုက်သည်ကြောင့် တောချွတ်နင်းသံကို မြင်လိုက်ကြရ၏။

အလိုလေးဗျာ... ဘာများမှတ်တယ်။ တောင်လိပ်ကောင် ပါကလား။

'ဟား… ဟား… ဟား… ဟား…'

စောတာလူးက သဘောကျစွာ ရယ်မောပြောလိုက်ချေတော့၏။

'လာပါကွာ… သည်လိုပ်ကောင်ကိုတော့ ယူမနေပါနဲ့တော့'

သို့ကြောင့် စောတာလူးနှင့် ဖိုးခွေးသည် ထိုနေရာလေးမှ ချောင်းတွင်းသို့ ဆင်းလာမည်အလုပ်တွင်…

'ဗျော… ဗျော… ဗျော… ဘရော… ဝေါ… ဝေါ… ဝုန်း…'

သို့ဆိုသလို သားကောင်ကြီးတစ်ကောင်၏ ပြေးလွှားတောတိုးသံကြောင့် နောက်ကို ပြန်လှည့်ကြည့်လိုက်ချေတော့၏။

'ဟင်…'

ဘယ်လိုကြောင့်ပါလိမ့်။ ညဦးအချိန် ဆတ်ဖိုကြီးကို တွေ့လိုက်ရသဖြင့် စောတာလူးအတွက် အံ့ဩစရာပင် ဖြစ်ချေတော့၏။

ဟုတ်မှ ဟုတ်ပါလေစ။ သို့အတွက်ကြောင့် စောတာလူးသည် မျက်လုံးကို ပွတ်သပ်ကြည့်လိုက်ပြန်၏။

ဆတ်ဖိုကြီး တောတိုးပြေးလွှားရာမှ ထင်မှတ်မထားလေဘဲ ချုံနွယ်ပင်တို့ကြားက ရုန်းမထွက် ဖြစ်နေပုံပင်။ ဘယ်လိုကြောင့်ပါလိမ့်။ သို့ဆိုတော့ စောတာလူး စဉ်းစားလိုက်၏။ ဆတ်ဖိုကြီးကို သားရဲကောင်က လိုက်လံတိုက်ခိုက် သတ်ဖြတ်နေခြင်းဖြစ်ချိမ့်မည်။ သို့သာဖြစ်နိုင်ချေရှိသည် မဟုတ်ပါကလား။ သို့ကြောင့် စောတာလူးသည် ဆတ်ဖိုကြီးအား လိုက်လံဒုက္ခပေးသည့် သားရဲကောင်ကို စေ့ပိုက်စွာကြည့်လိုက်ချေ၏။

အမှောင်ထုအတွင်း စေ့စေ့ကြည့်လိုက်မိခြင်းကြောင့် သားရဲကောင်ကို တွေ့လိုက်ချေ၏။ သို့ပေမင့် မျက်လုံးအစုံကိုသာ မြင်ရလေခြင်းဖြစ်၏။ ထိုမျက်လုံးအစုံသည် ရွှေလျှားနေလေ၏။ ရဲရဲတောက်နီနေချေ၏။ သို့ဆိုတော့ သေချာပေပြီ။ ဆတ်ဖိုကြီးကို ချောင်းမြောင်းတိုက်ခိုက်ရန် အခွင့်အရေးကို စောင့်နေပုံပင်။ သို့ကြောင့် စောတာလူး တွက်လိုက်သည်မှာ ဆတ်ဖိုကြီးကို သူ ရယူလိုသဖြင့် ထိုသားရဲကောင်ကို ခြောက်လှန့်ထုတ်မည် စဉ်းစား လိုက်မိသည်နှင့် ...

'ဒိန်း...'

လက်တွင်းရှိသေနတ်ဖြင့် ထိုမျက်လုံးနီနီရှိရာ လှမ်းပစ် လိုက်ချေလေ၏။

သို့အသံကြောင့် အိပ်တန်းဝင် ဝါးရောင်းငှက်တစ်အုပ် သည် ဝါးရုံတို့ထိပ်များမှ အပေါ်သို့ လန့်ဖျပ်ပျံသန်းသွားကြ၏။ သို့ပေမင့် လေထဲတွင် ဝဲပဲနေရာမှ တစ်ဖန်ပြန်၍ ဝါးပင်တို့အဖျား ကိုင်းများတွင် နဂိုမူလအတိုင်း နှစ်ကောင်တွဲဆိုသလို နားလိုက်ကြ ပြန်တော့၏။

စောတာလူး ခြောက်လှန့်ပစ်လိုက် သေနတ်သံကြောင့် သားရဲကောင်သည် ကြောက်လန့်တကြား ပြေးလွှားသွားပုံရချေ၏။ ပစ်မှတ် မှန်သွား၏၊ မမှန်ပေါ်၏ကိုတော့ဖြင့် စောတာလူး မသိပါ ချေ။ မည်သို့ပင်ဖြစ်စေ စောတာလူးတို့တွက် သားရဲကောင် ထွက် ပြေးသွားခြင်းပင် ဖြစ်ချေတော့၏။ သို့ဆိုတော့ စောတာလူးသည် ချုံနွယ်ပင်တို့ကြား ပိတ်ညပ်မိနေသည့် ဆတ်ဖိုကောင်ရှိရာသို့လည်း ကြည့်လိုက်ပြန်၏။

'အလိုလေးဗျာ…'

ဆတ်ဖိုကောင်သည်လည်း ပြင်းထန်သော ယမ်းအား ပေါက်ကွဲသံကြောင့် လန့်ဖျပ်သွားကာ အသက်ဘေးမှ လွတ်မြောက်ရေးအတွက် နွယ်ပင်တို့ကြားမှ လွတ်ကင်းရန်အလို့ငှာ အင်အားကို သုံး၍ တွန်းကန်နေလေတော့၏။

စောတာလူးတစ်ယောက် ဆတ်ကောင်၏ကြိုးစားမှုသည် အချည်းနှီးဟု ထင်လိုက်ပေမင့် အလောတကြီး ကြောက်လန့်တကြား ကြိုးစားမှု၏ရလဒ်သည် ထိုဆတ်ဖိုကောင် အချုပ်အနှောင်မှ မထင်မှတ်လေဘဲ လွတ်မြောက်သွားချေတော့၏။

'ဟာ…'

စောတာလူး ထင်မထား။ သို့ကြောင့် လက်တွင်းရှိသေနတ်ဖြင့် ပြေးထွက်သွားသော ဆတ်ကောင်ကို လှမ်းပစ်မည်လုပ်လေပြီးမှ သူကြိုးစားရန်းကန်မှုကို အသိအမှတ်ပြုလေမှ ထွက်လိုက်ကာ အလွတ်ပေးလိုက်ပေပြား…

'ဒိန်း…'

စောတာလူးတစ်ယောက် သူ့ကိုယ်သူပင် နားမလည်နိုင်အောင် ဖြစ်ရတော့၏။

သူ ဆတ်ကောင်ကို အလွတ်ပေးလိုပြား ဘာကြောင့်-မသိစိတ်က ပစ်လိုက်မိပါလိမ့်။ သို့ကြောင့်လည်း ပစ်မှတ်အနည်းငယ်မျှ လွဲချော်သွားပုံရချေ၏။

ဆတ်ဖိုကောင် ပြေးထွက်သွားတော့၏။ ဒဏ်ရာရသွားပုံပင်။

လမ်းတစ်လျှောက် ဆိတ်ဖိုကောင် ထော့နင်း ထော့နင်း ပြေးလွှားလေခြင်းကြောင့် ဖြစ်ချေတော့၏။ သို့ဆိုတော့…

"ပစ်ပြီးမှတော့ မထူးပါဘူး၊ ဒဏ်ရာရသွားပုံပဲ၊ သည်ဒဏ်ရာကြောင့် ဆိတ်ဖိုကောင် ခံစားနေရဦးမယ်၊ နို့ကြောင့် လိုက်ရှာကြတာပေါ့"

စောတာလူးက သို့ပြောကာ ဆိတ်ဖိုကြီး ပြေးသွားရာနောက် လိုက်သွားချေတော့သည်။

ညဥ့်ဦးယံချိန်ဆိုပေမင့် ဝိုးတဝါးမြင်ရသည်ကြောင့် ဆိတ်ဖိုကြီးခြေရာနောက် လိုက်သွားနိုင်ကြခြင်းဖြစ်တော့၏။

ဆိတ်ဖိုကြီးသည် ဒဏ်ရာပြင်းလားတော့ဖြင့် မသိပါချေ။ သွေးတို့ လမ်းတစ်လျှောက် အိုင်ထွန်းကျန်ခဲ့သည်ဆိုငြား ထိုဆိတ်ဖိုကြီးကို တော်တော်နှင့် ခြေရာခံလိုက်မရ ဖြစ်ချေတော့၏။

တစ်ခါတစ်ရံ မြေပြန့်ဖြစ်သွားသဖြင့် မြေပြင်တွင်ရှိ သွေးစက်တို့ကို တွေ့၍ လိုက်သွားရလေခြင်းကြောင့် အဆင်ပြေသေးတော့၏ဟု ဆိုရချိမ့်မည်။

သို့ပေမင့် သူတို့သည် အလင်းရောင်ထွက်ပေါ်လာသည်နှင့်အတူ ဆိတ်ကောင်ကြီးကိုပါ သူတို့ မျက်ခြည်ပြတ်သွားကြတော့၏။ ထူးဆန်းသည်ကား ညဥ့်အချိန်က မြေပြင်တွင်ရှိ သွေးကွက်တို့ကို လွယ်လင့်တကူ ရှာဖွေနိုင်ပေမင့် အလင်းရောင်လာသောအခါတွင်မတော့ သွေးကွက်တို့ မတွေ့ပါတော့ချေ။ ဆန်းတော့အဆန်းသားကလား။ တစ်ခုတော့ရှိသည်။ နေရာလွဲမှားလိုက်ခဲ့ခြင်းကြောင့် မှန်လေလားတော့ဖြင့် မသိပါချေ။

"ဖထိ နို့ဖြစ်လျှင်လည်း ငါတို့ စခန်းပြန်ကြတာပေါ့"

ဖိုးခွေးက မောပန်းနွမ်းနယ်နေပြီဖြစ်သည်ကြောင့် သို့ ပြောလိုက်ချေ၏။

"ဟကောင်ရ… ဘယ်လိုဖြစ်တော့မလဲ၊ ငါတို့ အဲဒီက ထွက်ဖို့ အစီအစဉ်ရှိတယ်လေ၊ သည်တော့ ငါတို့ သည်ရောက်မှ မထူးပါဘူး၊ ရှေ့ခရီးဆက်ကြတာပေါ့"

သို့ဆိုတော့ ဖိုးခွေးက ဓေတာလူးကို စေ့စေ့ကြည့်လိုက်ချေပြီး…

"ဟင်… ဟုတ်လား ဖထိ၊ ဂျူးဂျူးကို အမဲပစ်ထွက်ရင်း ပန်းမျိုးတွေ ရှာပေးခဲ့မယ်ဆို ဂျူးဂျူးက စခန်းကနေ စောင့်နေတော့မပေါ့"

"အေး… ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါတို့ ချောင်းမြောင်းဖြတ်ထွက်လျှင်ဖြင့် အချိန်တွေကြာသွားဦးမယ်၊ ငါတို့ ဘယ်ရောက်နေပြီလဲဆိုတာ အမှန်ဝန်ခံရလျှင် ငါလည်းမသိဘူး၊ အတန်ကြာ တောတိုးပြီး ဝါးခုတ်သမားတွေကို တွေ့တော့မှ မေးကြည့်ရလိမ့်မယ်"

ဘုရားရေ… သို့ဆိုတော့ သူတို့၏ လမ်းစပျောက်နေသည့် သဘောပေါ့။

သို့အသိကြောင့် ဖိုးခွေး စိတ်ဓာတ်ကျသွားတော့၏။

"နို့ဖြင့် ဘယ်လိုလုပ်မလဲ"

"ပြောပြီး မဟုတ်လား၊ ရှေ့ဆက်သွားမယ်၊ ဝါးခုတ်သစ်ခုတ်သမားတွေနဲ့ဆိုမှ မေးစမ်းကြည့်မယ်"

သို့ဆိုတော့လည်း ဖိုးချွေး ဘာပြောရပါလိမ့်မည်နည်း။

စောတာလူး သွားရာနောက် လိုက်ရုံသာရှိချေတော့သည်ပဲ။

သို့မှသည် လူတို့ ဆတ်ဖိုကောင်ကြီးကိုလည်း မတွေ့။ မည်သည့်သားကောင်မှလည်း မတွေ့။ လမ်းလည်း မမှတ်မိသည့်ပြင် တစ်ညလုံး မအိပ်ရလေခြင်းကြောင့် ပင်ပန်းနွမ်းနယ်နေကြချေပြီဖြစ်သည်ကြောင့်…

'ဖထီ… နားဦးမယ်ဗျာ၊ အိပ်လည်း အိပ်ချင်ပြီ'

သို့ဆိုတော့…

သစ်ပုပ်ပင်ကြီးတစ်ပင်အောက်ခြေတွင် ရှင်းလင်းလိုက်ကာ သစ်ပင်ကို ကျောမှီတ်အိပ်လိုက်ချေတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ဝူး…'

'ဝူးလ်…'

'ဝူးလ်…'

သို့အသံကြောင့် အိပ်ရာမှ နိုးထလာကြတော့၏။

ဘုရားရေ… အတော်လှမ်းလှမ်းက ကြားရသော ဆင်ကောင်၏အသံပါကလား။

အိမ်ဆင် တောဆင်တော့ဖြင့် သူတို့ မသိကြပါချေ။

အိမ်ဆင်ဖြစ်လို့ကတော့ သူတို့အဆင်ပြေလေ၏။ သို့ကြောင့် ထိုဆင်ကောင်ကို စောင့်စားကြည့်နေလိုက်ကြ၏။

သို့မှ…

'နေဦး… ဖိုးခွေး၊ ငါတို့ ဘယ်ရောက်နေမှန်း မသိရတော့ ခုအသံက တောဆင်ရိုင်းကောင်ဖြစ်နေလျှင် ငါတို့ ဒုက္ခရောက်နိုင်တယ်၊ သည်ကောင်ကြီး အဲလိုအော်ဟာစ်လာနေပုံကြည့်ပြော ရလျှင်ဖြင့် ငါတို့ သည်ကြောထိပ်လောက်က ဖြစ်နေတာ၊ ငါတို့နဲ့ ထိပ်တိုက်တိုးနိုင်တယ်၊ အိမ်ဆင်ဖြစ်နေမယ်ဆိုလျှင်ဖြင့် အကြောင်း မဟုတ်ဘူး၊ တောဆင်ရိုင်းဖြစ်နေလျှင်ဖြင့် သေနေဦးမယ်၊ သည် တော့ သည်အပင်ပေါ်တက်နေကြလျှင် မမှားဘူးကွ'

သို့ စောတာလူး ပြောသလိုပင် သူတို့နှစ်ယောက် သစ်ပုပ် ပင်ကြီးအပေါ် ဖက်တက်သွားကြတော့၏။ သူတို့ ကံကောင်းသည် မှာ ထိုသစ်ပုပ်ပင်ကြီး၏ ခွဆုံသည် ၂၀ ပေခန့်သာရှိလေသဖြင့် အဆင်ပြေသည်ဟု ပြောရချိမ့်မည်။

သို့မှ စောတာလူးနှင့် ဖိုးခွေးသည် သစ်ပုပ်ပင်ကြီးခွဆုံ အကိုင်းပေါ်သို့ ရောက်သွားလေတော့၏။

'ဝူး…' 'ဝူး…'

ဆင်ကောင်သည်ပင် တစ်စတစ်စ သူတို့နှင့် နီးလာပုံပင်။

စောတာလူးနှင့် ဖိုးခွေးသည် ဆင်ကောင် ကောင်လုံးမြင် လိုလှပြီဖြစ်သည်ကြောင့် ရင်ထိတ်နေကြတော့၏။ အတန်ကြာတွင် သူတို့ ဆင်ကောင်ကို တွေ့လိုက်ကြတော့၏။

ဘုရားရေ…

အံ့ဩခြင်းနှင့်အတူ ထိတ်လန့်လို့လည်း သွားချေတော့၏။

သူတို့ မြင်လိုက်ရသည်မှာ ပိန်ရှည်ရှည် တောဆင်ရိုင်း ကောင်ကြီး ဖြစ်ချေတော့၏။

တစ်ကောင်တည်းမဟုတ်။ သုံးကောင်ဖြစ်ချေ၏။

ခပ်ကြီးကြီးနှစ်ကောင်နှင့် အငယ်လေးတစ်ကောင်ဖြစ်ချေ၏။ သို့ဆိုတော့ သားထိန်းသားသည်အမေနှင့် သားပေါက်လေးသာ ဖြစ်ချေရှာမည်။

ဟူး… တော်ပါသေးရဲ့။ စောတာလူး ဆုံးဖြတ်ချက်မှန်သွားပေလို့။

သို့ပေမင့်လည်း သူတို့ အသံမပြု မလှုပ်ရှားရဲဖြစ်ချေ၏။

တောဆင်ရိုင်းကောင်သုံးကောင်သည် သူတို့ရှိသည့် သစ်ပုပ်ပင်ကြီးအောက်တွင်ရောက်သည်တွင် ခေတ္တမျှ နားနေကြပြီး အဝေးသို့လှမ်းမျှော်ကာ အသံပြုနေကြတော့၏။

ဘုရားရေ… နီးနီးကပ်ကပ် ဆင်အော်သံသည် ကြောက်မက်ဖွယ်ကောင်းသေးတော့၏။ ဖိုးခွေးတစ်ယောက် တုန်လှုပ်လို့ နေချေတော့၏။

'မြဲမြဲကိုင်ထား ပြုတ်ကျလို့ကတော့ မင်း သေပြီသာမှတ်'

စောတာလူးက သတိပေးသလိုနှင့် ခြိမ်းခြောက်လေခြင်း ဖြစ်တော့၏။

သို့ဆိုတော့ ဖိုးခွေးသည် ဖက်တွယ်လာသော အင်အားယုတ်လျော့လာသည်ဟု ခံစားရချေတော့၏။

'ဖထီ ကျွန်တော် မနိုင်တော့ဘူး'

တိုးညင်းစွာ ပြောလာချေသဖြင့် စောတာလူးတစ်ယောက် ကြောက်ဒူးတုန်နေသော ဖိုးခွေးကို သနားမိတော့၏။

'စိတ်သိပ်မလှုပ်ရှားနဲ့လေကွာ၊ သို့လည်း သတိပေး ဖိုးခွေး

သည်လည်း အော်လို့ ကြောက်ကြောက်လန့်လန့်ကြားမှ ပြုတ်မကျလေအောင် လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်ကိုင်ထားလိုက်ချေ၏။

'ဝူး…' 'ဝူး…'

'အူး… ဝူး…'

တော်ပါသေးရဲ့။ တောဆင်ရိုင်းကောင်တို့သည် ခပ်လှမ်းလှမ်းမှ ဆင်ကောင်တို့၏အသံ ကြားလိုက်သည်နှင့် ထိုအသံလာရာသို့ သွက်လက်သောခြေလှမ်းများဖြင့် ထွက်သွားကြလေတော့၏။

'သူတို့အုပ်စုကွဲနေကြတာလည်း ဖြစ်မယ်'

တောဆင်ကောင်တို့ အဝေးသို့ ရောက်သွားလေမှ စောတာလူးက ဖိုးခွေးကို အသံကျယ်ကျယ်ပြောလိုက်ချေတော့၏။

အတန်ကြာတွင် သူတို့ သစ်ပုပ်ပင်ခွဆုံမှ အောက်သို့ ဆင်းခဲ့ကြလေတော့သည်။

ကြောက်ဒူးတုန်နေသော ဖိုးခွေးတစ်ယောက် ငါးပေခန့် အမြင့်နေရာ ရောက်သည်တွင်မတော့ မြေပြင်သို့ ခြေလွတ်လက်လွတ်ကျသွားချေတော့၏။

'ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟိ… ဟိ… ဟား… ဟား…'

ဖိုးခွေး၏ဖြစ်အင်ကို ကြည့်ပြီး စောတာလူးတစ်ယောက် သဘောကျနေချေတော့၏။

သို့ပေမင့်လို့ ဖိုးခွေးကို လက်ဆွဲထူလိုက်ချေပြီး…

'တောဆင်ကောင်တွေ သွားပါပြီကွာ၊ ဘာကြောက်နေတာလဲ'

"ဟာ... ဇထီကလည်း ကြောက်ရတာပေါ့၊ ငါ့မှာ မနည်းကုပ်တွယ်ထားရတာရယ်၊ အားစိုက်မှုကြာလာတော့ ယုတ်လျော့တယ် ထင်ရတယ်ကွာ"

"ဟင်း... ဟင်း... ဟင်း... နို့ပေါ့ကွာ၊ စိတ်လှုပ်ရှားလျှင်ဖြင့် အဲလိုဖြစ်တတ်သားကလား၊ နောက်ဆုံးမှာတော့ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကို တည်ငြိမ်အောင်ထားလိုက်"

သို့မှ သူတို့သည် ဆင်ကောင်သွားရာဝန်းကျင်ဘက်သို့ ထွက်ခဲ့ကြပြန်တော့သည်။

သို့ နှစ်ယောက်သား လျှောက်ခဲ့ကြရာမှ သစ်ပင်ထူထူတောသို့ ရောက်ခဲ့ကြပြန်၏။ အောက်ပေါင်းရှုပ်သည်လည်း ပြောမရ။ ရှင်းသည်လည်း ပြောမရ။ ဘယ့်တွက်မူ သစ်ပင်ကြီး၊ သစ်ပင်ငယ်တို့ ခပ်စိတ်စိတ်ပေါက်နေကြသလို ချုံပုတ်ပင်တို့ချည်း သက်သက်လည်း ပေါက်နေကြသည်မှာ လူခါးစောင်းသာသာရှိလေခြင်းဖြစ်၍ ချုံပုတ်နွယ်ပင်တို့ကြား သွားလမ်းကလေး ဖြူးနေသည်ကြောင့် ဖြစ်ချေ၏။

သို့ပေမင့်လို့ စောတာလူးနှင့် ဖိုးခွေးသည် ရှေ့တစ်မျှော်လှမ်းလှမ်းသို့ လှမ်းတွေ့လိုက်ရသည်ဆိုငြား မြေပြင်အောက်ခြေကိုတော့ဖြင့် မတွေ့ရပါချေ။

သို့မှ...

"ဝူး..."

"ဝူး..."

"ကျွီလ်..."

'ဝူး… ကျီးလ်…'

သို့အသံကြောင့် စောတာလူးက သူ့နောက်မှ ကပ်လိုက်လာသော ဖိုးခွေးကို လှည့်ကြည့်လိုက်ချေပြီး…

'ရှေ့ခပ်လှမ်းလှမ်းမယ် တောဆင်ရိုင်းကောင်တို့ အသံကြားရတယ်၊ ငါတို့ ရှေ့ဆက်သွားလို့ မရနိုင်လောက်ဘူး'

သို့ ပြောလိုက်ချေသဖြင့် ဖိုးခွေးတစ်ယောက် မျက်လုံးပြူးကျယ်ထွက်ခဲ့ရတော့၏။

'ဟင်… နို့ဖြင့် ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်လို့မှ မရဘူး၊ ငါတို့ တခြားလမ်းကနေသွားရလိမ့်မယ်'

စောတာလူးက သို့ပြောလည်းပြော၊ ဘေးပတ်ဝန်းကျင်ကို ကြည့်၍ ပြောလာလေခြင်းဖြစ်၏။

အတန်ကြာတွင် သူတို့သွားလမ်းဘယ်ဘက်ရှိ လမ်းမြောင်လေးသို့ ခြေဦးလှည့်လိုက်ချေကာ…

'သည်လမ်းကသွားလျှင်ဖြင့် ငါတို့ ဘယ်ရောက်သွားနိုင်မလဲ'

သို့ပြောလေသည်တွင်မတော့…

'အလိုလေး… ဖထီးရယ်၊ ငါက ဘယ်လိုလုပ်သိနိုင်မှာတုံး၊ ဖထီးတောင် မသိသေးတာလေ၊ ဟင်း… ဟင်း… ဟင်း…'

'အေးလကွာ… ငါလည်း မသိလို့ပေါ့၊ ဟုတ်ပြီလေ… ငါတို့ သွားလမ်းရှေ့မယ် တောဆင်ရိုင်းကောင် ရှိနေမှတော့ သည်လမ်းမြောင်လေးကပဲ သွားကြတာပေါ့၊ ငါစိတ်ထင်တာ ငါတို့

သည်က သွားလျှင်ဖြင့် 'ပန်းပုပ်ကြီး' ကို ရောက်နိုင်မယ်ထင်တာပဲ'

သို့မှ စောတာလူးနှင့် ဖိုးခွေးသည် သူတို့ ခြေဦးတည့်ရာ လမ်းမြောင်လေးအတိုင်း တောတိုးခဲ့ကြပြန်တော့၏။ သို့ဆိုတော့…

'ဟာ…'

အတန်ကြာ လျှောက်ခဲ့ပြီးသည်တွင် စောတာလူးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသည်မှာ ဝက်ဝံညိုကြီးတစ်ကောင် ဖြစ်ချေ တော့၏။

သို့ဆိုတော့ လူသားနှင့် ဝက်ဝံ ၁၀ ပေသာသာခန့်ရာ လောက်အကွာဝေးရောက်သည်ကြောင့် ဝက်ဝံကောင်ကလည်း သူ့ရန်သူ လူသားနှင့် မမျှော်လင့်ဘဲ ရုတ်တရက်ရင်ဆိုင်လိုက်ရလေ ခြင်းကြောင့် သူ့လက်ဦးမှုတစ်ခု လုပ်ရမည်ကို သိလိုက်သဖြင့်…

'ဂါး… ဂရူး… ဂါး…'

သို့ အော်ဟစ်လိုက်ချေပြီး သူ့ရှေ့ ၁၀ ပေကျော်ကွင်သာ ရှိနေသည့် လူသားကို ရုတ်ခြည်းပြေးလွှားတိုက်ခိုက်လေတော့၏။ သို့ တစ်ပြိုင်နက်ဆိုသလိုပင် လူသားဖြစ်သည့် စောတာလူးသည် လည်း မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်သည့် ဝံကောင်ကို လက်ဦးမှုရယူလိုသော်လည်း စောတာလူးသည် သူ၏သေနတ်ကို ဝံကောင်ထံ လှမ်းချိန်လိုက်ပေမင့် မောင်းထိန်းခလုတ်ကို ဆွဲညှစ်ရန် အပြုတွင် ဝံကောင်သည် သူ့အား ခုန်အုပ်တိုက်ခိုက်လာနိုင်၏။ စောတာလူးသည် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်မည်ပြု သော တစ်ဒင်္ဂအချိန်ကလေးတွင်မတော့ ခြေချော်လဲကျသွားတော့ ၏။

ဖိုးခွေးကတော့မူ ဝံကောင်နှင့် ထိပ်တိုက်တွေ့သည်ဆို ကတည်းက နောက်ကြောင်းပြန်ပြေးလွှားသွားပြီဖြစ်၏။

'အား...'

စောတာလူးတစ်ယောက် မြေပြင်ပေါ်သို့ လဲကျသွားသည် နှင့် ဝံကောင်ညိုကြီးသည်လည်း လူ့ခန္ဓာကိုယ်ပေါ် အုပ်မိုးကျလာ သည်တွင်...

'ဒိန်း...'

'ဒိန်း...'

မမျှော်လင့်ဘဲ သေနတ်သံနှစ်ချက် ကြားလိုက်ရသည်နှင့် အတူ ဝံကောင်ညိုကြီးသည် လေထဲမှာပင် နှစ်ပေလောက် လွင့် ထွက်သွားချေပြီး မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပြီးကျလာလေ၏။

'ဘုတ်...'

စောတာလူးနှင့် ပွတ်ကာသီကာ မြေပြင်သို့ ကျသွားလေ ခြင်းကြောင့် ဝံကောင်ညို သေနတ်မှန်သွားသည့်ဒဏ်ရာမှ သွေးတို့ ပန်းထွက်လာခြင်းသည် စောတာလူးထံ လွင့်စင်လာချေတော့၏။

အချို့ ပါးစပ်တွင်း စီးဝင်သွားတော့သဖြင့်...

'ဖွီးလ်...'

ငကြိုကြို အရသာချွဲပျစ်ပျစ်ကြောင့် သို့ဆိုသလို ထွေးထုတ် လိုက်ချေတော့၏။

သို့ဗြား ဝံကောင်၏ လက်တစ်ဖက်သည် ဘွားခနဲ သူ့ မျက်နှာမှ ပေါ်လာ၏။

'ဟာ...'

သို့ပေမင့်လို့ လှုပ်ရှားနိုင်ခြင်းမရှိသဖြင့် တော်ပေသေး တော့၏။ သို့မဟုတ်ပါက ဝံကောင်ညိုကြီး၏ ချွန်မြသောလက်သဲ ကွေးကွေးကြီးများက သူ၏မျက်နှာကို ကုတ်ခြစ်သွားနိုင်လောက် ချေ၏။ သို့ပေမင့် စောတာလူး ကပျာကသီ ကုန်းရုန်းထလိုက်၏။

'ဟင်…'

သူ့အား ကယ်တင်လိုက်သူမှာ အခြားမဟုတ်။ သူတွေ့လို မြင်လိုသည့်သူ ဖြစ်ချေ၏။ သူ့အား သွားတက်လေးပေါ်ရုံ ပြုံးပြ လာချေပြီး…

'ဖထီ ဘာမှမဖြစ်သွားဘူး၊ ဟုတ်လား'ဟု မေးလေတော့ ၏။

'တာပလူးအားကြီးလော်'

'ကျေးဇူးအများကြီးတင်တယ်ကွာ'လို့ ပြောရင်း လင်းမြင့် လှိုင်၏ နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်နှင့် တပူးတွဲတွဲရှိနေသည့် မုဆိုးကို ကိုပိုက် သည်လည်း သူ့အား ပြုံးစစမျက်နှာပေးဖြင့် ကြည့်လာချေပြီး…

'ဖထီ ဘယ်လိုကဘယ်လို သည်ရောက်လာတာလဲ၊ တစ်ယောက်တည်းလား'

သို့ဆိုတော့မှ စောတာလူးတစ်ယောက် ဖိုးခွေးကို သတိရ လိုက်ချေတော့၏။ 'စောကလော'ဟု ရေရွတ်မိချေတော့၏။

ဖိုးခွေးတစ်ယောက် ဘယ်ရောက်သွားပါလိမ့်။

'ငခွေး ပါတယ်၊ သည်ကောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ အတော်အားကိုးရတဲ့ကောင်'

'ဟင်း… ဟင်း… ဟင်း… ဖထီတော့ တကယ် အားကိုးရလောက်သူကို ခေါ်လာတာပါကလား'

'နို့…နေပါဦး၊ ဆရာလေးတို့ကရော သည့်ကို ဘယ်လို ရောက်လာကြတာတုံး၊ တိုက်တိုက်ဆိုင်ဆိုင် တော်ပါသေးရဲ့'

'သည်ဝံညိုကောင်ကြီးနောက်ကို ကျွန်တော်တို့ လိုက်ပါ လာကြတာ၊ နို့ကြောင့် ဖထီနဲ့ ထိပ်တိုက်တိုးတဲ့အခါ ကျွန်တော်တို့ အချိန်မီကယ်နိုင်တာပေါ့'

'ဟော… ဟော… ဟိုမယ် ငခွေး၊ ခွေးကောင်'

စောတာလှူးက ရှေ့ခပ်လှမ်းလှမ်းမှ ရှက်ခြောက်တို့ပေါ် နင်းလျှောက်သံကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် ဖိုးခွေးကို တွေ့သဖြင့် သို့ ပြောလိုက်ချေတော့၏။

'ဖထီကလည်း ငါ့မယ် ဘာလက်နက်မှမပါဘဲ လှည့်ပြေး မှာပေါ့'

'မင်း ငါ့ကို ဝိုင်းကူဖို့ရော မစဉ်းစားမိဘူးလား'

'အဲလို စဉ်းစားမိလို့ လှည့်ပြေးတာပေါ့'

'ဘာကွ… မင်း ဘာကိုပြောတာလဲ၊ ရှင်းအောင်ပြော ကွာ'

'ဩော်… ဖထီကလည်း ဖထီနဲ့ ထိပ်တိုက်တွေ့လို့ ဖထီတစ်ယောက် ဝံကောင်ညိုကြောင့် ဒုက္ခဖြစ်ခဲ့လျှင်ဖြင့် ကူညီနိုင် ဖို့ ကျွန်တော် အသက်ရှိနေရမယ်လေ၊ နို့မှ ရွာကို ပြန်အကြောင်းကြား နိုင်တာပေါ့'

'သွားစမ်း ခွေးကောင်၊ ထွီ…'

'ဟား... ဟား... ဟား... ဟား.... ဟဲ... ဟဲ... ဟား... ဟား... ဟား...'

ဖိုးခွေးစကားကြောင့် လင်းမြင့်လှိုင်နှင့် ကိုပိုက် သဘောကျ ရယ်လိုက်ကြချေတော့သည်။

သည်သို့ဖြင့် စောတာလူးနှင့် ဖိုးခွေးကို ကျပ်မြောင်တွင်း မမျှော်လင့်ဘဲ တွေ့လိုက်ခြင်းဖြစ်တော့၏။

သို့မှသည် စောတာလူး ပြောပုံအရ သူတို့ ဂျူးဂျူးဆိုသည့် အမျိုးသမီးတို့တူအရီးနှင့် တွေ့ဆုံကြခြင်းကို ကျွန်တော်တို့အား စောတာလူးက ပြန်လည်ပြောလာသဖြင့် သိလိုက်ကြချေတော့၏။

'အေး... ကျွန်တော်တို့လည်း ဂျူးဂျူးနဲ့တွေ့ချင်ပါတယ်၊ မိန်းကလေးမုဆိုးဖြစ်နေတာရယ်၊ ပြီးတော့ မုဆိုးစည်းကမ်း သိနေတာရယ်ကြောင့် စိတ်ဝင်စားမိပါတယ် ဖထီရယ်'

'နို့ သူတို့က ခု ကတွတ်မြောင်မှာပဲပေါ့'

'အင်း... သူတို့ ဆက်နေဦးမယ်ဆိုတော့ ကတွတ်မြောင် မှာပဲပေါ့၊ အဲ... သူတို့ ပြန်ကြမယ်ဆိုလျှင်ဖြင့်တော့ မရှိလောက် ဘူးလေကွာ'

'ကဲ... ဖထီ၊ ကျွန်တော်တို့ စပါးကြီးမြောင်ဘက်သွား မယ်၊ ဖထီ ပြန်တော့မှာလား'

'အေး... ငါ ရွာအပြန် သားကောင်တစ်ကောင် ထမ်းပြန် ချင်လို့ ဆရာလေးတို့နဲ့ လိုက်ခဲ့လျှင် ကောင်းမလားလို့'

သို့ စောတာလူး ပြောသည်တွင် ဖိုးခွေးက...

'အမလေး... ဖထီရယ်၊ ပြောလိုက်လျှင်ဖြင့် ငါ သား

ကောင်တစ်ကောင် ထမ်းပြန်မလားပဲဖြစ်ရတယ်၊ တကယ်တမ်း သားကောင်ရလျှင်ဖြင့် အကောင်သေးလျှင် ငါပဲ ထမ်းရမှာပါ၊ သားကောင်ကြီးလျှင်ဖြင့်တော့ နှစ်ယောက်တူတူထမ်းရမှာမဟုတ်လား၊ ငါ ထမ်းပြန်မယ်ဖြစ်ရသေးရဲ့၊ ဟင်း… ဟင်း…'

သို့ ဖိုးခွေးက ပြောလေသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် ပြုံးမိကြတော့၏။

သည်ဆရာတပည့်နှစ်ယောက် မတည့်အတူနေကြပါကလား။

သို့မှ ကျွန်တော်တို့သည် စောတာလူးတို့ ဆရာတပည့်နှစ်ယောက်နှင့်အတူ ဝံကောင်ညိုသေကြီးကို နှစ်ယောက်တစ်တွဲတစ်လှည့်စီထမ်းပိုးရင်း စပါးကြီးသို့ ထွက်လာခဲ့ကြတော့၏။

လမ်းတွင် ဝါးခုတ်တဲတွေ့သည်ကြောင့် ထိုတဲတွင် ခေတ္တနားလိုက်ကြကာ ဝံကောင်ညိုကြီးကို အရေဆုတ် အသားဖျက်လိုက်ကြတော့၏။

ဝါးခုတ်တဲမှ ဝါးခုတ်သမားသုံးယောက်၏ အကူအညီဖြင့် ဝံကောင်ညိုကြီးအား အသားဖျက်လိုက်သည်နှင့် သူတို့ ချက်ပြုတ်ကျွေးသည်ကို စားလိုက်ကြပြီး ကျွန်တော်တို့ စားကြရန်အလို့ငှာ အညီးငယ်မျှသာ ယူလာကြပြီး ကျန်သည်များကို ထိုဝါးခုတ်သမားတို့က ပေးခဲ့ကာ စပါးကြီးမြောင်သို့ ထွက်ခဲ့ကြပြန်လေ၏။

'စပါးကြီးဘက်မယ် တောဝက်တွေပေါတယ်လို့ ဝါးခုတ်သမားက ပြောလိုက်တာပဲ'

သို့ လင်းမြင့်လှိုင်က ပြောလာသည်ကြောင့်…

'ငါတို့တွေ တောဝက်ကောင်ကိုပဲ ပစ်ကြမှာလား'

'ဟုတ်တယ်လေ၊ ကျွန်တော်တို့ကို မိတ်ဆွေတစ်ယောက်က တောဝက်မာန်စွယ်ရလျှင် ယူခဲ့ပါ ဈေးကောင်းပေးမယ်ဆိုလို့ အမဲပစ်ထွက်လာတဲ့အတူတူ တောဝက်ကောင်တွေကို ရှာပစ်မယ်လို့ စပါးကြီးမြောင်ဘက် လာခဲ့ကြတာ'

သို့ ကျွန်တော်က ပြောလိုက်၏။

'အဲလိုဖြင့်လည်း ကောင်းတာပဲလေ'

စောတာလူးက ပြောလေ၏။

'ငါတော့ ဝက်သားစားချင်တာနဲ့ အတော်ပဲ'

သို့ ဖိုးခွေးကလည်း ပြောလာလေ၏။ သို့ကြောင့်...

'မင်း ဝက်သားစားချင်လျှင်ဖြင့် မပူပါနဲ့၊ နို့ပေမင့်လို့ တစ်ခုတော့ မင်း ငါ့ကို ကူညီရမယ်' လို့ ကျွန်တော်ကပြောလိုက်၏။

'ဘာများတုံး'

'မင်းကို တည်ကြက်လုပ် တောဝက်ကောင်ကို ပစ်မယ် ဆိုလျှင်ဖြင့် ဝက်မျိုးစုံရနိုင်မယ် ထင်တာပဲ'

'ဗျာ...'

သို့ဆိုတော့ ဖိုးခွေးတစ်ယောက် မျက်လုံးမျက်ဆန်ပြူးသွား ချေတော့၏။

'ဘာလဲ... မင်း မလုပ်ရဲဘူးလား'

လင်းမြင့်လှိုင်က သို့မေးလာလေသဖြင့်...

'ဘယ်လိုလုပ်ရမှာတုံး'

မေးလာပြန်၏။

'မင်း ဝက်ကောင်ကိုစပြီး ထွက်ပြေး၊ ဝက်ကောင်က မင်းကို ဒေါသတကြီးလိုက်တဲ့အချိန်မယ် ငါတို့က မင်းဆီမရောက်ခင် ဝက်ကောင်ထိအောင်ပစ်မယ်လေ၊ နို့လည်း ဝက်မာန်စွယ်ဖြစ်နိုင်တာပဲ၊ ဟင်း… ဟင်း…'

သို့ လင်းမြင့်လှိုင်က ပြောသဖြင့် စောတာလူးက…

'ဟာ… ဆရာလင်းကလည်း ငါ လုပ်ပေးပါ့မယ်'

'ဘယ်လို ဖထီက လုပ်ပေးမှာတုံး'

'ဟ… ထုံးစံအတိုင်း ငါ ဝက်ကောင်ကို ဒေါသထွက်အောင် စပစ်လိုက်ပြီး ငါ့ကို ပြေးပက်မယ့်အချိန် ငါက သစ်ပင်ရှေ့ကနေပြီး ဝက်ကောင် ငါ့ကို ဒေါသတကြီးနဲ့ထိုးလာတဲ့အခါ ငါရှောင်နိုင်လျှင် ငါ့ကိုမထိဘဲ သစ်ပင်ကို ထိုးမိပြီး အစွယ်ကျိုးကျန်ခဲ့လျှင်လည်း ဝက်မာန်စွယ်ရပြီပေါ့'

သို့ပြောလာသည့် စောတာလူးကို ကျွန်တော် ပြုံး၍ကြည့်လိုက်ချေပြီး…

'တကယ်တော့ ကျွန်တော်တို့က အဲလိုပဲ လုပ်မှာပါ၊ ခုဟာက သက်သက်မဲ့ ဖိုးခွေးကို နောက်ပြောတာပါ'

လို့ ပြောလိုက်ချေတော့၏။

'ဟာ… ဆရာလေးတို့ကလည်း ငါ့ကိုစရအောင် ငါက ကလေးမှမဟုတ်တာ'

'ကလေးမဟုတ်ဘူးလည်းဆိုသေး ကြောက်တတ်ရန်ကော၊ စောစောက နောက်ပြောင်ပြောခဲ့တာကို မင်းက ကြောက်နေတာမဟုတ်လား'

သို့ဆိုတော့ ဖိုးခွေး ငြိမ်သွားလေ၏။

သို့မှသည် ကျွန်တော်တို့သည် စကားတပြောပြောဖြင့် လျှောက်ခဲ့ကြရာမှ စပါးကြီးမြောင်အနားသို့ ရောက်လာကြချေပြီ ဖြစ်တော့၏။

'နေဦး ဖထီး၊ သည်မယ် ငှက်ပျောပင်တွေတွေ့တုန်း တဲအမိုးတွက် ငှက်ပျောရွက်တွေ ခုတ်သွားချေမှ'

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

သို့ဖြစ်သည်ကြောင့် ကျွန်တော်တို့သည် ငှက်ပျောတော အတွင်းသို့ ဝင်လိုက်ကြကာ ငှက်ပျောရွက်တို့ကို ခုတ်လိုက်ကြတော့ ၏။

ငှက်ပျောတောအတွင်း ငှက်ပျောပင်အချို့ အောက်ခြေ မြေသားများ လဲပြိုနေသည်ကို တွေ့လိုက်ကြ၏။

'တောဝက်ကောင်တွေ အခြေကိုတူးပြီး ပက်ထားတာ လေ'

သို့ လင်းမြင့်လှိုင်က ပြောလာ၏။

'ငါတို့ စခန်းတဲထိုးပြီးလျှင် သည်ငှက်ပျောတောဘက်မယ် ပဲ လာပြီး တောဝက်ကောင်ပစ်လျှင် မကောင်းဘူးလား၊ ဝက်ခြေရာ တွေကြည့်ရတာ မကြာခင်က လာသွားပုံပဲ'

သို့ စောတာလူးက အကြံပြုပြောပြ၏...

'ကျွန်တော် သည်နားရောက်ဖူးတယ်၊ ခပ်လှမ်းလှမ်းမယ် ရှိတဲ့ ချောင်းနံဘေးလေးမယ် ဆားကျင်းရှိတယ်၊ အဲဒီကိုလာတဲ့ ဝက်ကိုပဲ စောင့်ပစ်တာ ပိုကောင်းမယ်ထင်တယ်'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် တလေးတစားကြည့်မိ၏။

စေ့စပ်သေချာသော လင်းမြင့်လှိုင်ပါကလား။

သို့မှ ကျွန်တော်ရှိသည့် ငှက်ပျောရွက်တို့ကို ထမ်းလာခဲ့ကြတော့၏။ သို့မှသည် လင်းမြင့်လှိုင် ပြောသော ဆားကျင်းသို့ရောက်လာကြချေ၏။

ဆားကျင်းတွင် လတ်လတ်ဆတ်ဆတ် သားကောင်တို့၏ခြေရာများ တွေ့ရချေ၏။ အများအမြင်တော့ ဝက်ကောင်တို့ခြေရာဖြစ်လို့နေချေ၏။

'ကဲ… ကျွန်တော်တို့ သည်မယ် သားကောင်လာပစ်တာဝိုကောင်းမယ်မဟုတ်လား၊ ကြည့်စမ်း… ဟောဟိုမယ် ဗိတောက်ပင်ကြီးရှိတယ်၊ အဲဒီကနေ တောဝက်ကောင်ကို မှူးပစ်လျှင်မကောင်းပေဘူးလား'

သို့ဆိုတော့ ကျွန်တော် တွက်ကြည့်၏။

ဆားကျင်းနှင့် ဗိတောက်ပင်ကြီးသည် ကိုက်တစ်ရာသာသာမျှသာ ဝေးနိုင်ပေ၏။ ကျွန်တော်တို့ ဗိတောက်ပင်ကြီးနောက်တွင် ပုန်းနေချေပြီး ဝက်ကောင်တို့ ရောက်လာလေမှ လိုချင်သောဝက်ကောင်ကို ရွေးပြ၍ စ,ပစ်ပါက အဆင်ပြေလောက်မည်ဟုတွက်မိသေးတော့၏။

'တော်တယ် ကိုလင်း'

သို့မှ ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းတွင်ရှိ တောင်ကုန်းမို့မို့လေးပေါ် တက်လိုက်ကြ၏။

ထိုတောင်ကုန်းမို့မို့လေးတွင် ချုံပုတ်နွယ်ပင်များ ရှိလေသဖြင့် အတော်ပင်ဖြစ်ချေ၏။

ထိုတောင်ကုန်းမို့မို့လေးပေါ်တွင် တဲတစ်လုံးထိုးလိုက်၏။ ထိုတဲမှလှမ်းကြည့်လျှင် ဆားကျင်းကို မြင်ကွင်းကျယ်ကျယ်မဟုတ်တောင်မှ မြင်နိုင်လောက်၏။

သို့ဆိုတော့ အဆင်ပြေသွားကလား။

သို့ဖြင့် ကျွန်တော်တို့သည် ရေမိုးချိုးလိုက်ကြပြီး စခန်းတဲလေးတွင် နားနေလိုက်ကြတော့၏။ ကျွန်တော်တို့တွင်လည်း ဝံကောင်သားမီးကင်များ ပါလာသည်ကြောင့် ရိက္ခာအတွက် လတ်တစ်လော ရှာရန်မလိုသည်ကိုး။

ခရီးပန်းလာကြသည်ဖြစ်၍ နားနားနေနေ နေလိုက်ကြပြီး နောက်နေ့နံနက်တွင်မှ တောဝက်ကောင်ကို ချောင်းမြောင်းစောင့်ပစ်မည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ညနေစောင်းလေးတွင် ဖိုးခွေးတစ်ယောက် ချောင်းတွင်းဆင်းသွားကာ ငါးပုံးထောင်ခဲ့ချေ၏။

"မင်း ငါးပုံးထောင်တာ နောက်ကျလို့ကွာ၊ နို့မဟုတ်သည်ညကို ငါတို့ ငါးမီးကင်နဲ့ မြည်းလိုက်ရရင် သိပ်ကောင်းမှာပဲ"

သို့ ကျွန်တော်က ငါးပုံးထောင်ပြီး ပြန်လာသော ဖိုးခွေးကို ပြောလိုက်လေ၏။ သည်တွင် ဖိုးခွေးက ကျွန်တော့်အား ပြုံး၍ကြည့်လာချေပြီး . . .

"ဆရာလေးရယ် . . . ဘယ်ကလာ နောက်ကျရမှာတုံး၊

ချောင်းထဲမယ် ပုံးထောင်ထားတုန်း မြောင်ထဲဝင်ပြီး လှေ့လာထား
တယ်လေ၊ ရေအိုင်တွေမယ် ငါးတွေအများကြီးတွေ့ခဲ့တယ်၊ မှောင်စ
ပျိုးလောက်သွားပြန်ဖော်လျှင်ဖြင့်လည်း ဆရာလေးတို့တွက် အမြည်း
လောက်ကတော့ ရနိုင်လောက်ပါတယ်၊ မပူပါနဲ့ဗျာ'

'မင်း တကယ်ပြောတာလား'

'ဆရာပိုက်ရယ်... ဝံကောင်မှီးကင်သားတွေ ရှိလျှက်ဗျာ၊
ဘာလို့များ ငါးကင်စားချင်ရတာတုံး'

စောတာလူးက သူ၏သေနတ်ကို လွယ်ထားရာမှ လှမ်း
ပြောလာချေတော့၏။

'ဝံကောင်သားက ပွစိစိနဲ့၊ ပြီးတော့ မီးကင်ထားတာဆို
တော့ ပိုလို့တောင် မကောင်းသေးတာဗျာ၊ နို့ကြောင့် ငါးကလေး
များ ရမလားလို့ပါ၊ မရတော့လည်း ဝံကောင်မီးကင်ပဲပေါ့၊ ဖထီ
ရယ်၊ ဟဲ... ဟဲ... စိတ်ကူးကြည့်တာပါ'

'အင်း... နို့လည်း ဟုတ်တာပဲ ဆရာလေးရဲ့၊ သည်လို
လုပ်လေ၊ တော်ကြာနေ ငါ အမဲထွက်ပစ်ပေးမယ်လေ'

စောတာလူးက စေတနာဖြင့်ပြောလာခြင်းဖြစ်ပေ၏။ သို့
ပေမင့်...

'ဖထီရယ်... မသွားပါနဲ့၊ သည်ညနေ သေနတ်သံထွက်
လို့မဖြစ်ဘူး'လို့ ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် နား
မလည်နိုင်စွာ ကြည့်လိုက်တော့၏။

ကျွန်တော့်အကြည့်အဓိပ္ပာယ်ကို သိလိုက်သည့် လင်းမြင့်
လှိုင်က သူ့ဝသီအတိုင်း ကျွန်တော့်အား သွားတက်လေးပေါ်ရုံ
ပြုံးပြလာချေပြီး...

'ကျွန်တော်တို့ ပစ်လိုက်တဲ့ သေနတ်သံကြောင့် တောကောင်တွေ အဝေးကြီးကနေကြားတာ အကြောင်းမဟုတ်ပေမင့် တောဝက်ကောင်တွေ ပြေးသွားလို့တော့ မဖြစ်ဘူးဗျ ကိုပိုက်ရဲ့၊ ကျွန်တော်တို့ တောဝက်ကောင်ရဲ့မှန်စွယ် လိုတယ်လေ၊ နို့ကြောင့် သည်ကို တမင်လာပြီး တောဝက်ချောင်းပစ်ဖို့ မဟုတ်လား၊ နို့ဆိုတော့ တောဝက်တွေ သည်ညမှာ ထိတ်လန့်ပြီးအဝေးထွက်ပြေးရင် ကျွန်တော်တို့ရှိနေမှန်း သူတို့ သည်နေရာမယ် အန္တရာယ်ရှိတယ်ဆိုတာ မသိရအောင် ငြိမ်နေမှဖြစ်မဗျ'

အလိုလေးဗျာ၊ သို့ဆိုတော့လည်း အဟုတ်သားကလား။ တကယ်တော့ တောတိရစ္ဆာန်ကောင်များသည် သဘာဝအလျောက် ပါးနပ်ကြသည်သာ ဖြစ်တော့၏။

တောဝက်ကောင်သည် လူတို့၏အနံ့ကို ကောင်းကောင်း သိချေတော့၏။ သို့ဖြင့် ပြောသလို သေနတ်သံ သည်နေရာမှကြားပါလျှင် နောက်တစ်နေ့ သည်နေရာကို လာချင်မှလာကြပေရော့မည်။ သို့ကြောင့် ကျွန်တော်တို့သည် သိုသိုဝှက်ဝှက် သိုသိုသိပ်သိပ်နေကြမှ ဖြစ်မည်ကိုး။

သို့ဆိုတော့လည်း လင်းမြင့်လှိုင် ပြောသလိုပင် နေလိုက်ကြတော့၏။

သို့ပေမင့်လို့ ညနေစောင်း မှောင်လုလုတွင် ကျွန်တော်တို့ ဝီစကီလေးသောက် ငြိမ်သက်နေစဉ် ဖိုးခွေးတစ်ယောက် သူထောင်ထားသည့် ငါးပုံတို့ရှိရာ ထွက်သွားချေတော့၏။

'မင်း လာက်နက်ယူသွားဦး'

မှောင်စပျိုးလေပြီဖြစ်၍ ကျွန်တော်က ဖိုးခွေးကို ပြောလိုက်၏။

'စခန်းနဲ့ နီးပါတယ် ကိစ္စမရှိပါဘူး၊ ငါ့ခုတ်ဓားပါတယ်'

သို့ဆိုလျက် ဖိုးခွေးသည် ဓားမတို ခါးကြားထိုး ဓာတ်မီး ယူ၍ ထွက်သွားချေတော့၏။

စောတာလူးက ကျွန်တော်တို့ကိုကြည့်၍ ဝံကောင်သား မီးကင်ကို အသားနွှင်နေချေ၏။

မွှေနေအောင်နွှင်ပေးပြီး သူတွင်ပါသည့် ဆီပုလင်းတွင်းမှ ဆီတို့ကို ဆမ်းလိုက်၏။ အထုပ်လေးနှင့်ယူလာသော အချိုမှုန့်များကို ဖြူးလိုက်၏။ ပြီး ဆားလေးအနည်းငယ်ဖြူးလိုက်ချေ၏။

'ကဲ… ရော့၊ ဝံကောင်သားမီးကင် ပွစိစိဆိုပေမင့် ခုလို ဆီလေးဆမ်း အချိုမှုန့်လေး ဘာလေးဖြူးလိုက်တော့ ဆရာလေး အကြိုက်ဖြစ်မှာပါ'

စောတာလူးက သို့ဆိုလျက် ဝံကောင်သားမီးကင်ဆီဆမ်းကို လာပေးလေ၏။

'ဖထီရော သောက်ပါဦးလား'

'ရတယ်… ငါ မသောက်ပါဘူး၊ မင်းတို့ပဲ သောက်ပါ၊ ငါ ကွမ်းစားချေဦးမယ်'

သို့ဆိုလျက် စောတာလူးသည် ကွမ်းတစ်ယာ သူ၏ ခါးပိုက်ဆောင်တွင်းမှ ထုတ်ကာ ဝါးနေချေတော့၏။

လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားလေးအဖုံးကို ဖွင့်လိုက်ချေပြီး ဝါးခွက်နှစ်ခွက်တွင် တစ်ပက်စီ လောင်းထည့်လိုက်လေ၏။

ပြီး သူ၏ခွက်တွင်းသို့ ရေရောထည့်လိုက်၏။

'ကိုပိုက် ထည့်မလား'

'အင်း… သိပ်မများစေနဲ့'

သို့ဆိုတော့ ကျွန်တော်တို့နှစ်ယောက်သည် ရေရောပြီး ဝီစကီကို တစ်ခွက်စီ ယူမော့သောက်လိုက်ကြချေတော့၏။

အမြည်းတစ်ဖတ် ကောက်ယူဝါးလိုက်၏။ ဘုရားရေ… အချိုမှုန့်လူးထားတော့လည်း အဟုတ်သားကလား။

သို့ရှိစဉ်…

'အား… အား… အောင်မလေး… အား… အ… ဖထီ… ဖထီ… လုပ်ပါဦး'

သို့အသံနှင့်အတူ ဖိုးခွေးတစ်ယောက် ချောင်းဘက်က ပြေးလာသည်ကြောင့် လင်းမြင့်လှိုင်၊ စောတာလူးနှင့် ကျွန်တော် တို့သည် လှမ်းကဲကြည့်လိုက်ကြ၏။

'ဘာဖြစ်တာလဲ'

ကျွန်တော့်စကားဆုံးသည်နှင့် ဖိုးခွေးပြေးရာနောက် လိုက် လာသော သတ္တဝါကောင်ကို တွေ့လိုက်ချေတော့၏။

'ဟာ…'

'ဟင်…'

'အို…'

သုံးယောက်သား မတိုင်ပင်ဘဲနှင့် နံဘေးရှိသေနတ်တို့ကို ကောက်ယူ၍ ဖိုးခွေး ပြေးလာရာဆီသို့ မျက်နှာချင်းဆိုင် ပြေးသွား လိုက်ကြတော့၏။

'ဟေး…' 'ဟေး…' 'ဟေး…'

သို့နှယ်လည်း သုံးယောက်စလုံး ပြောသံပေးလိုက်ကြ၏။ ပြေးသွားကြ၏။

ဖိုးခွေးနှင့် မျက်နှာချင်းဆိုင်နီးကပ်သွားသည်တွင်မတော့ လူသားတို့ ဆူဆူညံညံအသံကြောင့် ဖိုးခွေးနောက်လိုက်ပါ ဒုက္ခပေးရန်ကြံနေသော သတ္တဝါကောင်ကြီးသည် လန့်ဖျပ်ရပ်တန့် နောက်လှည့်ပြေးသွားချေလေ၏။

စောတာလူးက နောက်လှည့်ပြေးသွားသော သားကောင်ကို သေနတ်ဖြင့် လှမ်းပစ်လိုက်လေသည်တွင် လင်းမြင့်လှိုင်က ကပျာကသီ သေနတ်ပြောင်းကို ဖယ်တွန်းလိုက်ချေပြီး…

'ဖထီး… မလုပ်နဲ့၊ မလုပ်နဲ့၊ သူ ထွက်သွားပြီပဲ၊ ပစ်စရာ မလိုတော့ပါဘူး'

'ဩော်… သည်ဝံကောင်တော့ ငါပစ်ချင်တာ လက်ကို ယားနေတာပဲ'

စောတာလူးက သို့ မချိတင်ကဲပြောလေတော့၏။

'ဝံကောင်သားက စားကောင်းတာလည်းမဟုတ်၊ ပြီးတော့ ကျွန်တော်တို့မှာလည်း ဝံကောင်သားတွေ အများကြီးရှိတာပဲ၊ နို့ဆို တော့ ဘာလို့ သေနတ်သံပေးရမှာလဲ၊ မဟုတ်လား ဖထီး၊ နက်ဖြန် အတွက် စိတ်ရှည်မှပေါ့'

'အေးပါ… ငါက သတိတစ်ချက်လွတ်သွားတာကြောင့်ပါ၊ မင်းတို့ ငါ့ကို တားနိုင်တာပဲ၊ နို့ ဖိုးခွေး မင်းက ဘယ်လိုလုပ် ဝံကောင်နဲ့တိုးရတာတုံး'

သို့ စောတာလူးက ဖိုးခွေးကို မေးလိုက်ချေ၏။

"ဖထီရယ်... ငါ ငါးပုံးထောင်ထားတဲ့ မြောင်ထဲဝင်သွားတာ သည်ကောင်ကြီး မြောင်ထဲရှိတာ မသိဘူးလေ၊ ငါးပုံးထောင်တဲ့နေရာရောက်တော့ သည်ကောင်ကြီးကို လှမ်းတွေ့လိုက်ရတဲ့အခါဝေးလောက်တဲ့နေရာမယ် ငါးပုံးက ရှိနေပြန်တော့ မထူးတော့ပါဘူးဆိုပြီး ရှေ့နည်းနည်းဆက်သွား၊ ငါးပုံးကို ဖော်လိုက်တယ်ဆိုလျှင်ပဲ သည်ဝံကောင်က ငါ့ကို ပြေးလာတိုက်ခိုက်တာပဲ၊ ငါကလည်း သူ့ကို ပြန်တိုက်တယ်၊ ဘယ်ရပါ့မလဲ၊ အခွင့်သာတဲ့အချိန် အလွတ်ပြေးလာခဲ့ရတာပေါ့၊ နို့ပေမင့် သည်ဝံကောင် ဖွဲ့တော့အကြီးသားကလား၊ မဖြစ်မနေ ငါ့ကိုလိုက်တာပဲ၊ နို့ကြောင့် ကြောက်လန့်တကြား အော်ဟစ်ပြေးရတာပေါ့။ နို့ပေမင့် ဆရာလေးတို့တွက်တော့တာဝန်ကျေလုပ်နိုင်ခဲ့ပါတယ်"

ဖိုးခွေးက သို့ပြောပြီး သူ့လက်တွင်းမှ ငါးပုံးကို ပြလာလေ၏။

ဘုရားရေ၊ ငါးရံ့ခေါင်းတိုကြီးကြီးသုံးကောင်နှင့် အသေးနှစ်ကောင် ငါးပုံးအတွင်းမှ ထွက်ကျလာချေတော့၏။

"မင်းကို ငါ ချီးကျူးပါတယ်ကွာ"

သို့ ကျွန်ုပ်တော်က ပြောလိုက်ကာ ပြုံးပြလိုက်ချေတော့၏။

"ပေး... ပေး... မင်း နားနေချေ၊ ငါ သည်ငါးတွေကိုင်လိုက်မယ်၊ ပြီးတော့ မီးကင်လိုက်မယ်၊ ဆရာလေးတို့ ဆာနေတယ်ဆိုပေမင့် ခဏလေးပါ၊ ငါးအနေး ပုစွန်အကွေးဆိုတာ ရှိတယ်မဟုတ်လား"

'ဟုတ်ပါ့ဗျာ'

သို့မှ ကျွန်တော်တို့ ဝီစကီသောက်နေစဉ်တွင်မှာပင် ငါးကင်ပူပူနွေးနွေးကို အမြည်းအလို့ငှာ စားလိုက်ကြရချေတော့၏။

စောတာလူးနှင့် ဖိုးခွေးသည် အဖန်ရည်သောက်၊ ဝက်သားမီးကင်မြည်း၊ ငါးကင်စားဖြင့် လေးယောက် မျက်နှာချင်းဆိုင်စကားစမြည်ပြောနေကြချေတော့၏။ သို့မှ ညဉ့်နက်လာသည်တွင် စောတာလူးက စခန်းတဲရှေ့ရှိ ထင်းပုံကြီးကို မီးရှို့လိုက်ချေတော့၏။

သို့ဆိုတော့ စခန်းတဲဝန်းကျင်တစ်ဝိုက် မီးအလင်းရောင်ရလိုက်ချေတော့သည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော် ဝီစကီသောက်၍မပြီးခင်အချိန်အတော်ကြာမှာပင် စောတာလူးနှင့် ဖိုးခွေးတို့ အိပ်ရာဝင်သွားကြတော့၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အတော်ညဉ့်နက်သည့်တိုင် ဝီစကီသောက်နေကြသေးတော့၏။

ပတ်ဝန်းကျင်တွင် သားကောင်ကြီးများ အဝေးမှ ဟိန်းသံ၊ လေတိုးတိုက်သံနှင့် တောကြက်များ ဆူဆူညံညံကြောင့် ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေကြသလို သောက်၍လည်း ကောင်းနေကြသေးတော့သည်။

သို့မှသည် နောက်ဆုံး ကျွန်တော်တစ်ယောက်တည်းသာကျန်နေတော့၏။ လင်းမြင့်လှိုင်သည်လည်း တဲကြမ်းခင်းပြင်ပေါ်အိပ်လိုက်ချေပြီဖြစ်တော့၏။ ဘာကြောင့်ရယ်မသိ။ ကျွန်တော်မျက်လုံးတွေကြောင်နေပေ၏။ အိပ်လို့မပျော်။ တဲကြမ်းခင်းပေါ်လှဲအိပ်ပေမင့် မျက်လုံးအကြောင်သားဖြင့် မြနှံထထိုင်လိုက်ရချေ၏။ သို့မှသည် မီးပုံနားသွားလိုက်၏။

မိုးလှုံ့ရင်း တောင်တောင်အီအီ စဉ်းစားနေမိချေတော့သည်။

'တောက်… တောက်… တောက်… တောက်…'

'တောက်… တောက်… တောက်…'

တဲနှင့်ခပ်လှမ်းလှမ်း ကျွန်းပင်မှ သို့ဆိုသလို သစ်တောက်ငှက်၏ အစာကောက်သံကို ညကြီးမင်းကြီး ကြားလိုက်ရ၏။

အံ့ဖွယ်ပင် ကောင်းသေးတော့၏။ ညဉ့်နက်သန်းခေါင် သစ်တောက်မ အစာကောက်သံကို ယခုမှ ကျွန်ုပ်တော် ကြားဖူးခြင်း ဖြစ်၏။ သို့ကြောင့် ထိုအသံလာရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး လိုက်တော့၏။

အလိုလေးဗျာ… ကျွန်ုပ်တော် ထင်ထားသည်မှာ သစ် တောက်ငှက် အစာကောက်နေသည်ဆိုပေမင့် ယခု သို့မဟုတ်ပါ ကလား။

အသံတော့ ကြားနေရ၏။ သစ်တောက်ငှက်ကောင်ကို တော့မှ မတွေ့ရပါချေ။ သို့ဆိုတော့ ထိုသစ်ပင်၏ တစ်ဖက် တစ်ချက်တွင်ရှိနေသည် ဖြစ်ချိမ့်မည်။

သို့ဆိုတော့ ကျွန်ုပ်တော် အမှတ်တမဲ့နေလိုက်တော့၏။

ကျွန်ုပ်တော် ဓာတ်မီးနှင့်ထိုးလိုက်သည့် သစ်ကိုင်းခြောက်မှ သို့အသံထွက်နေသည်ကိုတော့ ထင်းထင်းကြီး ကြားနေရ၏။

ထိုကိုင်းခြောက်တစ်ဖက်တွင် သစ်တောက်ငှက် ရှိနေခြင်း ဖြစ်မည်။

သို့ပေမင့်လို့ ကျွန်ုပ်တော် ဓာတ်မီးကိုပိတ် အတွေးတစ်ပိုင်း တစ်စကို ဖြန့်ထားလိုက်စဉ်မှာပင်…

'တောက်… တောက်… တောက်… တောက်…'

ဘုရားရေ… သစ်တောက်ငှက်သည် ထိုအပင်မှ မဝေးလောက်သော သစ်ပင်ဆီသို့ ရောက်လာ အစာကောက်နေပြန်သည် ဖြစ်ချိမ့်မည်။

သည်တစ်ခါကနီးနီးဆိုတော့ အကောင်ကိုမြင်ရနိုင်လောက်၏။ သို့ ကျွန်တော်က တွက်မိ ဓာတ်မီးဖြင့်လှမ်းထိုးလိုက်ပြန်၏။

ထိုအပင်၏ ကိုင်းခြောက်တစ်ခု လှုပ်ခါယမ်း တတောက်တောက်အသံလည်း ကြားနေရ၏။ သစ်တောက်ငှက်ကိုတော့ဖြင့် မတွေ့မိ။ သည်တစ်ခါတွင်လည်း ထိုငှက်ကောင် တစ်ဖက်ခြမ်းမှ အစာကောက်နေခြင်းဖြစ်၏။

ကျွန်တော် မီးပိတ်လိုက်ပြန်၏။

မီးပုံတွင်း ထင်းခြောက်တို့ ထည့်လိုက်ပြန်၏။ မီးခဲတို့ကို တုတ်ဖြင့်ဆွပေးလိုက်လေသဖြင့် မီးတောက်ကြီးဖြစ်လာပြန်၏။

'တောက်… တောက်… တောက်… တောက်…'

ဘုရားရေ… ကြားရပြန်ပြီ။ သည်တစ်ခါ ကြားရခြင်းသည် ထင်းမီးပုံတွင် မီးစာအဖြစ်ထိုးထည့်ထားသည့် သစ်ကိုင်းခြောက်ကိုင်းထက်မှ ဖြစ်ချေ၏။

ပိုသေချာရန် ကျွန်တော် ဓာတ်မီးဖြင့် ထိုအကိုင်းခြောက်ကို လှမ်းထိုးလိုက်၏။

ဘုရားရေ… အံ့ဖွယ်ပင်ကောင်းသေးတော့၏။

ထိုသစ်ကိုင်းခြောက်သည် မီးတောက်လောင်လို့နေပါကလား။ တတောက်တောက်အသံလည်း ကြားနေရပါကလား။

သစ်တောက်ငှက် အစာကောက်သည်တော့ မဖြစ်နိုင်။ သည်တစ်ခါ ရှင်းရှင်းကြီးဖြစ်ချေ၏။

သစ်ကိုင်းခြောက် လှုပ်ခါနေ၏။ ထိုကိုင်းခြောက်တွင် သစ်တောက်ငှက်မပြောလေနှင့်၊ ယင်ကောင်လေးတစ်ကောင်ပင် မရှိပါချေ။ သို့ဆိုတော့ ကျွန်တော် တစ်စုံတစ်ရာစဉ်းစားလိုက်မိသည်ကြောင့် ကြက်သီးများ ထသွားခဲ့ရတော့၏။

'ဘုရားရေ… ဘုရား… ဘုရား…'

သို့ပင် တမ်းတမိသေးတော့၏။

ကျွန်တော် တောခြောက်ခံရသည်လား။ သို့တည်းမဟုတ် တစ္ဆေသရဲ၏ ခြောက်လှန့်ခြင်းခံနေရသည်လား မသိပါချေ။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ချွေးချေးများပျံလာလေတော့၏။

ကြောက်လန့်တကြားဖြစ်မိလေ၏။ သို့ကြောင့် လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်ခြောက်လှန့်ပစ်မည်အလုပ်တွင်…

'ကိုပိုက်… ကိုပိုက်… မပစ်နဲ့၊ မပစ်နဲ့'

သို့အသံနှင့်အတူ လင်းမြင့်လှိုင် ကျွန်တော့်နား ရောက်လာချေတော့၏။

'ကိုပိုက် များနေပြီ၊ အိပ်ချေတော့'

'မဟုတ်ဘူး၊ ကိုလင်း မတွေ့ဘူးလား၊ မကြားဘူးလား၊ တစ်တောက်တောက်နဲ့ ထင်းခြောက်လှုပ်ခါနေတယ်၊ ကိုလင်း မမြင်ဘူးလား'

'မြင်တယ်၊ ကြားတယ်'

'နို့ကြောင့် သည်ကောင်ကို ဆုံးမမလို့'

'မလိုပါဘူး ကိုပိုက်ရယ်၊ တောတောင်ထဲမယ် ကျွန်တော်တို့တွေ သည်တစ်ခါပဲ ကြုံဖူးတာမှမဟုတ်တာချည်း ကိုပိုက်ရယ်၊ ခဏခဏကြုံဖူးတာပဲ၊ အဲလိုပဲ အသံပြု ခြောက်လှန့်တာကလွဲလို့ လူကို ဒုက္ခပေးတာမှ မဟုတ်တာချည်း၊ ဘာကြောင့်များလဲလို့ဗျာ တော်နေ ရပ်သွားလိမ့်မယ်'

သို့ဆိုတော့လည်း အဟုတ်သားကလား။ သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ပြုံးပြလိုက်ချေပြီး တဲပေါ်တက် ကြမ်းခင်းပေါ် လှဲချလိုက်တော့၏။

ကျွန်တော် မကြာလိုက်သောအချိန်တွင် အိပ်ပျော်သွားချေတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ကိုပိုက်... ကိုပိုက်... ကိုပိုက်...'

သို့အသံပြု လှုပ်ခါသည်ဆိုသဖြင့် အိပ်ရာမှနိုးလာရချေတော့၏။

'ကျွန်တော်တို့တွေ ဆားကျင်းဘက် ခပ်စောစောသွားကြမှထင်တယ်၊ ဆားကျင်းကို သတ္တဝါကောင်လေးတွေမရောက်ခင် ရောက်ထားနှင့်မှဖြစ်မယ်ဗျ'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကိုကြည့်ပြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်၏။

ပတ်ဝန်းကျင်တွင် မှောင်လို့နေချေသေးတော့၏။ သို့ပေမင့်...

'အောက်အီအီးအွတ်'

'အွတ်... အွတ်... အွတ်... အောက်အီအီးအွတ်'

သို့ဆိုသလို စခန်းနောက်ဘက် ချုံပုတ်နွယ်ပင်ဘို့ကြားမှ ကြက်ဖတွန်သံကို ကြားလိုက်ရတော့၏။

'အင်း... အလင်းလာတော့မှာပဲလေ'

သို့ ကျွန်တော်က မြည်တမ်းပြုလိုက်ရင်း အိပ်နေရာမှ လူးလဲထလိုက်ချေတော့၏။

'သည်ကြက်ကောင် နောက်ဘက်ချုံပုတ်နွယ်ပင်နားမယ် ရှိတယ်၊ ငါ သွားပစ်ချေဦးမယ်'

သို့ဆိုလျက် ဖိုးခွေးက ပြောလေသဖြင့်...

'အေး... မင်း ရအောင်ပစ်ခဲ့ချေ၊ ပြီးတော့ ငါတို့ ပြန်လာလျှင် စားဖို့ အဆင်သင့်လုပ်ထားချေ'

စောတာလူးက ဖိုးခွေးကို သို့ဆိုသလိုပြောလိုက်ချေပြီး သူ၏သေနတ်ကိုယူ၍ စခန်းတဲလေးမှ ဦးဆောင်ထွက်သွားချေတော့၏။ သို့ဖြစ်၍ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း သူ့နောက် လိုက်သွားရင်း...

'ငခွေး... မင်း တောကြက်ကို ရအောင်ပစ်ထားချေ၊ အပြန်ကျ ငါတို့တွက် အမြည်းတော့ဖြစ်မှာပါကွာ'

သို့ဆိုသလို ကျွန်တော်က လှမ်းအော်ခဲ့ချေ၏။ ဖိုးခွေး တစ်ယောက် စခန်းတဲနောက်ဘက် ချုံပုတ်ပင်တို့ရှိရာ သွားလိုက်သည်ကို တွေ့ရ၏။ ဖိုးခွေး၏လက်နက် လောက်လေးခွအပြင် ငါးပုံးသုံးပုံးခန့်လည်း တွေ့ရသဖြင့် ဖိုးခွေးတစ်ယောက် ကြက်ကောင်ကို သွားရောက်ပစ်ရင်း ချောင်းထဲသို့သွားကာ ငါးပုံးထောင် ဦးမည်ကို သိလိုက်ချေတော့၏။

သို့ဖြင့် လင်းမြင့်လှိုင် ကျွန်တော်နှင့် မုဆိုးကြီးစောတာလူး တို့သည် ဆားကျင်းရှိရာသို့ သွားလိုက်ကြ၏။ ဝေလီဝေလင်း အချိန်ပင်ရှိသေးတော့၏။ ကျွန်တော်တို့သည် ဆားကျင်းနှင့် မဝေး လောက်သော ဗိတောက်ပင်ကြီးအောက်ရောက်သည်တွင် ရပ်လိုက် ကြရင်း အဝေးသို့လှမ်းကဲကြည့်လိုက်ကြ၏။

ဆားကျင်းတွင်မတော့ ဖွတ်ကောင်တစ်ကောင် ရောက်နှင့် နေသေးသည်မှလွဲ၍ အခြားသားကောင်တို့ရောက်မလာသေးမှန်း သိသာချေ၏။

'ကျလိ... ကျလိ... ကျလိ... ကျလိ...'

ကျေးငှက်တို့ ပျော်ရွှင်နေကြတော့၏။ ဆားကျင်းတွင်ရှိ ဖွတ်ကောင်သည် သူ၏ ရှည်လျားသောလျှာကြီးကို ထုတ်လိုက် သွင်းလိုက် လုပ်နေချေတော့၏။

ပြီး ဆားကျင်းမြေကို တို့ကာ လျက်ကာ ပြုလုပ်နေချေ၏။

'ဗိုးချေးသာပါလျှင် သူ သူ့လောက်လေးခွနဲ့ ဖွတ်ကောင် ကြီးကိုပစ်မှာ သေချာတယ်'

သို့ဆိုသလို စောတာလူးက ပြောလာချေ၏။

'ဖထီကရော ဖွတ်ကောင်ကို ပစ်ချင်လို့လား'

ကျွန်တော်က မေးလိုက်၏။

'မဟုတ်ရပါဘူး ဆရာပိုက်ရယ်၊ တောဝက်ကောင်ကိုသာ စိတ်ထဲမှာထားပါတယ်'

'ကျွန်တော်တို့ တောဝက်ကောင် အလျင်လာလျှင် ကောင်းမယ်၊ ဘာလို့လဲဆိုတော့ တခြားသားကောင်တွေဆိုလျှင်ဖြင့်

လွယ်လင့်တကူဖြစ်နေတော့ကာ ပစ်ချင်စိတ်ရှိလို့ စိတ်ကို လွှင့်ပစ်လိုက်မယ်ဆိုလျှင်ဖြင့် ကျွန်တော်တို့ တောဝက်ကောင်မာန်စွယ် ရဖို့ဆိုတာ သိပ်မသေချာတော့ဘူး'

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာလေ၏။

'နို့တော့လည်း တောစောင့်နတ်မင်းကြီးကို ပသတိုင်တည်လိုက်ပေါ့ဗျာ'

ကျွန်တော်က ပြောလိုက်ချေ၏။ သို့ဆိုလေပြီး ကျွန်တော်ကပင် တောစောင့်နတ်မင်းကြီးကို…

'နတ်မင်းကြီးခင်ဗျား… ကျွန်တော်တို့အား ငှဲညှာသော အားဖြင့် ဆားကျင်းရှိရာသို့ အခြားသတ္တဝါလေးများ ရောက်မလာမီ တောဝက်ကောင် ရောက်လာပါစေလို့'

ကျွန်တော်က ဆုတောင်းလိုက်ချေတော့၏။

ကျွန်တော်၏ ယုံကြည်မှုကြောင့်လား၊ တိုက်ဆိုင်လို့လား တော့ မသိပါချေ။ အတန်ကြာတွင် ထိုဆားကျင်းဆီသို့ ဆူဆူညံညံ အသံတို့ဖြင့် ဝက်တစ်အုပ် ရောက်လာချေ၏။ သို့ဆိုတော့ စောစော က ဖွတ်ကောင်သည် ဘာကြောင့်ရယ်မသိ တောဝက်တို့ သူ့နား မရောက်မီ နောက်လှည့်ပြေးသွားချေတော့သည်။

'ကွိ… ကွိ… ကွစ်.. ကွစ်… ဘွဲ… ကွစ်… ကွိ…'

'ကွိ… ကွစ်… ကွိ… ကွစ်… ကွိ…'

ထိုတောဝက်ကောင်အုပ်ကို ဦးဆောင်လာသည့် တောဝက်ကောင်၏ ကိုယ်လုံးကိုယ်ထည်သည် ပြားပြားရှည်ရှည်ဖြစ်ချေ

၏။ ခန္ဓာကိုယ်တွင် အမွေးကြမ်းတို့ ထိုးထိုးထောင်ထောင် ကျိုးတိုးကျဲတဲရှိချေ၏။

နှုတ်ခမ်းချွန်လေ၏။ မျက်ပေါက် ကျဉ်းလေ၏။ နားရွက်ကုတ်ချေ၏။ နှုတ်ခမ်းတစ်ဖက်တစ်ချက်အစွန်မှ ဖွေးဖွေးဥနေသော အစွယ်ကြီးကားကား ထွက်နေချေ၏။ ကော့ကောက်လို့နေချေ၏။

'ကွိ… ကွိ… ကွိစ်…'

ထိုဝက်ကောင်သည် သို့နှယ်အသံပြုရင်းမှ နောက်ဘက်ပါသော ဝက်အုပ်ကို လှည့်ကြည့်လိုက်ချေ၏။

ထိုဝက်အုပ်သည် ထိုဝက်ကောင်ကြီးအနားရှိ မြေပြင်မှ ဆားငံမြေတို့ကို နှုတ်သီးဖြင့်ထိုးကော် စားသောက်နေကြချေတော့၏။

တောဝက်ကောင်ကြီးသည် အမြီးတယမ်းယမ်းဖြင့် ဗျာများနေချေတော့၏။ ဝက်ကောင်တို့ကြား တိုးဝင်လိုက်၊ ပြန်ထွက်လာလိုက် ဂနာမငြိမ်ရှိချေတော့၏။ ဘာကြောင့်ရယ် မသိပါချေ။

'ကြည့်ရတာ သည်ကောင်ကြီး အစွယ်က ခိုင်တယ်၊ ဘယ်လိုလဲ သူ့ကိုပဲ ပစ်တော့မှာလား'

စောတာလူးက ထိုဝက်ကောင်ကို ငေးစိုက်ကြည့်နေရင်းမှ သို့ဆိုသလို လင်းမြင့်လှိုင်ကို မေးလိုက်ချေတော့၏။

'သူ့အစွယ်ကြည့်ရတာ တော်တော်ထက်မယ့်ပုံ၊ နို့ပေမင့် သည်ကောင် ကျောပေးနေတာဗျ။ သူ့ကို စပစ်လိုလျှင်ဖြင့် အေးအေးလူလူထိုင်စောင့်ရင်း တောဝက်ကောင် ဂျွန်တော်တို့နဲ့ မျက်နှာမူတဲ့အချိန်ကို စောင့်ရလိမ့်မယ်၊ ဘယ်လိုလဲ'

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာလေ၏။

"စိတ်ချပါ… ကြာချင် ကြာပါစေ စောင့်ပစ်ကြတာပေါ့"

စောတာလူးက ပြောလာလေ၏။

သို့ဖြစ်သည်ကြောင့် ကျွန်ုပ်တို့သည် ရှေ့ခပ်လှမ်းလှမ်း အပင်အောက်တွင် အသာပင် စောင့်နေကြတော့၏။

မကြာလိုက်သောအချိန်တွင် တောဝက်ထီးကောင်သည် ကျွန်ုပ်တို့ရှိရာသို့ မျက်နှာမူ စေ့စေ့ကြည့်နေချေတော့၏။ ဘာကြောင့်ရယ်မသိ သူ၏ ဆဋ္ဌမအာရုံကြောင့်လေလား မသိ။ သို့ဆိုသလို ငြိမ်သက်စွာစူးစိုက်လာသည်နှင့် ကျွန်ုပ်တောဝက်များသည် ဆူညံခြင်းကို ရပ်တန့်လိုက်ချေပြီး အားလုံးက ကျွန်ုပ်တို့ရှိရာဘက် စူးစိုက်ကြည့်နေရင်းမှ…

"ကွိ… ကွိ… ကွိ… ကွစ်… ကွစ်… ကွိ… ကွစ်… ကွိ…"

"သည်ကောင်တွေ ကျွန်ုပ်တို့ရှိတာ သိလို့များလား"

သို့လည်း မဖြစ်နိုင်။ သို့ကြောင့် ကျွန်ုပ်တို့သည် ချောင်းဘက်သို့ လှည့်ကြည့်လိုက်ကြတော့၏။

အလိုလေးဗျာ… ကျွန်ုပ်တို့နောက်ဘက်လှမ်းလှမ်း ချုံပုတ်နွယ်ပင်တို့ကြားမှ ဆတ်ဖိုကြီးတစ်ကောင်က ထိုရေအိုင်ဆားကျင်းရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာနေခြင်း ပါကလား။

"ဖတီ လုပ်ငန်းစသင့်ပြီ"

သို့ဆိုသလို ကျွန်ုပ်တော်ပြောလိုက်၏။ ဘယ်တွက်မူ ဆတ်

ကောင်ကြီး ဆားကျင်းနားရောက်လျှင် တောဝက်ကောင်တို့ ပြေးလွှား သွားကြတော့မည်ဖြစ်၍ ကျွန်တော် စောတာလူးကို သတိပေးလိုက်ခြင်း ဖြစ်၏။

'ဖြစ်ပါ့မလား'

စောတာလူးက ဘာကိုစိုးရိမ်နေသည် မသိ။ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေချေတော့၏။

လင်းမြင့်လှိုင်က စောတာလူးကိုကြည့်၍ ကျွန်တော် ထွက်မယ်ဆိုလျက် အပင်ကွယ်မှ ရှေ့သို့လှမ်းထွက်သွားချေတော့၏။

တော်သေးသည်မှာ လင်းမြင့်လှိုင်၏ လှုပ်ရှားမှုသည် တောဝက်ကောင်တို့အား အမှတ်တမဲ့ဖြစ်ချေခဲ့၏။ သူတို့သည် ဦးချိုကားကားနှင့်ဆတ်ကောင်ကြီးကို စိတ်ဝင်စားနေပုံပင်။

ကျွန်တော်တို့သည် သစ်ပင်နောက်တွင်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့် တောဝက်ကောင်တို့ အခြေအနေကိုကြည့်လိုက်ပြီး လင်းမြင့်လှိုင်၏ အခြေအနေကို ကြည့်လိုက်ကြ၏။

လင်းမြင့်လှိုင်သည် သူ၏သေနတ်ကို ဝက်ကောင်ကြီးရှိရာသို့ လှမ်းချိန်လိုက်၏။ မတ်တတ်ရပ်လျက်မှ ချိန်ရွယ်လိုက်ခြင်းဖြစ်၏။

'ဖူးလ်...'

'ဖူးလ်...'

တောဝက်ကောင်ကြီးသည် သို့ဆိုသလို ရှေ့ခြေကို တစ်ချက် နောက်ဘက်ဘက်သို့ယက်လိုက်ပြီး မျက်နှာမူလာချေတော့၏။

'ဒိန်း…'

သို့ရှိစဉ် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်ချေတော့သည်။

ပြင်းထန်သောယမ်းအားပေါက်ကွဲသံကြောင့် တောဝက် ကောင်တို့ ထိုနေရာလေးမှ ကစဉ့်ကလျား ပြေးထွက်သွားကြတော့ ၏။

ကျွန်တော်တို့ နောက်ဘက်တွင်ရှိ ဆတ်ကောင်ကြီးသည် လည်း ကဆုန်ပေါက်လှည့်ပြေးသွားချေတော့၏။ တောဝက်ကောင် ကြီးကတော့မူ လင်းမြင့်လှိုင်ရှိရာသို့ တည့်တည့်ကြီး ဝါးလုံးထိုး ပြေးဝင်လာချေတော့သဖြင့်…

'ကိုလင်း… ကိုလင်း… သတိထား၊ သတိထားနော်'

သို့ဆိုသလို ကျွန်တော်က သတိပေးလိုက်၏။

ကျွန်တော်၏သတိပေးသံက နှေးကွေးလွန်းလှသည် ထင် မိ၏။ ဝက်ထီးကောင်ကြီးသည် လင်းမြင့်လှိုင်အား သူ၏ အစွယ် ကားကားကြီးဖြင့် ထိုးပက်လာချေတော့၏။

'အား…'

ကျွန်တော့်နံဘေးရှိ စောတာလူးက ကြောက်လန့်တကြား အော်ဟစ်လိုက်သလို ကျွန်တော်သည်လည်း 'ဟာ'ဆိုလျက် မျက်လုံး မျက်ဆံပြူးသွားရချေတော့၏။

လင်းမြင့်လှိုင်တစ်ယောက် ဝက်ကောင် အားနှင့်ပြေးပက် လာသည်ကို ရှောင်တိမ်းနိုင်သည်၊ မရှောင်တိမ်းနိုင်သည် မသိပါ ချေ။ သို့ပေမင့်…

'ဖြောင်း...'

'ဂျွတ်...'

'အား...'

သစ်ပင်အခြေကို ဝက်ကောင်၏ဦးခေါင်း အရှိန်ဖြင့် ပြေးဆောင့်လာချေ၏။ လင်းမြင့်လှိုင်တစ်ယောက် ဘေးသို့လွင့်စဉ်လဲပြိုသွားချေတော့၏။

'ကိုလင်း... ကိုလင်း... ကိုလင်း...'

ကျွန်တော်က ကပျာကသီ ပုန်းကွယ်ရာမှထလိုက်ကာ လင်းမြင့်လှိုင်ကို ပြေးပွေ့လိုက်၏။

'ဒိန်း...'

သို့ရှိစဉ် သေနတ်သံတစ်ချက်ကြားလိုက်ရသလို ကျွန်တော့်နားရွက်နားမှ ပွတ်ကာသီကာထွက်သွားပုံရချေ၏။ လေဟာပ်သွားသလို ခံစားလိုက်ရ၏။ သို့ကြောင့် သေနတ်သံလာရာသို့ လှည့်ကြည့်လိုက်လေ၏။

'ဟင်...'

ကျွန်တော့်ကိုယ်ကျွန်တော် မယုံနိုင်ဖြစ်သွား၏။ ဘယ်ကဘယ်လို ပေါ်လာသည်မသိ။ သေနတ်ကိုင်မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရ၏။ ဆံပင်တိုနှံ့နှံ့၊ ပိန်ပိန်သွယ်သွယ်၊ ဂျင်းဘောင်းဘီဖွဖွ ဝတ်ထားသလို စပို့ရှပ်နီရဲရဲလက်တိုကိုလည်း ဝတ်ဆင်ထား၏။

သူမ ကြည့်နေသည်မှာ ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသည့် တောဝက်ကောင်ကို ဖြစ်ချေတော့၏။

သူမလက်ချက်ဖြင့် တောဝက်ကောင် လဲပြိုလူးလှိမ့်ရှားနေ

ချေ၏။ သူမပစ်လိုက်သောကျည်ကြောင့် ဖြစ်ချိမ့်မည်။ သို့ပေမင့် လဲပြိုနေရာမှထ၍ ပြေးသွားနိုင်မည့်ပုံတော့ဖြင့် မမြင်ပါချေ။

'ဟာ… ဂျူးဂျူး'

စောတာလူးက ကျွန်တော့်အရင်ရောက်လာပြီး ခပ်လှမ်းလှမ်းရှိ သူမကိုလည်း လှမ်းကြည့်လိုက်ချေပြီး သို့ဆိုသလို သူမကို ခေါ်လိုက်သံကြားလိုက်ရသဖြင့် ကျွန်တော် တာလူးကို တအံ့တသြကြည့်မိတော့၏။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်ပြန်၏။

'ရတယ် ကိုပိုက်'

လင်းမြင့်လှိုင်သည် လဲလျောင်းနေရာမှ အားယူထလာချေ၏။

'ဘယ်ထိသွားသေးလဲ'

'ဘယ်မှမထိပါဘူး၊ အရှိန်နဲ့ မြေပြင်ပေါ်ကျတာကြောင့် နည်းနည်းနာကျင်တာကလွဲလို့ ဘာမှမဖြစ်ပါဘူး'

'တော်ပါသေးရဲ့'

သို့ပြောလာသူမှာ ကျွန်တော်တို့နားရောက်လာသည့် မိန်းမပျို ပြောလာခြင်းဖြစ်တော့၏။

'မင်း လက်မှန်းတည့်သားကလား'

လင်းမြင့်လှိုင်က သူမကို ကြည့်ကာ ချီးကျူးစကားဆိုလိုက်ချေ၏။

'အစ်ကိုတို့လောက်တော့ မဟုတ်သေးပါဘူး၊ ဟင်း… ဟင်း…'

သို့ပြောလာသည့် သူမကို ကျွန်တော် အံ့ဩတကြီးကြည့်မိချေ၏။ သူမ ကျွန်တော်တို့ကို သိနေသည်များလား။

'ဖထီလည်း ရှိနေတာကိုး'

သူမက စောတာလူးကို ကြည့်၍ပြောလိုက်၏။

'ညည်းဦးလေးကော ပါလား'

'ပါတယ်၊ နောက်မယ် ကျန်ခဲ့တယ်'

'ဘာလို့တုံး'

စောတာလူးက မေးလေ၏။

'ကျွန်မ တောဝက်သံကြားလို့ ချောင်းမြောင်းလာတာ၊ ဦးလေးကို အနှောင့်အယှက်ပေးဖြစ်မှာစိုးလို့ နောက်မှာကျန်ရစ်ခိုင်းတာ၊ သည်ရောက်တော့ တောဝက်ကောင်နဲ့ သည်အစ်ကိုကို လှမ်းမြင်ရတယ်၊ ဖထီတို့ကိုတော့ အမှန်ပဲပြောရလျှင် မမြင်မိဘူး'

'အစ်ကိုလေးက တောဝက်ကောင်ကိုပစ်လိုက်တယ်၊ ချော်သွားပြီး တောဝက်ကောင်က ဒေါသနဲ့ ပြန်ပက်တာ ကံသီပေလို့ အစ်ကိုလေး အရှောင်မြန်ပေလို့ပေါ့၊ တောဝက်ကောင်ကို ကျွန်မက အလွတ်မပေးလိုတာနဲ့တစ်ပြိုင်နက် ပစ်လိုက်ချိန်မှာ အစ်ကိုလေးလည်း သည်ကိုရောက်လာတာပဲ၊ ကျွန်မ ရင်ထိတ်သွားရတယ်'

'ဘာလို့လဲ'

စောတာလူးက မေးလေ၏။

'ဪ… ကျွန်မ တောဝက်ကောင်ကို ပစ်လိုက်တုန်းက အစ်ကိုလေး လဲကျနေတယ်၊ နောက်တော့ သည်အစ်ကို မမျှော်လင့်ဘဲ ရှေ့ရောက်လာတာနဲ့တစ်ပြိုင်နက်ဆိုသလို ဖြစ်သွားတော့ ကျွန်မ

ပစ်လိုက်တာများ မတော်တဆထိသွားမှာဖြင့်ဆိုတာကြောင့်ပေါ့'

သို့ပြောလာသည့် သူမကို ကျွန်တော်က စေ့စေ့ကြည့်လေပြီး…

'အေး… ငါ့နားကနေ ပွတ်ကာသီကာထွက်သွားတာ ငါဖြင့် ထိတ်လန့်သွားတာပဲ'

သို့ ကျွန်တော်က ရယ်ကျဲကျဲလှည့်ပြောလိုက်လေ၏။

'တောင်းပန်ပါတယ်ရှင်'

'ရပါတယ်၊ နို့က တမင်လုပ်တာမှမဟုတ်တာချည်း'

'ဟော… ဟိုမယ် ဦးလေးလာပြီ'

သူမက နောက်သို့လှည့်ကြည့်ပြောလာသဖြင့် ကျွန်တော်တို့ လှမ်းမြင်လိုက်သည်မှာ ပုပုသေးသေးကွေးကွေး ထင်ရပေမင့် ခပ်ဝဝ၊ အသားမည်းမည်းလူတစ်ယောက်။ ကားကား ကားကား ဖြင့် ကျွန်တော်တို့ထံ လျှောက်လာနေချေတော့၏။

'သူက ဂျူးဂျူးရဲ့ဦးလေး ဦးသောင်းထွန်း'

စောတာလူးက သို့ပြောလာချေ၏။

'နို့ ဖထီပြောတဲ့ ဂျူးဂျူးဆိုတာ သူမလား'

ကျွန်တော်က စောတာလူးကို မေးလိုက်၏။

'ဟုတ်တယ်၊ ဂျူးဂျူး သည်မယ် ညည်းအလွန်အမင်း တွေ့ချင်ပါတယ်ဆိုတဲ့ လင်းမြင့်လှိုင်နဲ့ ကိုပိုက်လေ'

'ဟင်း… ဟင်း… ဟင်း… ထင်တော့ ထင်သားကလား'

'တွေ့ရတာ ဝမ်းသာပါတယ်'

'ဟုတ်ကဲ့ပါ'

'ဟုတ်ကဲ့ပါရှင်'

သို့မှ ဂျူးဂျူးတို့တူအရီးနှစ်ယောက်နှင့် ကျွန်တော်တို့ မိတ်ဖြစ်သွားကြရချေတော့၏။

သို့မှ ကျွန်တော်သည် သစ်ပင်ခြေရင်းတွင် စိုက်ဝင်ကျိုးနေသည့် ဝက်စွယ်ကို ဓားဖြင့်ကလန့်ထုတ်လိုက်၏။

'ဘုတ်…'

မြေပြင်သို့လွင့်ကျသွားသော ဝက်စွယ်အကျိုးအပိုင်းလေးကို ကျွန်တော် ကောက်ယူလိုက်ပြီး…

'သည်မယ် ရပြီ ကိုလင်း ဝက်မာန်စွယ်'

ပြောလိုက်၏။

'ဟင်… ဘယ်လို၊ ဒါ ဝက်မာန်စွယ် ဟုတ်လား'

ဂျူးဂျူးက တအံ့တသြကြည့်လျက် မေးလာချေတော့၏။

'ဟုတ်တယ်'

ကျွန်တော်က သို့ပြောလိုက်၏။

'သစ်ပင်မယ် စိုက်နေတဲ့ ဝက်စွယ်အကျိုးကို ဘာကြောင့် ဝက်မာန်စွယ်လို့ ပြောရတာတုံး'

သို့ မေးလာပြန်သဖြင့်…

'စောစောက ဂျူးဂျူး တွေ့လိုက်တယ်မဟုတ်လား၊ ဝက်ကောင်က ကိုလင်းကို အရှိန်နဲ့ ဒေါသတကြီးပြေးပက်တာလေ'

'အင်း… တွေ့တယ်၊ ဂျူးဂျူးထင်တာက ဝက်ကောင်က အစ်ကိုလေးကို ပြေးလာတိုက်ခိုက်ရုံလို့ထင်တာ၊ နို့ကြောင့် ကျွန်မက စိုးရိမ်ပြီး ပစ်လိုက်တာ'

'အဲဒါပဲပေါ့ ဂျူးဂျူးရယ်၊ ကိုလင်းက တစ်ချက်တစ်တောင့် ပစ်တတ်သူပါ၊ နို့ပေမင့် သည်ဝက်ကောင်ကိုတော့ မာန်စွယ်လိုချင်လို့ တမင်ရှောင်ပစ်လိုက်တာ၊ ဝက်ကောင် ဒေါသထွက် သူ့ကို ပြေးပက်တဲ့အခါ တမင်ခုန်ရှောင်လိုက်တာ၊ ဝက်ကောင်ကို ဒေါသထွက် သူ့ကို ပြေးပက်မယ်ပေါ့၊ နို့မှ ဝက်က ဒေါသတကြီး မာန်ဝင်ပြီးပြေးပက်တာကြောင့် သည့်အစွယ်က မာန်စွယ်အစစ်ပဲပေါ့'

သို့ ကျွန်တော်က ပြောလာလေသည်နှင့်…

'အလိုလေးလေး… တယ်ဟုတ်ပါကလား၊ နို့ပေမင့် အန္တရာယ်ကြီးတယ်နော်၊ ဘုရား… ဘုရား… ဂျူးဂျူးသာဆို မလုပ်ဝံ့ပါဘူး၊ သိတယ်ဟုတ်လား၊ ဝက်ကောင်တွေက ဒေါသထွက်လာပြီဆို ဘာမှမြင်တော့တာမဟုတ်ဘူး၊ ဒေါသတကြီး ပြေးပက်ဖို့ပဲသိတာ'

'အင်း… ကျုပ်လည်း ခုမှ ကြားဖူး မြင်ဖူးတော့တယ်ဗျာ'

သို့ ဦးသောင်းထွန်းက ဝင်ပြောလာချေတော့၏။

'ကဲ… ကဲ… ကျွန်တော်တို့ စခန်းပြန်ကြမယ်၊ ဂျူးဂျူးတို့က ဘယ်သွားမှာလဲ'

လင်းမြင့်လှိုင်က မေးလိုက်၏။

'အင်း… ကျွန်မတို့ကလည်း ဘာရယ်မဟုတ်ပါဘူး၊ သစ်ခွလိုက်ရှာရင်း ခုလိုလာဆုံကြတာပါ'

'အင်း… သစ်ခွဆိုလို့ သွားရင်းလာရင်း အောက်ဘက်

ပြောင်ဘက်နားမယ် ရတနာရွှေခက် တွေ့မိသေးတယ်၊ အပင်က မြင့်တော့ မြင့်တယ်၊ နို့ပေမင့် အပင်သေးဆိုတော့ ခုတ်လှဲယူလို့ ရပါလိမ့်မယ်'

သို့ စောတာလူးက ပြောလိုက်သည်တွင်…

'အင်း… ဖထီ တကယ်လား ရတနာရွှေခက်၊ ကောင်းတာပေါ့၊ ကျွန်မ လိုက်ယူရမလား'

ဂျူးဂျူးက အားရဝမ်းသာ ပြောလေတော့၏။

'အင်း… သစ်ခွယူရုံသက်သက် အခြားသွားစရာ လုပ်စရာမရှိဘူးဆိုလျှင်ဖြင့် စခန်းကိုလိုက်ခဲ့ကြပါလား၊ သည်ဝက်ကောင်ကို ဖျက်ပြီး အသားတွေပေးလိုက်ချင်တယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်မှတော့…

'ဟာ… သိပ်ကောင်းတာပေါ့ရှင်၊ ရှင်တို့နဲ့လည်း မိတ်ဆွေဖြစ်ရတာပေါ့၊ ဖထီကတော့ ရှင်တို့အကြောင်း ပြောဖူးပါတယ်၊ ကျွန်မလည်း ကြားဖူးသင့်သလောက် ကြားဖူးပါတယ်၊ အထင်ကြီးလေးစားပြီးသားပါ၊ ခုလို လူချင်းရင်းနှီးရတာ ပိုလို့တောင် ဝမ်းသာပါတယ်ရှင်'

ဂျူးဂျူးက သို့ အားရဝမ်းသာပြော ရွှင်လန်းနေပေမင့် သူ၏ဦးလေးဖြစ်သူ ဦးသောင်းထွန်းကတော့မူ မျက်နှာကြီး မှုန်ကုတ်ကုတ်နှင့် ဖြစ်ချေတော့၏။

ကျွန်တော်တို့နှင့် သူတို့မှ တရင်းတနှီးရှိသည်ကို မလိုလားချ်ဖြစ်ချိမ့်မည်။

'ဟုတ်ပြီလေ၊ နို့ဖြင့် လိုက်ကြပါ'

လင်းမြင့်လှိုင်က သို့ပြောလေ၏။ စောတာလူးနှင့် ဖိုးခွေး က ကျွန်တော်တို့ စကားပြောနေစဉ် ဝက်ကောင်သေကို လွယ်လင့်တကူ ထမ်းပိုးသွားနိုင်ရန်အလို့ငှာ အဆင်သင့်လုပ်ပြီးဖြစ်နေချေတော့၏။

'ကျွန်တော် အလျင်ထမ်းမယ်'

လင်းမြင့်လှိုင်က သို့ပြောပြီး ဝက်ကောင်၏ခြေထောက်မှ တုတ်လျှိုထမ်းပိုးရန်အတွက် အရံသင့်လုပ်ပြီးဖြစ်သည့် ဝါးလုံးကို ကောက်ယူဆွဲထမ်းရန် လုပ်လိုက်သည်နှင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှင့်အတူ နောက်ဘက်ခြေဆီမှ ဝါးလုံးကို ကောက် ယူထမ်းလိုက်ချေတော့၏။

နှစ်ဖက် ဟန်ချက်ညီညီထမ်းပိုးလိုက်ပြီးနောက် ထိုနေရာ လေးမှ ထွက်ခဲ့ကြတော့၏။

ဦးသောင်းထွန်းနှင့် ဂျူးဂျူးသည် ကျွန်တော်တို့နှစ် ယောက်နားမှကပ်၍ လိုက်ပါလာကြခြင်းဖြစ်၏။ စောတာလူးနှင့် ဖိုးခွေးသည် နောက်ဆုံးမှ ကွမ်းတမြုံ့မြုံ့ဝါးရင်း လိုက်ပါခဲ့ကြချေ တော့၏။

တစ်မြောင်ဖြတ် တစ်ကြောဆင်း တစ်ကြောတက် မနိ မကပ် မြောင်တို့ကိုဖြတ်ကျော်လျှောက်ခဲ့ရခြင်းကြောင့် ထမ်းပိုးလာ သော ဝက်ကောင်သေသည် လှုပ်ယမ်းယမ်းဖြစ်နေချေတော့၏။

'ဆရာလေးတို့ နားပါဦး၊ ကျွန်တော်တို့နှစ်ယောက် ထမ်း ပါဦးမယ်'

သို့ဆိုလျက် စောတာလူးနှင့် ဖိုးခွေးက ပြောဆို ကျွန်တော် တို့ထမ်းပိုးနေသည့် တောဝက်ကောင်တုတ်လျှိုကို အတင်းဆွဲယူ

လိုက်ကြချေတော့၏။ သို့မှသည်သွားလာရင်း အိမ်တန်းဝင် မျောက်ညိုကြီးတစ်ကောင်ကို တွေ့လိုက်သည်ကြောင့်…

'မျောက်ချေးခါးယူဦးလေ'

စောတာလူးက သို့ပြောလည်းပြော လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်သည်တွင်မတော့ ဂျူးဂျူးက…

'ဖထီ… မပစ်နဲ့၊ မပစ်နဲ့'

သို့နှယ် တားဆီးချေလာသဖြင့် 'ဘာလို့လဲ'ရယ်လို့ စောတာလူးက ဂျူးဂျူးကို နားမလည်နိုင်စွာ ကြည့်လာလေတော့၏။

'ဒါဝင်က ပြောခဲ့တာပဲ၊ လူက မျောက်ကဆင်းသက်လာတယ်တဲ့၊ နို့ကြောင့် လူသားမျိုးနွယ်လို့မှတ်လျှင်ဖြင့် မပစ်သင့်ဘူးထင်တယ်'

သို့ပြောလာသည့် ဂျူးဂျူးကို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တအံ့တသြကြည့်လိုက်မိကြချေတော့၏။ ပြီးနောက် စောတာလူးက မည်သို့ပြန်ပြောလိမ့်မည်ကို သိလိုသဖြင့် စောတာလူးကိုလည်း ကြည့်လိုက်ကြတော့၏။

'ဘယ်လိုဖြစ်နိုင်မှာလဲ ဂျူးဂျူးရယ်၊ မင်းက ပညာတတ်တစ်ယောက်ဖြစ်တယ်လို့ ငါထင်တယ်၊ ငါကတော့ မူလတန်းထိတောင် ကျောင်းနေဖူးတာမဟုတ်ဘူး၊ နို့ပေမင့် ငါ့အမြင် ငါ့အသိပြောရလျှင်ဖြင့် လူက မျောက်ကဆင်းသက်တယ်ဆိုတာ ပြောကြဆိုကြတာ ကြားဖူးပါတယ်၊ ဒါကို ငါ လက်မခံနိုင်ဘူး၊ ဘာလို့လဲဆိုတော့ ခုကြည့်လေ၊ မျောက်က မျောက်ပဲဖြစ်မပေါ့၊ မျောက်က

လူကိုမွေးတယ်ဆိုတာ တွေ့ဖူးလား၊ ကြားဖူးလား၊ ပြီးတော့ ပြောရဦးမယ်၊ မျောက်ကောင်ကို မွေးထားပြီး သေချာစောင့်ကြည့်လေ၊ သေသာသွားမယ်၊ လူဖြစ်လာမှာ မဟုတ်ဘူး၊ လူက မျောက်က ဆင်းသက်တာဆိုရင် ခုလောက်ဆို မျောက်စိတ်ဘယ်ရှိနေကြမလဲ၊ လူတွေလို နေကြတော့မပေါ့၊ ဖထီ အမြင်ပြောရလျှင်ဖြင့် ကမ္ဘာဦးလူတွေရဲ့ ပုံပန်းသဏ္ဌာန်နဲ့ မျောက်ရဲ့ပုံပန်းသဏ္ဌာန်က ဆင်တူဖြစ်လို့သာ အဲလိုတွက်ကြတာ ဖြစ်မပေါ့ကွ၊ ဟုတ်သလား၊ မျောက်က မျောက် လူက လူပါကွာ၊ ခပ်ဆင်ဆင်သာတူတယ်လို့ ဆိုကြတာ တကယ်တမ်းကတော့ ဘာမှမဆိုင်ဘူး၊ မျောက် အမွေးအမှင်တွေ တစ်ကိုယ်လုံးရှိတယ်လေ၊ ခြေလက်တွေလည်း ကြည့်ပါဦး၊ အရှည်ပဲ၊ ပြီးတော့ အမြီးက ပါသေးတယ်လေ'

သို့ စောတာလူး ပြောတာကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဘယ်သူပြောသည်ကို လက်ခံရမှန်းမသိ ဖြစ်ရပေတော့၏။

သို့နှယ်ပင် ဂျူးဂျူးသည်လည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားချေတော့၏။

ဦးသောင်းထွန်းလို မြို့ပိုင်ကြီးလည်း သူ ဘယ်လိုဆုံးဖြတ်ပေးမည်ကို သိလိုသဖြင့် လှည့်ကြည့်လိုက်ကြ၏။

ဦးသောင်းထွန်းတစ်ယောက် တူမက ပြောသည်ကို လက်ခံလေမလား၊ အညတရမှုဆိုးကြီး စောတာလူး ပြောသည်ကို လက်ခံလေမလား ဝေခွဲမရဖြစ်လို့နေချေတော့၏။

'ဘယ်လိုလဲ ဆရာလေးတို့'

မြစ်ခွဲ ၉ ဝင်း စာပေ

စောတာလူးက သို့ဆိုသလို လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့၏ အတွေ့အမြင်ကို မေးလာလေသဖြင့် ကျွန်တော်က ဘာပြောရမှန်းမသိ ဖြစ်ခဲ့ရချေလေ၏။ လင်းမြင့်လှိုင်ကတော့မူ…

'မျောက်ပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ဘယ်လိုတိရစ္ဆာန်ကောင်ပဲဖြစ်ဖြစ် အားလုံးကို ခြုံပြောရလျှင်ဖြင့် သတ္တဝါတွေပဲပေါ့၊ ဟုတ်ရဲ့လား၊ သတ္တဝါလေးတွေဟာ မွေးမယ်၊ နေမယ်၊ သေမယ် ဒါပဲပေါ့၊ နို့ဆိုတော့ လူကဆင်းသက်လာတယ်ပဲပြောပြော မဟုတ်ဘူးပဲဆိုဆို ပြဿနာမရှိလောက်ပါဘူးကွာ၊ အသွေးအသားနဲ့ ဖွဲ့စည်းကြတာချည်း၊ တကယ်က သတ္တဝါမျိုးနွယ်စုပါပဲလေ၊ လူက မျောက်ကဆင်းသက်လာလို့ မျောက်ကို မသတ်ရပါဘူးလို့ ဘယ်သူပြောသလဲ၊ ဟုတ်လား'

'ဟုတ်ပါတယ်'

ဂျူးဂျူးက ပြောလေ၏။

'နို့ဆိုတော့ မျောက်သတ္တဝါ လူသတ္တဝါ အသွေးအသားနဲ့ ဖွဲ့စည်းထားကြတာချည်းဆိုတော့ ကိုယ်ချင်းစာစိတ်တော့ဖြင့်ထားပြီး ဘာကိုမလုပ်သင့်ဘူးဆိုလျှင်ဖြင့် ရပါတယ်၊ နို့ဆိုတော့ တခြားသတ္တဝါတွေကိုလည်း စာနာစိတ်နဲ့ မပစ်ခတ် မသတ်ဖြတ်သင့်ဘူးပေါ့'

'နို့ဆိုတော့ အစ်ကိုလေးတို့က ဘာလို့ သတ္တဝါတွေကို အကြောင်းမဲ့လိုက်သတ်နေကြတာတုံး'

သို့မေးလာသည့် ဂျူးဂျူးစကားကြောင့် ကျွန်တော် ထိတ်လန့်သွားတော့၏။

လင်းမြင့်လှိုင် ဘယ်လိုပြောမည်နည်း။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ဂျူးဂျူးကို သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး…

'အသိခေါက်ခက် အဝင်နက်ဆိုတဲ့ စကား ကြားဖူးတယ်လား'လို့ ဂျူးဂျူးကို မေးလေ၏။

'ဟုတ်ကဲ့ ကြားဖူးတယ်'

'ကျွန်တော်တို့လည်း သူတို့လိုလူသားပေပဲ ဂျူးဂျူးရဲ့၊ မသိဘူးမဟုတ် သိတယ်၊ နို့ပေမင့် သည်အသိကို လက်တွေ့အကောင်အထည်ဖော်ဖို့ကျတော့ မဖြစ်နိုင်ဘူးလေ၊ အကောင်း အဆိုးဆိုတာ ကွဲနေတာပဲလေ၊ အဲဒီကွဲနေတာလေးကိုပဲ ခံစားချင်ကြတာချည်းလေ၊ အဆိုးဆိုတာ ကြုံဖူးမှ သိတော့မပေါ့၊ ကောင်းတာချည်းပဲလုပ်နေလျှင် အဲဒီအဆိုးဆိုတာ ဘာလဲလို့ မေးရမလိုဖြစ်နေတော့မပေါ့၊ သည်တော့ ဘယ်လိုဆိုးမလဲ သိချင်တာပဲလေ၊ ရှုပ်သွားပြီလားမသိဘူး၊ လူက မွေးကတည်းက အကောင်းဆိုတဲ့ သံသရာဝဲဂယက်ထဲမှာ နေချင်ကြတာချည်းပဲလေ'

လင်းမြင့်လှိုင် ပြောရင်း မောသွားပုံရ၏။ ပြောလက်စစကားကို ခေတ္တနားလိုက်ချေပြီး…

'ကိုပိုက်ရေ… သည်မယ် ခဏတစ်ဖြုတ်နားတာပေါ့'

သို့ဆိုလျက် ထမ်းပိုးလာသည့် ဝက်ကောင်ကို အသာအယာ နားခိုရာမြေပြင်သို့ ချလိုက်ကြချေပြီး ခြေပစ်လက်ပစ် ထိုင်လိုက်ကြတော့၏။

သို့ဆိုတော့ ဂျူးဂျူး၊ ဦးသောင်းထွန်း၊ စောတာလူးနှင့် ဖိုးခွေးတို့သည် ကျွန်တော်တို့နား လာထိုင်ကြ၏။

လင်းမြင့်လှိုင်က ဝီစကီပြားလေးကို ထုတ်လိုက်ချေပြီး…

"အမောပြေ တစ်ငုံလောက် ခွင့်ပြုပါ" ဆိုလျက် အဖုံးဖွင့် တစ်ငုံမော့လိုက်ပြီးနောက် ကျွန်တော့်အား ပေးလာလေ၏။ ကျွန်တော်က ထိုပုလင်းပြားလေးကို ဦးသောင်းထွန်းထံ လှမ်းပေးလိုက်ချေပြီး…

"လုပ်တတ်ပါသလား"

ပြောလိုက်၏။

"ကျေးဇူးတင်တယ်၊ အသက်အရွယ်အရ မသောက်စားတော့တာပါ"

သို့ဆိုတော့ ကျွန်တော် တစ်ငုံမော့သောက်လိုက်ချေတော့၏။

"အစ်ကိုလေးစကား ဆက်ပါဦး"

ဂျူးဂျူးက လင်းမြင့်လှိုင်စကားကို စိတ်ဝင်စားသည်ကြောင့် သို့ပြောလာလေ၏။

"အထွေအထူးတော့ ပြောစရာမရှိပါဘူး၊ အဓိကကတော့ လူတွေပါပဲ၊ လူတွေရဲ့ ဆုံးဖြတ်ချက်က တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး၊ ခံယူချက်ချင်းလည်း မတူကြပါဘူး၊ စောက ကျွန်တော်ပြောသလိုပဲပေါ့၊ စာနာစိတ်ကြောင့် မသတ်သင့်ဘူး၊ မနှိပ်စက်သင့်ဘူး၊ နိုလည်း ဖြစ်သင့်ပါတယ်၊ လူက မျောက်က ဆင်းသက်လာတာကြောင့် မပစ်သင့်ဘူးလို့တော့ တသမတ်မပြော

သင့်ပါဘူး၊ လူမက မျောက်ကို ပစ်ခတ်ကြတာချည်းမဟုတ်ပါဘူး၊ လူသားချင်း ပစ်ခတ်ကြတာတွေ သတ်ဖြတ်ကြတာတွေလည်း ရှိနေတာပဲ၊ နို့ကြောင့် ကျွန်တော် ပြောချင်တာ၊ ကိုယ့်ရဲ့အတွေး အခေါ် ကိုယ့်ရဲ့ခံယူချက်တွေက ကိုယ့်တွက်ပဲထင်ပါတယ်၊ သူတို့ အတွက်ဆိုတာ မဖြစ်သင့်ပါဘူး။ ဖြစ်လို့လည်း မရဘူးလေ၊ ကိုယ် လုပ်တဲ့ အမှားအမှန်ဆိုတာ ကိုယ်နဲ့ပဲ ပတ်သက်တာပေါ့'

'ကျွန်မတော့ ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး'

ဂျူးဂျူးက သို့ ဝန်ခံပြောလာချေတော့၏။

'ကျွန်တော်ပြောတာတွေကို လက်ခံပါလို့ မပြောဘူးနော်၊ ကျွန်တော့်အသိ ကျွန်တော့်သဘော ပြောလိုက်တာပါ'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ သဘောပေါက်ပါတယ်၊ ဒါနဲ့ ဆာလိုက်တာရှင်'

သို့ဆိုတော့ ဖိုးခွေးက သူ့တွင်ရှိ စောတုန်းက ယူလာသည့် အသားကင်ကို ထုတ်ယူလိုက်ချေ၏။

'ကျေးဇူးတင်ပါတယ်'

ဂျူးဂျူးက သို့ပြောပြီး သစ်ရွက်သစ်ကိုင်းခြောက်များကို စုဆောင်းလိုက်ချေပြီး မီးမွှေးလိုက်ချေတော့၏။

အနည်းငယ်မျှတော့ မီးပုံလေးတွင် ထိုအသားကင်ခြောက် ကို ထပ်မံမီးကင်လိုက်ချေတော့၏။

မကြာခင် ဂျူးဂျူးအတွက် အဆာပြေအလို့ငှာ အသားကင် ဖြစ်လာချေတော့၏။

သို့မှ ကျွန်တော်တို့နှစ်ယောက် ဝိစကီသောက်ချိန်တွင်

မတော့ ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။ သည့်တစ်ခါ စောတာလူးနှင့် ဖိုးခွေးက ဝက်ကောင်သေကို ရှေ့ဆင့်နောက်ဆင့်ထမ်းပိုးလာကြချေတော့သည်။

သို့မှသည် ကျွန်တော်တို့ စခန်းနေရာလေး ပြန်ရောက်ခဲ့ကြချေတော့၏။

'ဂျူးဂျူးတို့ တဲပေါ်မယ် နားနေချေ'

သို့ ကျွန်တော်က ဦးသောင်းထွန်းနှင့် ဂျူးဂျူးကို ပြောလိုက်၏။ သည့်နောက် ကျွန်တော်သည် စောတာလူးနှင့် ဖိုးခွေးကိုခေါ်၍ ချောင်းဘက်သို့သွားလိုက်၏။ ဖိုးခွေးနှင့် စောတာလူး ဝက်ကောင်ကို ထမ်းပိုးလာကြချေ၏။

'ကိုလေး... ကိုလေး... ကိုလေး... နေပါဦး'

နောက်ဘက်မှ သို့အသံကြောင့် လှည့်ကြည့်လိုက်၏။

ဂျူးဂျူးဖြစ်ချေ၏။ သူမသည် ကျွန်တော်တို့ထံ အပြေးကလေးလိုက်လာသည်ကြောင့် ရပ်စောင့်နေလိုက်၏။

'ဘာများတုံး'

ကျွန်တော်က မောကြီးပန်းကြီး အနားရောက်လာသည့် ဂျူးဂျူးကို မေးလိုက်၏။

'ဟို... ကိုလေးတို့ ဝက်ကောင်ကို ဖျက်မယ်ပေါ့'

သို့ မေးလာ၏။

'ဟုတ်တယ်၊ ဘာလို့လဲ'

'ဩော်... ကျွန်မ ဖျက်ပေးရမလားလို့'

'ဟော...'

'ဟင်…'

'အို…'

'ညည်းက သားကောင်ဖျက်တတ်လို့လား'

ကျွန်တော်က မေးလိုက်၏။

သည်တွင် သူမက ပြုံးစိစိလုပ်နေချေပြီး…

'အနည်းအကျဉ်းတော့ တတ်တယ်ပြောရမပေါ့'

'အင်းလေ… နို့ပေမင့် မိန်းကလေး နားနေချေပါ၊ ငါတို့ပဲ လုပ်လိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်'

သို့ စောတာလူးက ပြောလိုက်လေ၏။

'အို… ကျွန်မတို့အတွက် လုပ်ပေးမယ်ဆိုတော့ သည် အတိုင်းကြီးထိုင်နေလို့ မလိုချင်ပါဘူး၊ တစ်ခုခုတော့ ပြန်ကူညီပေး ရမပေါ့'

သို့ဆိုတော့ ကျွန်တော် သူမကို မည်သို့မျှမပြောလိုတော့ ချေ။

'နို့ဖြင့်လည်း လိုက်ခဲ့ချေ'

'ကျေးဇူးတင်ပါတယ်'

တကယ်တော့ ကျွန်တော်သည် ဂျူးဂျူး တကယ်ပဲ သားကောင်ဖျက်တတ်သလား သိလိုသည်ကြောင့်လည်း သို့ပြော လိုက်ခြင်းဖြစ်လေ၏။

သို့မှ ကျွန်တော်တို့သည် ချောင်းသို့ရောက်ခဲ့ကြတော့၏။

ချောင်းစပ်တွင် ဝက်ကောင်ကိုချ၍ စောတာလူးက ဝက် အမွေးခြစ်လာ၏။

တစ်ယောက်တစ်လှည့်လုပ်ကြလေခြင်းကြောင့် ခဏလေးနှင့် ဝက်ကောင်အမွေးတို့ ပြောင်စင်သွားလေ၏။

ပြီးမှ စောတာလူးသည် ဝါးခုတ်ဓားမဖြင့် ခြေမြန်လက်မြန် ခေါင်းဖြတ်၊ ဗိုက်ခွဲ၊ အူနုတ်လေပြီး ခဏတစ်ဖြုတ် နားနေလိုက်ပြီး ခါးပိုက်တွင်းမှ ကွမ်းတစ်ယာကို ထုတ်ယူကာ ပါးစပ်တွင်းသို့ ထိုးထည့်လိုက်ချေတော့၏။

'ကျွန်မ ဆက်လုပ်မယ်'

ဂျူးဂျူးက သို့နှယ်ပြောပြီး စောတာလူးထံမှ ဝါးခုတ်ဓားမကို ယူလိုက်လေပြီး ခုတ်ထစ်လေတော့၏။ သူမ လုပ်ပုံကိုင်ပုံကို ကြည့်ပြီး ကျွန်တော် သဘောကျမိသေးတော့၏။

အနည်းအကျဉ်းလောက်တတ်မါတယ်ဆိုပေမင့် သူမ၏ ဓားကိုင်ပုံ၊ ခုတ်ထစ်ပုံသည် စောတာလူးထက်ပင် တိကျသေးသေးတော့၏။ သည်ကလေးမ ဘယ်လိုများ သင်ယူထားပါလိမ့်။ သို့ သူမ လုပ်ကိုင်နေသည်ကို ကြည့်ခြင်းအားဖြင့် သားကောင်တို့ကို မကြာခဏဆိုသလို ဖျက်နေခြင်းဆိုသည်ကို သိလိုက်ရပေ၏။

ဖိုးခွေးတစ်ယောက် သူမကိုကြည့်ပြီး အံ့ဩလို့နေချေ၏။

သို့မှသည် မကြာလိုက်သောအချိန်လေးတွင် ဝက်ကောင်လုံး အပိုင်းပိုင်းအတစ်တစ်ဖြစ်သွားတော့၏။

သို့မှ စောတာလူးသည် တစ်ပိဿာတွဲခန့်ရှိ ဝက်သားတို့ကို အသေးစိတ်ခုတ်ပိုင်းလိုက်ချေတော့၏။

ကျွန်တော်တို့ စခန်းပြန်ရောက်လေသည်တွင်မတော့ ထင်းမီးပုံကြီး မီးတောက်မီးလျှံ အလျှံငြီးငြီးဖြစ်နေချေ၏။

လင်းမြင့်လှိုင် လုပ်ထားခြင်းဖြစ်ချေ၏။

ဖိုးချွေးနှင့် စောတာလူးက ထိုဝက်သားတွဲတို့ကို တံစို့ထိုး မီးကင်လိုက်လေပြီး…

‘ဖထီ ကျွန်တော် ဟိုတောင်ကြောမှာရှိတဲ့ ဝါးခုတ်သမား တွေအတွက် အသားတွဲသွားပေးချေဦးမယ်’

‘အေး… ကောင်းတယ်၊ ပေးလိုက်ပါ’

သို့ဆိုတော့ ဖိုးချွေးသည် အနီးရှိ ဝါးကိုခုတ်၍ ခြင်းကြီး တစ်ခုဖြစ်အောင် ရက်လိုက်ချေပြီး ထိုခြင်းကြီးအတွင်း အသားတွဲ တို့ကိုထည့် ထမ်းပိုးသွားချေတော့၏။

‘အပြန်ကျ ငှက်ပျောရွက်ခုတ်ခဲ့ချေဦး’

သို့ ကျွန်တော်က မှာလိုက်၏။ ဂျူးဂျူးတို့တွက် ဖျက်ပြီး အသားတို့ကို ငှက်ပျောရွက်ဖြင့် ပတ်ထုပ်ပေးလိုက်ရန် ဖြစ်ချေ၏။

ဝက်သားတွဲတို့ကို မီးကင်နေစဉ် ဂျူးဂျူးတစ်ယောက် ချောင်းဘက်သို့ ထွက်သွားချေ၏။ ရေသွားချိုးခြင်းဖြစ်သည်ကြောင့် ကျွန်တော်တို့သည်လည်း မည်သူမျှ ချောင်းဘက်သွားခြင်း မပြု ကြပါချေ။

ဂျူးဂျူးတစ်ယောက် ရေမိုးချိုးပြီး ပြန်လာသည်တွင်မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရေချိုးရန် ချောင်းသို့ထွက်သွား ကြတော့၏။

‘ဖထီ မချိုးသေးဘူးလား’

ကျွန်တော်က စောတာလူးကို ခေါ်လိုက်လေ၏။

‘ဟာ… ငါ ချမ်းတယ်၊ မချိုးချင်ဘူး’

'နို့ဆိုတော့လည်း နေပေါ့'

လင်းမြင့်လှိုင်နှင့် ကျွန်တော် ရေမိုးချိုးပြန်လာသည်တွင် မတော့ ဝက်ကောင်သားမီးကင်တို့ အသားခေါက်တို့ ရဲရဲနီမက ကျက်နေချေပြီဖြစ်၏။ သင်းပျံ့သောဝက်ကင်ရနံ့သည် ထိုနေရာ တစ်ဝိုက် ပျံ့လွှင့်လို့နေချေတော့၏။

သည့်နောက် ကျွန်တော်တို့သည် ဝိုင်းဖွဲ့၍ ဝက်ကင်ကို စားလိုက်ကြ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်က ဝီစကီတစ်ပြား ကုန်အောင် သောက်လိုက်ကြ၏။ ဦးသောင်းထွန်းက ကျွန်တော်တို့နှစ်ယောက် ကိုကြည့်၍ မျက်နှာရှုံ့မဲ့နေချေတော့၏။ ကျွန်တော်တို့ အရက် သောက်သည်ကို နှစ်သက်မယ့်ပုံမပေါ်သည့်သဘောပင်။ ဘယ့် တွက်ပါလိမ့်။ သူ၏တူမနှင့်ပတ်သက်၍ ကျွန်တော်တို့နှစ်ယောက် က မူးယစ်လာသည့်အချိန်တွင် ဒုက္ခပေးလာမည် စိုးရိမ်သော ကြောင့်လားတော့ မသိချေ။ ထိုသည်ကို အကဲခတ်မိသော လင်းမြင့် လှိုင်က…

'ဦးသောင်းထွန်း စိတ်ချပါ၊ ကျွန်တော်တို့က နိစ္စဓူဝ သောက်နေကျပါ၊ နို့ပေမင့် ဘာမှမပူပါနဲ့၊ မူးလျှင် အိပ်ကြတာပဲ ရှိပါတယ်'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ဂျူးဂျူးက အားနာသွားသည်ကြောင့်လား မသိပါချေ။ ဦးသောင်းထွန်းအား ကြည့်ကာ…

'ဦးလေးက အစ်ကိုလေးတို့အကြောင်း မသိဘူးထင်တယ်၊

အစ်ကိုတို့နဲ့ ဝိစကီဆိုတာ အမြဲတွဲလျက်ရှိတာလေ၊ ကျွန်မတော့ အစ်ကိုလေးတို့ကြောင်း ကောင်းကောင်းသိပါတယ်၊ လူကြီးလူကောင်းတွေပါ၊ ဦးလေးက အရက်မသောက်တတ်သူဆိုတော့ အရက်ကို အပြစ်မြင်နေတာကလား၊ ဦးလေးနဲ့ပတ်သက်လို့ အစ်ကိုလေးကို ခွင့်လွှတ်စေချင်ပါတယ်"

သို့ဆိုသလို ပြောဆိုတောင်းပန်စကားဆိုလာပြန်တော့လည်း ကျွန်ုပ်တော်နှင့် လင်းမြင့်လှိုင်သည် ဂျူးဂျူးကို နားလည်မှုပေးလိုက်ရချေတော့၏။

သို့ပေမင့်လို့ ကျွန်ုပ်တော်တို့သည် ဝစကီတစ်ပြားသာသောက်လေပြီး မီးပုံနှင့်ခပ်လှမ်းလှမ်းရှိ သစ်ဆိမ့်ပင်ကြီး အောက်ခြေသို့သွားထိုင်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်ကြတော့၏။

သို့ ...ဲ အိပ်ပျော်သွားခဲ့ရ၏။ ကျွန်ုပ်တော် မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိချေ။

"ဒိန်း...."

သို့ ယမ်းအားပေါက်ကွဲသံကြောင့် နိုးလာရတော့၏။

ကျွန်ုပ်တော့်ဘေးတွင်ရှိ လင်းမြင့်လှိုင်သည်လည်း ထိုယမ်းအားပေါက်ကွဲသံကြောင့် နိုးလာပုံပင်။ နှစ်ယောက်သား ပတ်ဝန်းကျင်ကို ကြည့်လိုက်မိတော့၏။

မှောင်နှင့်မည်းမည်းပါကလား။ ထင်းမီးပုံတွင် ပြာဖုံးနေပေပြီဖြစ်တော့၏။

ထိုပြာပုံနောက် ...နဘေးတွင် ဂျူးဂျူးကို တွေ့လိုက်၏။ သူ့လက်တွင်း သေနတ်ရှိနေချေ၏။ ထိုနေရာမှသည် ဂျူးဂျူး ...

ရှေ့ခပ်လှမ်းလှမ်းတွင်ရှိ အမှောင်ရိပ်တွင်း လှမ်းကဲကြည့်နေသေးတော့၏။ စောတာလူးနှင့် ဖိုးခွေးတော့ မတွေ့ပါချေ။

ဦးသောင်းထွန်းတစ်ယောက်ကတော့မူ တဲပေါ်၌ အိပ်ပျော်နေပုံပင်။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဂျူးဂျူးရှိရာသို့ သွားလိုက်ကြတော့၏။

'ဘာတွေ့လို့လဲ'

ကျွန်တော်က မေးလိုက်၏။

'ကျွန်မ ရေဆာလို့ ထတယ်လေ၊ အားလုံး အိပ်နေကြပြီ၊ ရှေ့မှောင်ရိပ်သစ်ပင်ပင်နေရာလေးကနေ နီရဲရဲမျက်လုံးနှစ်စုံကို တွေ့ရတယ်၊ ဘာကောင်လဲတော့ မသိဘူး'

'ပြောပါဦး'

'ကျွန်မအထင် ဟင်းကောင်ဖြစ်မယ်၊ နို့ကြောင့် ခြောက်လှန့်ပစ်လိုက်တာပဲ'

သို့ပြောလာသည့် သူမအား စေ့စေ့ကြည့်လိုက်၏။

သူမ ခြောက်လှန့်ပစ်လိုက်ခြင်းကော ဟုတ်ပါရဲ့လား။ မတော် တည့်ပစ်လို့ ရုပ်ထိရုံဆိုပါလျှင် ကျားနာဖြစ်ပါက အန္တရာယ်ရှိနိုင်၏။

'မင်း ပြောတာ တကယ်လား'

ကျွန်တော်က သို့မေးလိုက်ပေမင့်…

'ဘာကိုလဲဟင်'

'ဘာရမှာလဲ၊ မင်း ခြောက်လှန့်ပစ်လိုက်တယ်ဆိုတာ တကယ်လားလို့'

သို့ဆိုတော့ သူမက ကျွန်တော့်ကို စိန်းစိန်းကြည့်လာချေပြီး…

'ကိုလေး ကျွန်မကို မယုံသလိုပဲ'

သို့ပြောလာပြန်တော့၏။

'ဟာ… အဲဒီလိုမဟုတ်ပါဘူး၊ အကာယ်၍များ ခြောက်လှန့်ပစ်လိုက်တာ ကျားကောင်ကို မှန်လေလျှင် ဒဏ်ရာရသွားမှာကို ကြောက်လို့ပါ'

'ရှင်…'

ကျွန်တော် ဘာဆိုလိုသည်ကို သူမ သိပုံမပေါ်ချေ။ သို့ကြောင့်…

'ဩော်… ဒီလိုပါ၊ ကျားကောင် ဒဏ်ရာရပြေးသွားလျှင် ဖြင့် ဒေါသဖြစ်ပြီး ရန်လုပ်မှာကိုပြောတာပါ'

'ဟင်း… ဟင်း… ဟင်း… ဟင်း…'

သို့ဆိုတော့ ဂျူးဂျူးက သို့ ရယ်သွမ်းသွေးလိုက်ချေပြီး…

'ဘယ်လိုဖြစ်နိုင်မှာလဲ၊ အဲလိုဖြစ်ခဲ့ဦးတော့ ကျွန်မ ကျားကောင်ကို အလွတ်ပေးလိမ့်မယ် ထင်လား'

'ဘုရားရေ…'

သူမကို ကျွန်တော် တအံ့တသြကြည့်လိုက်တော့၏။

သူမ ပြောစကားအရ ဖြစ်နိုင်လေသည်များလား။ သို့ကြောင့် ကျွန်တော် သူမကို ငေးကြည့်နေလေခြင်းကြောင့်…

'သဘောပြောတာပါ ကိုလေးရယ် စိတ်ချပါ၊ ကျွန်မ ခြောက်လှန့်ပစ်လိုက်တာပါ'

သူမက သို့ပြောပြီး လှည့်ထွက်သွားတော့၏။

သူမ တဲပေါ်ပြန်တက်သွားခြင်းဖြစ်၏။

ကျွန်တော် ထင်းမီးပုံမှ ပြန့်ကျဲနေသော ထင်းတုံး ထင်းချောင်းတို့ကို ကောက်ယူထိုးထည့်လိုက်၏။

သို့ဆိုတော့ မီးရဲရဲ ပေါ်လာလေ၏။ သို့မှ ထင်းခြောက်တုံးနှင့် အကိုင်းများ ထပ်ထိုးထည့်လေသည်တွင်မတော့ မီးတောက်ကြီးပြန်ဖြစ်သွားချေတော့၏။

သို့ဆိုတော့ ကျွန်တော် ပတ်ဝန်းကျင်ကို ငေးစိုက်ကြည့်လေ၏။ တိတ်ဆိတ်ငြိမ်သက်လို့ နေချေလေတော့၏။

သို့မှ ကျွန်တော် ထင်းမီးပုံနားမှ ဖြတ်သွားလိုက်ကာ သစ်ဆိမ့်ပင်ကြီးအောက် သွားလိုက်ချေတော့၏။

စောတာလူးတို့နှစ်ယောက် ဘယ်ရောက်နေပါလိမ့်။

ကျွန်တော် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်နေလိုက်၏။

သို့မှ စောတာလူးနှင့် ဖိုးခွေးကို တွေ့လိုက်ရ၏။

သူတို့နှစ်ယောက်သည် ခပ်လှမ်းလှမ်းရှိ သစ်ပင်အထက်တွင် ရှိနေကြပါကလား။

သူတို့ကြည့်ရသည်မှာ အိပ်ပျော်ခြင်းတော့ဖြင့် ရှိပုံမပေါ်။ အိပ်ရခက်သည်ကြောင့် မှိန်းနေကြခြင်းဖြစ်ချိမ့်မည်။ သို့ပေမင့်လို့ ဂျူးဂျူးပစ်လိုက်သည့် သေနတ်သံကြောင့် သူတို့ ရူးစမ်းလိုစိတ်ရှိပုံမပေါ်ချေ။

သို့မှ ကျွန်တော် မျက်လုံးအစုံကို ပိတ်လိုက်၏။ လင်းမြင့်လှိုင်ကတော့မူ အိပ်လို့မရပေမင့် ငြိမ်သက်လို့နေချေ၏။

ကျွန်တော့်အား မည်သို့မျှပြောလာခြင်းမရှိပါချေ။ သို့မှ ကျွန်တော် အိပ်ပျော်သွားပြန်၏။ သည်တစ်ကြိမ် အလိုအလျောက် နိုးထလာချိန်တွင်မတော့ မိုးစင်စင်လင်းနေပြီ ဖြစ်တော့၏။

ကျွန်တော်မှ လွဲ၍ မီးပုံနားထိုင်နေကြ၏။ ဝက်ကောင်ကင်ကို စားသောက်နေကြ၏။ စကားစမြည် ပြောနေကြ၏။

'ကိုပိုက် လာချေဗျာ'

လင်းမြင့်လှိုင်က ကျွန်တော့်အား လှမ်းခေါ်လေ၏။ မျက်နှာသွားသစ်ချေဦးမယ်။ ကျွန်တော်က သို့ပြောပြီး ချောင်းဘက်သို့ ထွက်ခဲ့ချေလေသည်တွင်...

'ဟင်...'

ချောင်းစပ်သဲသောင်ခုံတွင် ဟင်းကောင်ခြေရာများ တွေ့လေသဖြင့် ကျွန်တော် အံ့ဩမိသေးတော့၏။

သို့ဆိုတော့ ညက ဟင်းကောင် ချောင်းစပ်မှ လျှောက်သွားလေသည်လား။ ထိုဟင်းကောင်ခြေရာများတွေ့သည်တွင် ညက ဂျူးဂျူး ထိုဟင်းကောင်ကို ခြောက်လှန့်ပစ်လိုက်ခြင်းကို သတိရမိလေတော့၏။

ချောင်းစပ်မှသည် ကမ်းပေါ်တက်သွားပုံရသဖြင့် ကျွန်တော် ချောင်းကမ်းပေါ်တက်သွားလိုက်၏။

ခြေရာတော့ဖြင် မတွေ့မိချေ။ သို့ပေမင့်...

သစ်ပင်ငယ်တို့သည် စေးပျစ်ပျစ်အရည်တို့ကို တွေ့လေသဖြင့် ကိုင်တွယ်ကြည့်လိုက်၏။ နှာခေါင်းဖြင့် နမ်းရှုပ်ကြည့်လိုက်၏။

ဘုရားရေ… သွေးညှိနဲ့ပါကလား။

သို့ဆိုတော့ သည်ကျားကောင် ဒဏ်ရာရထားသည်မှာ လည်း ဟုတ်လောက်၏။ သားကောင်ငယ်ကို ကိုက်သွားသည် များလား။ ကျွန်တော် တွေဝေနေစဉ်…

'ဝေါင်း…'

'ဝေါင်း… ဝေါင်း…'

အလိုလေးဗျာ… ရှေ့ခပ်လှမ်းလှမ်းတောင်ခြေမှ သို့ဆို သလို ကျားကောင်ဟိန်းသံကြောင့် ကျွန်တော် နောက်တွန့်သွားမိ ၏။ လက်ထဲမှ သေနတ်ကို ဆုပ်ကိုင်ထားကာ မောင်းတင်လိုက်၏။

ကျားကောင် သည်ပတ်ဝန်းကျင်တွင် ရှိနေပုံပင်။

သို့မှ အတန်ကြာသည့်တိုင် ဆိတ်ငြိမ်နေပြန်သဖြင့် စခန်း သို့ ပြန်သွားလိုက်တော့၏။

'စောစောက ဟင်းဓောင်သံကြားတယ်၊ ကိုပိုက် သွားတဲ့ နေရာလောက်ဆီကပဲ'

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလေ၏။

သို့ကြောင့် ကျွန်တော်သည် ဂျူးဂျူးကို လှမ်းကြည့်လိုက် ၏။ ဂျူးဂျူးတစ်ယောက် မျက်စိမျက်နှာပျက်သွားပုံပင်။

ကျွန်တော်က ဂျူးဂျူးအဖြစ်ကို မြင်မိပေငြား မသိသလို သာ နေလိုက်တော့၏။ ကျွန်တော် စားသောက်နေစဉ်…

'ကိုလေး ကျွန်မတို့ ကတွတ်မြောင်ပြန်ကြမယ်'

သို့ဆိုသဖြင့် ကျွန်တော် လှမ်းကဲကြည့်လိုက်လေပြီး…

'ဖိုးခွေး သူတို့ကို အသားတွေပေးလိုက်ပါ'

သို့ဆိုတော့ ဖိုးခွေးသည် ဖျက်ပြီးသောအသားတွဲတို့ကို ငှက်ပျောဖက်ဖြင့် အကျအနထုပ်ပိုးပေးလိုက်လေတော့၏။

'ကျေးဇူးတင်ပါတယ်'

'ဂျူးဂျူးတို့က ကတွတ်မြောင်မယ် ကြာဦးမှာလား'

ကျွန်တော်က မေးလိုက်၏။

'သည်တစ်နေ့နေပြီး နောက်နေ့ ပြန်မယ်'

'ဩော်...'

သို့မှသည် ဂျူးဂျူးတို့တစ်အရီး ထွက်သွားကြသည်နှင့် ကျွန်တော်သည် လင်းမြင့်လှိုင်အား ညက ဂျူးဂျူးနှင့်ပတ်သက်၍ အကြောင်းစုံကို ပြောပြလိုက်၏။

'ဟင်းကောင်ကို ဂျူးဂျူးပစ်မိလို့ ဒဏ်ရာရကျားနာကောင် ဖြစ်ပြီး သည်စခန်းနား ရစ်သီရစ်သီလုပ်နေတယ်ဆို ခက်သား ကလား'

လင်းမြင့်လှိုင်က ပြောလာလေတော့၏။

'မဖြစ်နိုင်လို့လား'

ကျွန်တော်က ပြန်မေးလိုက်၏။

သည့်တွင် လင်းမြင့်လှိုင်က ပြုံးလိုက်ချေပြီး အတန်ကြာ တွင်...

'နေဦး... ကိုပိုက်ရဲ့၊ ခြေရာကောက်လိုက်ကြည့်လျှင် မကောင်းပေဘူးလား'

'ကောင်းတာပေါ့'

သို့ဆိုတော့ ကျွန်တော်တို့သည် စခန်းမှထွက်ခဲ့ကြကာ

ကျားကောင်ခြေရာကောက် လိုက်သွားကြချေတော့၏။

လင်းမြင့်လှိုင်၊ ကျွန်ုပ်တော်နှင့် စောတာလူး၊ ဖိုးခွေးတို့သည် ကျားကောင်ခြေရာနောက် လိုက်ခဲ့ကြရာမှ ထူးခြားမှုအလျှဉ်းမရှိသေးဘဲ နေထန်းတစ်ဖျားသို့တိုင် ခရီးပေါက်ရောက်ရှိခဲ့ကြတော့၏။

'နားကြဦးမယ်ဗျာ၊ ဆာလည်း ဆာပြီ'

သို့ ဖိုးခွေးက ပြောလေသဖြင့် စောတာလူးက လင်းမြင့်လှိုင်၏ သဘောထားကို သိလိုသည်ကြောင့် ကြည့်လိုက်ချေတော့၏။

'နားကြတာပေါ့'

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင်…

'နားမယ်ဆို ရှေ့နားကျမှ နားကြတာပေါ့၊ အဲဒီမယ် ဝါးခုတ်စခန်းတစ်ခုရှိတယ်'

သို့ စောတာလူးက ပြောလေ၏။

'ကောင်းပြီလေ၊ ဝါးခုတ်စခန်းကိုပဲ သွားနားကြတာပေါ့၊ နို့မှ ကျွန်ုပ်တော်တို့ ထမင်းလေး ဟင်းလေး စားရတော့မပေါ့'

လင်းမြင့်လှိုင်က သည်သို့ပြောလိုက်သည်ကြောင့်…

'အင်း… အဲဒီဝါးခုတ်စခန်းမယ် ငါတို့ရွာသားတွေ ရှိနိုင်တယ်၊ နို့ဆိုတော့ ဟန်ကျတာပေါ့'

စောတာလူးက ပြောလည်းပြော၊ ရှေ့မှလည်း လှမ်းထွက်သွားလေတော့၏။ ဝါးခုတ်စခန်းအား လှမ်းမြင်လောက်သည့်နေရာလေးတွင်…

'ဟင်… သည်မယ်ကြည့်စမ်းပါဦး'

စောတာလူးက မြေပြင်သို့ ငုံ့ကြည့်ထိုင်ချလိုက်ကာ မြေပြင်မှ အရာတစ်ခုကို စေ့စေ့ကြည့်နေလေသဖြင့် လင်းမြင့်လှိုင်သည် စောတာလူးနားတွင် ကပ်ထိုင်လိုက်ချေပြီး စောတာလူးကြည့်နေသည့် မြေပြင်ကို စူးစူးစိုက်စိုက်ငုံ့ကြည့်နေချေ၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နားကပ်လိုက်ကာ မြေပြင်သို့ ကြည့်လိုက်ချေ၏။ ဘုရားရေ...

ထင်းထင်းကြီးပါလား။ ကျားကောင်၏ခြေရာ ဖြစ်ချေတော့၏။ သို့ပေမင့်လို့ စောတာလူးက ကျားကောင်ခြေရာတွေ့သည်နှင့် ဘယ့်တွက် အံ့အားသင့် အံ့ဩတကြီးဖြစ်ရတာပါလိမ့်။

ကျားကောင်ခြေရာ နေရာတိုင်းတွေ့ရသည်ပဲ။

သို့ကြောင့် ကျွန်တော်က စောတာလူးကို ကြည့်၍...

'ကျားကောင်ခြေရာတွေ့တာပဲ ဘာအံ့ဩစရာရှိတုံးဗျာ၊ ကျွန်တော်တို့တွေ ကျားကောင်ခြေရာနောက် လိုက်နေကြတာပဲ မဟုတ်လား'

သို့ ကျွန်တော်က ပြောလိုက်ချေတော့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်ကို သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြကြည့်လာချေပြီး...

'ဟုတ်ဘူး ကိုဗိုက်ရဲ့၊ သည်ကျားကောင်ခြေရာက ရှေ့တည့်တည့်သွားနေတာမဟုတ်ဘဲ ညာဘက်အခြမ်းကို လှည့်သွားတဲ့ခြေရာကြောင့် စောတာလူးက ထူးဆန်းနေတာပေါ့ဗျာ'

'ဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ သည်မယ်ကြည့်လေ၊ ရှေ့မယ် ဝါး

ခုတ်စခန်းကို တည့်တည့်သွားလျှင် တည့်တိုးလိမ့်မယ်၊ သည်လမ်း ကြောကသွားလျှင်ဖြင့် စခန်းကို ထိပ်တိုက်မတိုးတော့ဘူးလေ၊ နို့ကြောင့် ရှေ့မယ် လူသားတွေရှိနေတာကြောင့် အလွန်ပါးတဲ့ ကျားကောင် ညာဘက်ကို လမ်းချိုးထွက်သွားတာ'

'နို့ ငါတို့ ကျားကောင်နောက်လိုက်မလား၊ ဝါးခုတ်စခန်း ဆီ သွားမလား'

သို့ စောတာလူးက လင်းမြင့်လှိုင်ကို လှည့်ကြည့်မေးလိုက် လေတော့၏။ သည်တွင် လင်းမြင့်လှိုင်က ဆာလောင်နေသည် ကြောင့် မျက်နှာကြီးရှုံ့မဲ့နေသော ဖိုးခွေးကို တစ်ချက်ကြည့် လိုက်ကာ ယှဲ့ယှဲ့လေးပြုံးလိုက်ချေပြီး...

'ဝါးခုတ်စခန်းပဲ သွားကြတာပေါ့၊ ပြီးမှ သည်ကောင် နောက် လိုက်ကြည့်မယ်'

သို့ဆိုတော့ ကျွန်ုပ်တော်တို့သည် ဝါးခုတ်စခန်းရှိရာ တည့် တည့်လမ်းကြောမှ တောတိုးလျှောက်သွားကြလေတော့၏။

သို့မှသည်...

'ဟေး...'

သို့အသံကြောင့် အသံလာရာ သစ်ပင်ပေါ်သို့ လှည့်ကြည့် လိုက်ချေတော့၏။ ဝါးခုတ်သမားသုံးယောက် ဖြစ်ချေ၏။ သစ်ပင် ထိပ်တွင် နေကြခြင်းဖြစ်၏။

'သစ်ပင်ပေါ် ဘာတက်ရှာကြတာလဲ၊ ဘာရှိလို့လဲ'

သို့ ဖိုးခွေးက သူတို့သုံးယောက်ဘက် ကြည့်မေးလိုက်ချေ ၏။

သည်တွင် သစ်ပင်ပေါ်မှ ဝဝဖိုင့်ဖိုင့်ခေါင်းတုံးဆံတောက်နှင့် စစ်အင်္ကျီလက်ရှည်ဝတ်ထားသော လူကြီးက…

'အေး… ငါတို့ အသက်ချမ်းသာရဖို့အတွက် သစ်ပင်တက်နေရတာကွ၊ အလကားနေရင်း သစ်ပင်ပေါ် တက်ဆော့နေကြတယ် ထင်လို့လား'

သို့ပြောလာသဖြင့် ကျွန်တော် သူတို့ကို ပြုံးကြည့်မိသေးတော့၏။

'ဟုတ်ပါပြီ၊ ဘယ်လိုအန္တရာယ်ကြောင့် ခုလို သစ်ပင်ပေါ်တက်ရတာတုံး'

သို့ လင်းမြင့်လှိုင်က တည်ငြိမ်သောလေသံဖြင့် မေးလိုက်၏။ သည်တွင် ထိုလူက…

'ကျားကောင်လာလို့ ငါတို့ အချိန်မီ သစ်ပင်ပေါ်တက်နေရတာ၊ မင်းတို့နဲ့ မဆုံဘူးလား'

'ဟုတ်လား၊ သူက ဘယ်ကဘယ်လိုရောက်လာတာတုံး၊ ခု ကျွန်တော်တို့ မတွေ့မိဘူး၊ နောက်မှာတော့ ကျားကောင်ခြေရာတွေ့တယ်၊ ညာဘက်အခြမ်းကို ထွက်သွားတာပဲ၊ ခင်ဗျားတို့ မတွေ့မိဘူးလား'

သို့ လင်းမြင့်လှိုင် ပြောနေစဉ် ထိုလူသုံးယောက် သစ်ပင်ပေါ်မှဆင်းလာကြတော့၏။ အောက်ရောက်သည်တွင်…

'မင်းတို့ ဘယ်သွားမှာလဲ၊ သစ်ခုတ်တဲ့မယ် ဘယ်သူတွေ ရှိနေလဲ' လို့ စောတာလူးက မေးလိုက်လေ၏။

'ငါတို့ စမ်းရှာကကွ၊ သစ်ခုတ်စခန်းမယ် ဘယ်သူမှမရှိ

တော့ဘူးကွ၊ သူတို့ ဝါးတောဘက်သွားကြပြီ၊ ဝါးသွားခုတ်ကြပြီ၊ ငါတို့ သုံးယောက်က သွားမယ်အလုပ် ကျားကောင်ရောက်လာလို့ ကြောက်လန့်တကြား သစ်ပင်ပေါ် တက်ပုန်းနေကြတာ၊ ငါတို့ အမြင်စောပေလို့

သို့ ဝဝဖိုင့်ဖိုင့်လူကြီးက ပြောသလို…

'အေး… ငါတို့ကို ငှက်ဆိုးကောင်က သတိပေးလိုက်တာ'

သို့ ခပ်ပိန်ပိန် နှုတ်ခမ်းမွေးနှင့်လူက ပြောလာသဖြင့် ကျွန်တော် သူ့အား အံ့သြတကြီးကြည့်လိုက်ကာ…

'ပြောပါဦး၊ ငှက်ဆိုးကောင်က ဘယ်လိုလုပ်လိုက်တာလဲ'

'အေး… ငါတို့ ဝါးခုတ်သွားကြမလို့ပြင်နေတုန်း ငှက်ဆိုးကောင်က တဲခေါင်မိုးပေါ်ကနေ ဖြတ်ပျံသွားတာလေ၊ ငါက စခန်းပြောင်းကြလျှင် ကောင်းမယ်ပြောလိုက်တော့ ကျန်တဲ့သူတွေက ရယ်နေကြတယ်'

'မင်းကလည်း မဖြစ်နိုင်ပါဘူး၊ အယူမသီးစမ်းပါနဲ့၊ ဒါမျိုး အရင် ငါတို့ ဘိုးဘေးတွေဖြစ်တဲ့ သစ်ခုတ်ဝါးခုတ်သမားတွေ ကြုံတဲ့အခါ အဲလို စခန်းရွှေ့သွားကြတာ၊ ခု အဲလိုမဟုတ်တော့ဘူး'

သို့လည်း ထိုသူက ပြောပြီး ထွက်သွားလေ၏။

'ငါက သူတို့နှစ်ယောက်ကို ပြောပြီးပြီ၊ သူတို့က မယုံဘူးတဲ့၊ နို့ပေမင့် ငါတို့က တဲတစ်တဲတည်း တူတူနေကြသူတွေဆိုတော့ ငါကပြောပါတယ်၊ ငါတို့ ခပ်လုံမ်းလှမ်းနေရာမယ် စတီ

စခန်းပြောင်းနေကြတာပေါ့ဆိုပြီး ဝါးခုတ်အပြန်မှ စခန်းတဲဆောက်ကြမယ်ဆိုပြီး တဲမှာနေပြီး ပစ္စည်းရွှေ့မယ်လုပ်နေတုန်း ခပ်လှမ်းလှမ်းနေရာမယ် ဟင်းကောင်ကိုတွေ့တာပဲ၊ နို့ကြောင့် ငါတို့ ကပျာကသီအပင်ပေါ်တက်နေကြတာပေါ့၊ မကြာခင် ကျားကောင်ရောက်လာစခန်းတဲနားရောက်လာပြီး ဟိုလျှောက်သည်လျှောက် လျှောက်ပြီးစောစောက ချောင်းဘက်ကို ဆင်းသွားတာပဲ'

'ချောင်းက ဘယ်ဘက်လဲ'

လင်းမြင့်လှိုင်က မေးလိုက်၏။

'ဟောဟိုအောက်ဘက်မယ်'

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်ဘက်လှည့်ပြီး…

'ကျွန်တော်တို့ ခြေရာခံလိုက်တဲ့ ကျားကောင်ပေပဲဗျ၊ ကျွန်တော်တို့ တွေ့ခဲ့တဲ့နေရာကနေပြီး တဲဘက်ကိုပြန်လာပြီး တဲကိုဝင်မွှေတာပဲ၊ ဝါးခုတ်တဲ့သူတွေ ထွက်သွားလေတာကြောင့် လူသားကို မမြင်လိုက်ရဘူး၊ သူတို့သုံးယောက်က သစ်ပင်ပေါ် တက်နေလိုက်တော့တယ်'

'အတော်လာတဲ့ ကျားကောင်ပေပဲဗျ၊ ကြည့်စမ်း မြောင်းအတိုင်း စခန်းကိုမလာဘဲ တခြားလမ်းကနေ ပတ်ပြီးလာတာကလား'

သို့ စောတာလူးက ပြောပြီး ကျားကောင်ဆင်းသွားသည်ဆိုသော တောင်ကြောဆီသို့ သွားလိုက်ချေ၏။

ကျွန်တော်တို့သည်လည်း စောတာလူးနောက် လိုက်သွားကြတော့၏။

ဓာတာလူးတစ်ယောက် တောင်ကြောအောက်သို့ ကြည့်နေချေပြီး… ဘယ်လိုလဲဆိုလျက် လင်းမြင့်လှိုင်ကို ကြည့်နေချေ၏။

လင်းမြင့်လှိုင်က…

'ဖြည်းဖြည်းပေါ့ ဖထီးရယ်၊ ခုတော့ သူတို့တဲမှာ ခဏနားချဦးမယ်'

လင်းမြင့်လှိုင်က သို့ပြောပြီး…

'ခင်ဗျားတို့တဲ ဘယ်မှာလဲ' မေးလိုက်၏။

သို့ဆိုတော့ ထိုလူသုံးယောက်က ခပ်လှမ်းလှမ်းရှိ ဝါးခုတ်တဲသို့ ဦးဆောင်ခေါ်သွားလေ၏။

'ဒါ ကျွန်တော်တို့တဲပဲ၊ ဆရာလေးတို့ နားပါ'

'နို့ ခင်ဗျားတို့ ဝါးခုတ်မသွားဘူးလား'

'ဟင်း… ဟင်း… မသွားသေးဘူး၊ ဝါးခုတ်ဝါးတောမယ် အန္တရာယ်ရှိနိုင်တယ်၊ နို့ကြောင့် မလုပ်ကြတော့ဘူး၊ နောက်နေ့ရှာပြန်ကြမယ်၊ ဘာလို့လဲဆိုတော့ သည်နားတစ်ဝိုက်တင် ကျားကောင်ရှိနေနိုင်တာပဲ'

သို့ဆိုတော့ လင်းမြင့်လှိုင်က သူတို့ကိုကြည့်ပြီး…

'နို့လည်း မှန်တာပဲ၊ နို့တော့ မပူပါနဲ့၊ သည်ကျားကောင်နောက် ကျွန်တော်တို့ လိုက်နေတာပါ၊ နို့မေးရဦးမယ်၊ ကျားကောင်ကို တွေ့လိုက်ကြလား'

'ဟ… သိပ်တွေ့တာပေါ့၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး၊ ပြီးတော့ သူ့မယ် ဒဏ်ရာရထားပုံပဲ'

'ဟော…'

'ဟင်...'

သို့ဆိုတော့ သူတို့ ပြောကြသည်မှာ အမှန်တကယ်ဖြစ်ချေလောက်၏။ ကျွန်တော်တို့ နောက်ယောင်ခံလိုက်သည့် ကျားကောင်ပေပဲ။ ပြီး ဒဏ်ရာနဲ့ဆိုတော့ သေချာပြီပေါ့။

သို့ဆိုတော့ လင်းမြင့်လှိုင်က အဝေးသို့ငေးကြည့်ချေ၏။

'ဂျူးဂျူးတစ်ယောက် ကျားကောင်ကို ပစ်လိုက်တာသေချာ၏။ ဘာလို့များ အဲလိုလုပ်လိုက်ရတာပါလိမ့်၊ မိန်းကလေးတန်မဲ့ ရက်စက်လိုက်တာ'

'ဗျာ... ဂျူးဂျူးက ကျားကောင်ကို ခြောက်လှန့်ပစ်လိုက်တာဆို၊ ခုတော့ တည့်ပစ်လိုက်တာပါကလား'

စောတာလူးက အံ့ဩတကြီးဖြင့် ပြောလာလေတော့၏။

'နို့ကြောင့် ကျားကောင် ဒဏ်ရာရတာပေါ့၊ သူ မပစ်ဘယ်သူပစ်မှာတုံး'

'အင်း... စဉ်းစားရခက်တယ်ကွာ၊ ငါ သူ့သဘောသိရသလောက် မုဆိုးစည်းကမ်းသိပြီး ထိန်းသိမ်းတတ်တဲ့သူပေပဲကွ၊ သူက ဘာလို့ ကျားကောင်ကို အသားလွတ်ပစ်လိုက်ရတာပါလိမ့်၊ တစ်ခုခုတော့ တစ်ခုခု လွဲချော်နေပြီထင်ပါရဲ့'

'ဒီနီး...'

'ဒီနီး...'

သို့ရှိစဉ် ကျားကောင်ထွက်သွားသည့် အောက်ခြေဘက်ခပ်လှမ်းလှမ်းနေရာလောက်ဆီမှ သေနတ်သံနှစ်ချက် ကြားလိုက်ရတော့၏။

ဘုရားရေ… ထိုသေနတ်သံပိုင်ရှင်သည် ကျားကောင်နှင့် ထိပ်တိုက်တိုးလေသည်များလား။

ကျွန်တော်တို့ တွက်သလို ကျားနာကောင်နှင့် ထိပ်တိုက် တိုးသည့် သေနတ်သမားတော့ဖြင့် လွယ်လိမ့်မည်မဟုတ်။

'ကိုလင်း ဘယ်လိုသဘောရလဲ'

လင်းမြင့်လှိုင်က ခပ်အေးအေးနေချေပြီး…

'ဖိုးခွေး ဆာနေပြီ၊ ကဲ… နောင်ကြီးတို့ ကျွန်တော်တို့မယ် ဝက်သားတွေ ပါတယ်၊ ခင်ဗျားတို့ဆီမယ် ချက်ပြုတ်စားလို့ရလား၊ ခင်ဗျားတို့တွက်လည်း ပါတာပေါ့'

သို့ဆိုတော့ ဝဝဖိုင့်ဖိုင့်လူက…

'ဝမ်းသာလိုက်တာ၊ သည်မယ် ကျုပ်တို့ ငါးပိနဲ့ချည်း စားနေရတာ၊ အသားစားဖို့က မလွယ်ဘူး၊ ဘယ်လိုနေရာလဲ မသိ ပါဘူးကွာ၊ ချောင်းမြောင်ထဲမယ် ငါးလေး ဖားလေးလည်း မရဘူး၊ ကြက်လေး ငှက်လေးပဲ ကိုင်းထောင်လို့ မိတယ်မရှိဘူး။ ခုမှပဲ အသားစားရတော့မယ်'

'ဟင်း… ဟင်း… ကျားကောင်ကို ကျေးဇူးတင်ရမယ်'

သို့ဆိုသလို ခပ်ပိန်ပိန်လူက ပြောလာပြန်၏။

'ဘာလို့လဲ'

ကျွန်တော်က မေးလိုက်၏။

'ကျားကောင်ကြောင့် ကျွန်တော်တို့ သစ်ပင်ပေါ်တက်နေ ကြတာလေ၊ ခင်ဗျားတို့နဲ့ ဆုံတွေ့တာလေ၊ ခင်ဗျားတို့ပါလာတဲ့ ဝက်သားတွေကို စားရမှာဆိုတော့ ကျားကောင်ကို ကျေးဇူးမတင် သင့်ပေဘူးလား'

သို့ဆိုတော့လည်း ကျွန်တော် သဘောပေါက်လိုက်ချေ တော့၏။

'နို့ ခင်ဗျားတို့နာမည် ပြောပါဦး'

ခပ်ဝဝဖိုင့်ဖိုင့်လူက…

'ကျုပ်က မောင်မောင်ဦး၊ သူက (ခပ်ပိန်ပိန်လူကို ညွှန်ပြ ရင်း…) မြတ်ထိုက်၊ ဟောဟို ခပ်ဝဝ ဗိုက်ရွဲရွဲက စိန်မင်းတဲ့၊ အားလုံး စမ်းရွာသားတွေချည်းပဲ'

'နို့ ခင်ဗျားတို့ အမဲပစ်လာကြတာလား'

သို့ဆိုတော့ မုဆိုးကြီးစောတာလူးက ကျွန်တော်တို့ဖြစ်စဉ် ကို ပြောပြလိုက်ချေ၏။ ကျွန်တော်တို့နှစ်ယောက် နာမည် ကြား သည်နှင့် စိန်မင်းဆိုသူက မျက်လုံးမျက်ဆန်ပြူးကြည့်လာရင်း…

'ဟင်… ခင်ဗျားတို့က နာမည်ကျော်မုဆိုးနှစ်ယောက်ပဲ'

ပြောလေသဖြင့်…

'ဘယ်လိုလုပ်သိတာတုံး'

ကျွန်တော်က မေးလိုက်၏။

'ဆင်ပိုင်ကြီးသမီးကြူးကြူးမာ ပြောပြတာလေ၊ သူ့သူငယ် ချင်းက အမဲပစ်တယ်'

'သူတို့က ငါတို့အကြောင်း ဘာပြောကြလဲ'

ကျွန်တော်က စပ်စုမေးလိုက်၏။

'ခင်ဗျားတို့တွေ အင်မတန်တော်တဲ့အကြောင်းပေါ့၊ သူတို့ က ခင်ဗျားတို့ကို တွေ့ချင်လို့တဲ့၊ တောတောင်ထဲမယ်လာပြီး အမဲ ပစ်ကြတယ်၊ ခင်ဗျားတို့နဲ့ ဆုံမလားလို့ပေါ့'

'ဟာ…'

'ဟင်…'

'ဟုတ်ပါပြီ၊ မင်းနဲ့ ဘယ်လောက်ခင်လို့လဲ'

'သူ့အဖေဆင်ပိုင်းမယ် ကျွန်တော်က ဆင်စီးဖူးတယ်လေ၊ နို့ကြောင့် ကြူးကြူးမာနဲ့ဆို အတော်ရင်းနှီးတာပေါ့၊ ပြီးခဲ့တဲ့တစ်ပတ်လောက်ကတောင် တောင်ညိုလေးမှာ ဆုံသေးတယ်၊ နို့ ခင်ဗျားတို့ ဘယ်ကိုသွားဦးမှာလဲ'

သို့မေးလာသဖြင့် ကျွန်တော်က…

'ဘယ်မှမသွားဘူး၊ ကျားကောင်နောက် လိုက်လာတာ'

'နို့ ကျားကောင်က သည်နားတစ်ဝိုက်မယ် ရှိတယ်ဆိုတော့ ခင်ဗျားတို့တွေ သည်နားတစ်ဝိုက်မယ်နေပြီး ကျားကောင်ကို စောင့်ပေါ့'

'ဒါပေါ့ကွ'

'ဟုတ်ပြီ၊ သည်တော့ ကျွန်တော်တို့ တောင်ညိုဘက်သွားဦးမယ်၊ ကြူးကြူးမာရှိလိမ့်မယ်၊ သူ့ကို သွားခေါ်မယ်'

'ဟေ…'

'ဟင်…'

'ဟုတ်တယ်၊ သူက ခင်ဗျားတို့နဲ့ဆုံချင်တာလေ၊ နို့ကြောင့် သူတို့ တောင်ညိုလေးမှာရှိတုန်း သွားခေါ်မယ်'

'ဘယ်လောက်ဝေးလဲ'

'ဘာဝေးမှာလဲ၊ သုံးမိုင်လောက်ပါပဲ'

'ဟုတ်ပါပြီ၊ ခင်ဗျား ကျားကောင်နဲ့ လမ်းမှာတိုးမှာ မကြောက်ဘူးလား'

'ဗျာ…'

သို့ဆိုတော့ စိန်မင်းဆိုသူ ဆိတ်ငြိမ်သွားလေ၏။

'ဟင်း… ဟင်း… ဟင်း… ဟင်း…'

ကျွန်တော် သူ့ကိုကြည့်ကာ သဘောကျစွာရယ်မိလေတော့၏။ ကြုံးကြုံးမှာ တောင်ညိုလေးမှာရှိပြီး ကျွန်တော်တို့နှင့်ဆုံစေလိုခြင်းဆန္ဒရှိသည်ကြောင့် သို့ဖြစ်သွားခြင်းပင်။

'ခင်ဗျားပြောတာ ဟုတ်တယ်၊ ကျားကောင်ရှိနေလျှင်ဘယ်လိုဖြစ်မှာလဲဗျာ၊ အဲ… နေပါဦး၊ နို့ဖြင့် သည်ကျားကောင်က တောင်ညိုဘက်သွားနိုင်လား'

သို့ သူပြောလာသဖြင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်က အဓိပ္ပာယ်ပါ ပြုံးလိုက်ချေပြီး…

'သုံးမိုင်လောက်ခရီးဆိုတော့ သိပ်တော့မဖြစ်နိုင်ဘူးဆိုပေမင့် သူတို့ကလည်း တောင်ညိုကနေ အမဲပစ်ထွက်ကြတယ်ဆိုတော့ခရီးလမ်းမှာ ဆုံချင် ဆုံနိုင်တယ်'

'ဟင်… နို့ဖြင့် ဘယ်လိုလုပ်မလဲ'

စိန်မင်းက စိုးရိမ်တကြီးဖြစ်ကာ မေးလာလေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က…

'ကဲပါလေ… ငါတို့ရှိတယ်၊ မင်းတို့ကိစ္စကို ရှင်းပေးပါ့မယ်'

သို့ဆိုတော့ စိန်မင်းဆိုသူသည် မျက်နှာပြုံးသွားကာ သူ့လူတွေဘက်ကို ကြည့်လေပြီး…

'ငါတို့မယ် ဆန်တွေ ဆီတွေ ငရုတ်သီး အစုံရှိတယ် မဟုတ်လား'

'အေး... ရှိတယ်'

'နို့ဖြင့် လာကွာ၊ ငါတို့ ဧည့်သည်တွေတွက် လုပ်ကြတာပေါ့'

သို့ပြောတော့ ဖိုးခွေးတစ်ယောက် တောဝက်သားထုပ်ကို ယူ၍ ချက်ပြုတ်ရန် စီစဉ်သူတို့ကို ပေးလိုက်ချေတော့၏။

'ကိုလင်း ဘယ်လိုစဉ်းစားထားလဲ'

ကျွန်တော်က မေးလိုက်၏။

'ကျွန်တော်တို့ စားသောက်ပြီး ခဏနေ ကျူးကောင် နောက်လိုက်ကြမယ်၊ ဘယ်လိုပဲဖြစ်ဖြစ် တဲပြန်လာ ညအိပ်ကြမယ်၊ သည်နေရာတစ်ဝိုက် မရှိဘူးဆိုလျှင်ဖြင့် နက်ဖြန် စောင့်ကြည့်ပြီး တောင်ညိုဘက်သွားကြတာပေါ့'

သို့ ပြောလာလေတော့၏။ သို့သလိုပင် ကျွန်တော်တို့သည် တောင်ကြောလေးအတိုင်း ကျားကောင်ခြေရာလက်ရာကို ကြည့်၍ လိုက်ဆင်းသွားကြတော့၏။

'ကျွန်တော့်အထင် သည်ကောင် သည်ကြောမယ် မရှိလောက်တော့ဘူး'

သို့ပြောလာသည့် စောတာလူးကို ကျွန်တော် လှမ်းကြည့်လိုက်ပြီး...

'အကျိုးအကြောင်းပြောပြလို့ရမလား'

မေးလိုက်၏။

သည်တွင် စောတာလူးက လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်ချေပြီး…

'ဆရာလေး ကိုလင်း သိနိုင်ပါတယ်၊ ဟုတ်ပြီလား၊ ကျွန်တော်တို့ဆီကို ရှေ့ဘက်ကနေ လေတိုက်နေတာလေ၊ သစ်ပင်စို ရန့်ကလွဲလို့ ထူးခြားတဲ့ ဘာရန့်မှ မရဘူးလေကွာ၊ ကျားကောင် သာရှိသည်ဆို သူ့ခန္ဓာကိုယ်ကထွက်တဲ့ အပုပ်နံ့တော့ လေနှင့်အတူ ပါလာရမပေါ့၊ ပြီးတော့ အဲဒီကျားကောင်က ဒဏ်ရာလည်းရနေ တော့ သွေးတွေထွက်နေတယ်၊ သွေးညှီနံ့တော့ ရရမပေါ့ကွ၊ ဟုတ်တယ်လား ဆရာလင်း'

စောတာလူးက သို့ဆိုသလို လင်းမြင့်လှိုင်ကို မဏ္ဍိုင်ထား၍ ပြောလာလေသဖြင့် ကျွန်တော် လက်ခံလိုက်ရချေတော့၏။

တကယ်တော့ သူပြောသလိုပင် ကျွန်တော်တို့သည် ရှေ့ခပ်လှမ်းလှမ်းသို့ သွားလိုက်ချေပြီး လူခွဲမရှာရုံတမယ် လှုဖြန့်လိုက်ကာ စေ့စေ့ရှာကြည့်ကြပေငြား ကျားကောင် မပြောလေနှင့်၊ ထိုကျားကောင် ထွက်သွားပြီး ခြေရာလက်ရာကိုပင် မတွေ့ရပါချေ။

သို့မှ ကျွန်တော်တို့သည် ဆားကျင်းတစ်ခုသို့ ရောက်ခဲ့ကြတော့၏။

ထိုဆားကျင်းတွင် လာရောက်သွားကြသော ဘိရစ္ဆာန်တို့၏ ခြေရာလက်ရာတို့ကို စေ့စေ့ကြည့်လေသည်တွင် ကျားကောင်၏ ခြေရာလက်ရာမပြောလေနှင့် တောကြောင်ကောင်၏ ခြေရာပင် မတွေ့ပါချေ။

'ကျွန်တော့်အထင်ပြောရလျှင်ဖြင့် သည်ကောင် ဒဏ်ရာနဲ့

သည်ကြောဘက် ဝင်လာပေမင့် တစ်ဖက်တောင်ကြောပေါ်တက်ပြီး သွားလောက်တယ်'

လင်းမြင့်လှိုင်က သို့ပြောပြီး တောင်ကြောစွယ်တစ်ခုပေါ် သို့ စူးစိုက်ကြည့်နေချေတော့၏။

သို့မှ…

'ဖျတ်… ဖျတ်… ဖျတ်… ဖလပ်… ဖျတ်… ဖလပ်…'

လင်းမြင့်လှိုင် ကြည့်နေသည့် တောင်ကြောဘက် သစ်ပင် ကြီးတစ်ပင်အဖျားလောက်ဆီမှ သို့ဆိုသလို အောင်လောင်ငှက် ကောင်သည် လန့်ဖျပ်ပျံသွားသည်ကြောင့်…

'အဲဒီ တောင်ကြောနေရာမှာ မုဆိုးတစ်ယောက်ရှိလောက် တယ်'

သို့ပြောလာသဖြင့် လင်းမြင့်လှိုင်ကို ကျွန်တော်က ကြည့် ပြီး…

'နို… ဘာဖြစ်လို့တုံး'

မေးလိုက်၏။

'ကျားကောင်သာ အဲဒီဘက်ထွက်သွားရီးမှန်လျှင် အဲဒီ ရှိတဲ့ မုဆိုးနဲ့ တိုးနိုင်လောက်တယ်'

'သူက မုဆိုးပဲ၊ ဘာပြဿနာရှိမှာတုံး'

ကျွန်တော်က ပြောလိုက်၏။ သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်ပြီး စိန်မင်း၊ မောင်မောင်ဦးနှင့် မြတ်ထိုက်တို့ ဘက် လှမ်းကြည့်လိုက်ချေပြီး…

'သူတို့ရဲ့မိတ်ဆွေ မုဆိုးမလေး ကြူးကြူးမာတို့ရှိမယ်ဆိုလျှင် သူတို့တွက် စိုးရိမ်စရာပေါ့'

'ဗျာ…'

'ဟင်…'

'ဟာ…'

မြတ်ထိုက်၊ စိန်မင်းနှင့် မောင်မောင်ဦးတို့သည် လင်းမြင့်လှိုင်ကို ကြည့်ကာ တအံ့တသြဖြစ်သွားကြတော့၏။

သို့ရှိစဉ်…

'ဒိန်း…'

'ဒိန်း…'

'ဒိန်း…'

ဘုရားရေ… ဘယ်လိုများဖြစ်နေကြပါလိမ့်။ အောင်လောင်ငှက်ကောင် လန့်ဖျပ်ပျံသန်းသွားသည့်နေရာလောက်ဆီမှ သို့ဆိုသလို သေနတ်သံသုံးချက် ကြားလိုက်၏။

'ဝေါ… ဝေါ… ဝေါ… ဝေါ…'

'ဘရော… ဝေါ… ဘရော… ဝေါ… ဘရော…'

'ဝေါ… ဝေါ…'

သို့ဆိုသလိုလည်း တစ်ပြိုင်နက်ဆိုသလို တော်လဲသံတို့ကို ကြားလိုက်ကြတော့၏။

'ဘာတွေဖြစ်နေပါလိမ့်'

ကျွန်တော်က မသိ၍ မေးလိုက်၏။

'သေနတ်သံသုံးချက်ကြောင့် ဆက်တိုက်ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေလေဗျာ'

လင်းမြင့်လှိုင် ဘာကိုဆိုလိုသည် မသိပါချေ။ သို့ကြောင့် သူ့အား ငေးငိုင်ကြည့်မိချေသေးတော့၏။

'ကိုပိုက် သိချင်နေတယ်လား'

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး…

'သိချင်လျှင် သွားကြတာပေါ့'

သို့ပြောပြီး မြတ်ထိုက်တို့သုံးယောက်ဘက် လှည့်ကြည့်လိုက်ချေပြီး…

'မင်းတို့တွေ လိုက်ခဲ့မယ်ဆိုလျှင်ဖြင့် နောက်ကပဲ လိုက်ကြချေ၊ ဘယ်ကိုမှ ထွက်သွားလို့မရဘူးနော်'

သို့ လင်းမြင့်လှိုင်က သူတို့ကို သတိပေးလိုက်သည်ကို ကျွန်တော် သဘောပေါက်လိုက်ချေ၏။

အန္တရာယ်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးနိုင်သည်ကို လင်းမြင့်လှိုင် သိနေလေခြင်းဖြစ်ချေ၏။

'ကိုပိုက်'

ကျွန်တော့်ကို ခေါ်သဖြင့် လှည့်ကြည့်လိုက်၏။ ခေါင်းဆတ်ညိတ်ပြလာသဖြင့် ကျွန်တော် သဘောပေါက်လိုက်၏။

အန္တရာယ်ရှိနိုင်တယ် သတိထားဟု ပြောခြင်းပင်။

သို့မှ ကျွန်တော်တို့သည် လင်းမြင့်လှိုင် ဦးဆောင်သွားရာနောက် လိုက်သွားကြတော့၏။ ကျွန်တော်တို့ရှိနေသော တောင်ကြောစွယ်လေးမှ ဆင်းလိုက်ကြပြီး မြောင်ကိုဖြတ်၍ တစ်ဖက်တောင်ကြောပေါ်သို့ ကုပ်တွယ်တက်လိုက်ကြ၏။

ဘယ့်တွက်မူ ထိုတောင်ကြောသည် မတ်စောက်နေခြင်းကြောင့် ဖြစ်ချေ၏။

သို့ဆိုတော့ အတန်ကြာအချိန်လောက်မှ ကျွန်တော်တို့သည် တစ်ဖက်တောင်ကြောပေါ်သို့ ခြေချလိုက်နိုင်ကြပေတော့၏။

တောင်ကြောတွင် မြက်ရိုင်းပင်တို့အပြင် ဝါးသုန်းပင်တို့လည်း ရှိချေ၏။ သစ်ပင်ကြီးများ ခပ်ကျဲကျဲသာရှိချေ၏။ တောခြောက်ကဲ့သို့ ဖြစ်ချေ၏။ နေရောင်ရှိသေးတော့သဖြင့် ခပ်လှမ်းလှမ်းသို့ လှည့်ကြည့်ကြသည်တွင်မတော့…

'ဟာ…' 'ဟို…'

'အို…'

'ဟာ…'

ခပ်လှမ်းလှမ်းတွင် တောဆင်ရိုင်းကောင်တို့ ရှိနေကြ၏။ ထိုတောဆင်ရိုင်းကောင်တို့သည် ကျွန်တော်တို့နှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ခပ်သွက်သွက်သွားနေကြခြင်းဖြစ်ချေ၏။

'သည်ကောင်တွေ စောစောက ပြေးလာကြတာဗျ၊ ခုမှ အပြေးရပ်လိုက်တယ်၊ သို့ပေမင့် ခြေလှမ်းကျဲကျဲ မပြေးရုံတမယ် လှမ်းသွားနေကြတာလေ၊ ကျွန်တော်တို့ ကံကောင်းတယ် သီလား'

'ဘာကိုဆိုလိုတာလဲ ကိုလင်း'

'အေး… တောဆင်ကောင်တွေ သေနတ်သံကြောင့် ဝရုန်းသုန်းကားဖြစ်ပြီး ပြေးထွက်လာကြတာဆိုပေမင့် ဆန့်ကျင်ဘက်ကို ပြေးသွားကြတာလေ၊ နို့မဟုတ် ကျွန်တော်တို့ဘက် ပြေးလာလို့ကတော့ မလွယ်ဘူး'

သို့ လင်းမြင့်လှိုင်က စိုးရိမ်တကြီး ပြောလာလေတော့၏။

"ဘယ်လိုဆက်လုပ်မလဲ"

ကျွန်တော်က မေးလိုက်၏။

"အဲဒီဆင်တွေ အတော်ဝေးဝေး ရောက်သွားလျှင်ဖြင့် ကျွန်တော်တို့ အဲဒီနားသွားကြတာပေါ့"

"ဟုတ်ပြီလေ"

သို့ဖြင့် ကျွန်တော်တို့သည် တောဆင်ရိုင်းကောင်တို့ အမြင်မှပျောက်သွားသည်ကို သိလိုက်ပြီးလေမှ ထိုနေရာလေးက ထွက်ခဲ့ကြတော့၏။

"ကျွန်တော်တို့ လွတ်လွတ်လပ်လပ်သွားလို့ရပြီလား"

သို့ စိန်မင်းက မေးလိုက်ချေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က...

"မအောင့်နိုင်တော့ဘူးလား၊ နို့ဖြင့်လည်း လုပ်လိုက်လေ"

ပြောလာသဖြင့် စိန်မင်းတို့သုံးယောက်သည် သွက်လက်သောခြေလှမ်းများဖြင့် လင်းမြင့်လှိုင်ဘေးမှလည်းကောင်း၊ ရှေ့မှလည်းကောင်း ဦးဆောင်သကဲ့သို့ သွားနေကြ၏။

"ဝေါင်း..."

သို့ ရုတ်တရက် ကြားလိုက်ရသည့်အသံကြောင့် သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက်ဖက်ကာ ကြောက်လန့်တကြား အော်ရာလေတော့၏။

"အား..."

"အား..."

'ဟင်း… ဟင်း… ဟင်း… လွတ်လွတ်လပ်လပ် သွားကြချေဦး၊ ဘာလို့ ငါတို့နား ပြန်လာရတာလဲ'

လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

'တောင်းပန်ပါတယ်၊ တောဆင်ရိုင်းတွေ သွားပြီဆိုတော့ ကျွန်တော်တို့ သည်နေရာမယ် တခြားဘာအန္တရာယ်မှမရှိဘူး ထင်ကြတာကိုး၊ နို့ကြောင့် ကျွန်တော်တို့ လွတ်လွတ်လပ်လပ် သွားလိုက်တာပါ၊ တောင်းပန်ပါတယ်'

သို့ စိန်မင်းက မျက်နှာငယ်လေးဖြင့် ပြောပြတောင်းပန်လာချေတော့၏။

'အေး… ငါကလည်း မင်းတို့သဘောသိရအောင်ပဲ လွှတ်ထားတာ၊ ဟုတ်ပြီလေ၊ ငါ့အမိန့်မရမချင်း ဘယ်သူမှ ရှေ့က ဖြစ်ဖြစ် နောက်ကဖြစ်ဖြစ် မသွားကြနဲ့'

လင်းမြင့်လှိုင်က သူတို့ကို သတိပေးပြောပြီးနောက် ကျွန်တော့်ကိုကြည့်လာကာ…

'ကိုပိုက် ညာဘက်ခြမ်းကို ဂရုတစိုက်ကြည့်ချေဗျာ'

'ဟုတ်'

ပြီးနောက် စောတာလူးဘက် လှည့်လိုက်ချေပြီး…

'ဖထီ'

'ဟော…'

'ဖထီက ဘယ်ဘက်ခြမ်းကို ဂရုတစိုက်ကြည့်ချေ'

'အေး…'

'ဖိုးခွေး မင်းကတော့ သူတို့သုံးယောက်ကို သတိထားကြည့်နေချေ၊ ဘယ်မှချော်မထွက်စေနဲ့၊ ဟုတ်သလား'

'ဟုတ်ကဲ့ပါ'

သို့ဖြင့် လင်းမြင့်လှိုင်သည် ရှေ့သို့တန်းသွားလိုက်ပြန်ချေသဖြင့် ကျွန်တော်တို့သည် နောက်မှလိုက်သွားကြချေတော့သည်။

ယခု တောသည်လည်း တိတ်ဆိတ်လို့နေပြန်လေတော့၏။

စောစောက ထိုနေရာတွင် ဘာမျှမဖြစ်ခဲ့သလိုပင်။

ကျွန်တော်တို့သည် သို့တောတိုးခဲ့ကြရာမှ…

'အား… အား… အား… အား…'

'အား…. အား… ကယ်ကြပါ၊ ကယ်ကြပါ'

သို့ မိန်းမပျိုတစ်ယောက်က အော်ဟစ်အကူအညီတောင်းသံကြောင့် ကျွန်တော်တို့သည် အသံလာရာသို့ ကြည့်လိုက်ကြ၏။

သို့မှ ကျွန်တော်တို့သည် ထိုတောင်ကြောပေါ်သို့ တက်လိုက်ကြပြန်၏။ တောင်ကြောပြေပြေခြင်းဖြစ်ခြင်းကြောင့် အဆင်ပြေသေးတော့၏။ တောင်ကြောပေါ်သို့ ရောက်သည့်တွင် အထက်အောက် လှမ်းကဲကြည့်လိုက်ကြ၏။

'ကျွန်တော်တို့ ကြားရတဲ့အသံက သည်တောင်ကြောပေါ်က မှန်ပေမင့် အထက်ဘက်လား အောက်ဘက်လားတော့ မသိပေဘူးဗျ'

သို့ လင်းမြင့်လှိုင်က ပြောရင်း အထက်အောက် ဝေ့ဝိုက်ကြည့်နေချေ၏။ သို့မှ ကျွန်တော်သည်လည်း အထက်သို့ လှမ်းကဲကြည့်လိုက်သည်တွင် ခပ်လှမ်းလှမ်းမှ တောတိုးပြေးလာသည်ကို တွေ့လိုက်ရသည်ကြောင့်…

'ကိုလင်းရေ ဟိုအထက်ဘက်ကို ကြည့်စမ်း၊ တောတိုး ပြေးလာတာဗျ၊ ဘာလဲတော့ မသိဘူး'

ဝါးသုန်းတို့ ခါးစောင်းသာသာရှိခြင်းကြောင့် သဏ္ဌာန်ကို မမြင်ရ။ လှုပ်ခါနေသည့် ဝါးသုန်းပင်များကိုကြည့်၍ ကျွန်တော်က ပြောလိုက်၏။

'လူတော့ မဖြစ်နိုင်ဘူး၊ လူဆိုလျှင်ဖြင့် ခါးအထက်ပိုင်း မြင်ရမယ်၊ ခုတော့ ဝါးသုန်းပင်တွေ လှုပ်ခါနေတယ်ဆိုတော့ ခြေလေးချောင်းသတ္တဝါဖြစ်မယ်၊ သူ့နောက်မယ် အန္တရာယ်ကပ်ပါနေလို့ ပြေးလွှားလာတာဖြစ်မယ်'

'သေချာလား ကိုလင်း'

'သေချာသလောက်ပဲပေါ့၊ ဘာလဲ ကိုပိုက်က စီးပစ်မယ် စိတ်ကူးလား'

'ဟုတ်တယ် ကိုလင်း၊ ကျားကောင်ဖြစ်နေလျှင်ဖြင့် ဘယ်လိုလုပ်မလဲ၊ အနားရောက်မှဆို အခက်တွေ့နိုင်တယ်'

'နို့ဖြင့်လည်း ကိုပိုက် ရဲရဲသာပစ်၊ လူမဟုတ်လောက်ဘူး ဆိုတာတော့ သေချာတယ်'

သို့ဆိုတော့ ကျွန်တော်သည် ကောင်လုံးကိုမမြင်ရပေမင့် လှုပ်ရှားမှုကိုကြည့်ပြီး ပစ်ရန်အလို့ငှာ မုဆိုးဒူးထောက်ထိုင်လိုက်ကာ လက်တွင်းရှိသေနတ်ကို ရှေ့ဘက်သို့ လှမ်းထိုးချိန်လိုက်လေ၏။

အားလုံး ငြိမ်သက်ရပ်တန့် ကျွန်တော်၏ရလဒ်အဖြေကို စောင့်ဆိုင်းနေကြချေတော့သည်။

'ဟာ… ဟုတ်ပြီ၊ သည်ကောင် တည့်တည့်ကနေလာ

တာ မဟုတ်ဘူး၊ ကျွန်တော်တို့ရှေ့က ကန့်လန့်ဖြတ်ပြေးသွားလိမ့်မယ်'

သို့ လင်းမြင့်လှိုင်က သတိပေးလေသဖြင့် ကျွန်တော်သည် ရှေ့တည့်တည့် ကိုက် ၅၀ လောက်နေရာသို့ ရောက်လာတော့ လှုပ်ရှားမှုသာမြင်ရသော သားကောင်ကို အလွတ်မပေးလိုသဖြင့်…

'ဒိန်း…'

အလိုလေးဗျာ၊ ယမ်းအားပေါက်ကွဲသံနှင့်အတူ ဝါးသုန်းပင်များ လှုပ်ခါမှု ပြင်းပြင်းထန်ထန်တစ်ချက်ဖြစ်သွားလေပြီး ငြိမ်သက်သွားလေတော့၏။

'ပစ်မှတ်မလွဲလောက်ပေဘူးဗျ'

လင်းမြင့်လှိုင်က ဆိုလေ၏။

အတန်ကြာ လှုပ်ရှားမှုရှိလိုရှိငြား စောင့်ကြည့်ပေမင့် လုံးဝငြိမ်သက်ခြင်းဖြစ်လေခြင်းကြောင့်…

'သွားကြည့်ကြမယ်'

လင်းမြင့်လှိုင်က ရှေ့မှဦးဆောင် ထွက်သွားချေတော့၏။

ဘုရားရေ… ကျွန်တော် ထင်ထားသလိုပင် ကျားကောင်ဖြစ်ချေ၏။ အသက်ရှုနေသေးသည်ဆိုပေမင့် နောက်ဆုံးအားစိုက်ရှူနေခြင်း ဖြစ်တော့၏။

မကြာမီ ကျားကောင် လုံးဝငြိမ်ကျသွားချော့၏။ သေဆုံးသွားလေပြီ။ သို့ဖြင့် ကျွန်တော်တို့သည် အရဲကိုးကာ ကျားကောင်နား သွားလိုက်ကြ၏။ ပြီးနောက် အားလုံးဝိုင်းဝန်းကာ ကျားကောင်သေကို ကွင်းပြောင်ပြောင်နေရာသို့ ရွှေ့ပြောင်းသယ်လိုက်ကြ၏။

'ဟူး…'

'ဗုံး…'

'အူး…'

နှာသီးဖျားမှ အမြီးဖျားထိ တိုင်းကြည့်လေသည်တွင် ၆ တောင်သာသာခန့်သာရှိသော ကျားပျိုကောင်ဖြစ်ချေတော့၏။

လင်းမြင့်လှိုင်သည် ကျားကောင်သေကို စေ့စေ့ကြည့်နေရာမှ…

'သည်ကျားကောင်က ကိုပိုက်လက်ချက်ကြောင့် သေဆုံးသွားရတာ မဖြစ်နိုင်ဘူး'

'ဟင်… ဘာဖြစ်လို့လဲ'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို သို့မေးလိုက်ရတော့၏။

'သည်မယ်ကြည့်လေ၊ သူပြေးလာတာ ဒဏ်ရာကြီးနဲ့ဗျ၊ ဗိုက်အောက်မယ် ပွင့်နေတယ်၊ သည်ဒဏ်ရာက ပြောရလျှင်ဖြင့် ရိုင်ဖယ်သေနတ် မှန်ထားလို့ ဖြစ်ရတာ၊ ကိုပိုက် ပစ်လိုက်တာ ခါးရိုးကို ရှပ်မှန်သွားပုံဗျ'

သို့ဆိုလေမှ ကျွန်တော် အသေအချာကြည့်မိချေတော့သည်။ ဟုတ်ပါ့။ ကျွန်တော် ပစ်လိုက်သည့်ကျည်သည် ကျားကောင်၏ ခါးရိုးကို ရှပ်သွားခြင်းသာ ရှိချေ၏။ ယခင် ထိုကျားကောင်ကို တစ်ဦးတစ်ယောက်က အရင်ပစ်ခတ်လိုက်ခြင်းမှရရှိသော ဒဏ်ရာဆိုသည်ကို ကျွန်တော် သဘောပေါက်သွားရတော့၏။ ကျွန်တော်တို့ ကျားကောင်ကို စေ့စေ့ဝိုင်းကြည့်ကြချိန်တွင်…

'သည်ကျားကောင်က ကျွန်မနဲ့ ဆိုင်လိမ့်မယ်'

သို့အသံကြောင့် အားလုံး အသံလာရာ နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြချေတော့၏။

'ဟာ… ကြူးကြူးမာပါကလား'

သို့ဆိုသလို စိန်မင်းက ပြောလာသဖြင့် သူမ ကြူးကြူး မာဖြစ်ကြောင်း သိလိုက်တော့၏။

'မင်း… မင်း… ဂျူးဂျူးဦးလေး မဟုတ်လား'

စောတာလူး ကြူးကြူးမာ ဘေးမှလူကိုကြည့်၍ ပြော လိုက်လေ၏။ သို့ဆိုတော့ ကျွန်တော်တို့ အတော်ကလေး စိတ်ဝင် စားဖို့ကောင်းနေပါကောလား။

ကြူးကြူးမာဆိုသူနှင့်အတူ အမျိုးသားတစ်ယောက်ပါလေ ၏။ အသက်ခပ်ကြီးကြီး ဖြစ်၏။ ထိုလူကို ကျွန်တော် စိတ်ဝင်စား မှန်းသိလေသည်ကြောင့် ကြူးကြူးမာဆိုသူက…

'ဪ… သူက ဂျူးဂျူးဦးလေး၊ ဖေဖေ့ညီအငယ်ဆုံး' ပြောလာလေ၏။

'ဆင်ပိုင်ကြီး ညီပေါ့'လို့ စိန်မင်းက မေးလိုက်၏။

'ဟုတ်ပါတယ်၊ နို့ အစ်ကိုတို့ ဘယ်လိုလုပ် သည်ရောက် နေကြတာတုံး'

ကြူးကြူးမာက စိန်မင်းကို မေးပြီး ကျွန်တော်နှင့် လင်း မြင့်လှိုင်ကိုသာ စေ့စေ့ကြည့်နေလေသဖြင့်…

'ဪ… ငါ မိတ်ဆက်ပေးရဦးမယ်၊ မုဆိုးကြီး ကိုပိုက် နဲ့ လင်းမြင့်လှိုင်ဆိုတာပေါ့၊ သူတို့က ငါတို့ ဝါးခုတ်စခန်းကို ရောက်လာတာ ကျားကောင်ကို သုတ်သင်ဖို့လိုက်လာကြတာ'

သို့ဆိုသလို စိန်မင်းက ကြူးကြူးမာနှင့် သူ့ဦးလေးဆိုသူကို ကြည့်ပြောလိုက်ချေ၏။

'အင်း... ထင်တော့ ထင်သားကလား၊ ဂျူးဂျူးသာ ပါလာလျှင် သိပ်ကောင်းမှာပဲ'

ကြူးကြူးမာက သို့ပြောလိုက်ပေမင့် သူ၏မျက်နှာ ညှိုးနွမ်းသွားသည်ကို တွေ့လိုက်ရ၏။ ဘာကြောင့်ရယ် မသိပါချေ။

'ဟုတ်ပြီ၊ ဂျူးဂျူးက ငါတို့နဲ့သိခဲ့တယ်၊ သူပြောတဲ့ သူ့သူငယ်ချင်း ကြူးကြူးမာဆိုတာ မင်းပေါ့'

သို့ စောတာလူးက ဝမ်းသာအားရ ပြောလိုက်ချေ၏။

'ဟုတ်ပါတယ်'

'နို့ဖြင့် မင်း ဂျူးဂျူးနဲ့ မတွေ့ပေဘူးလား' လို့ပြောပြီး သူတို့နှင့်ဆုံခဲ့ပုံကို ပြန်ပြောပြလိုက်ချေတော့၏။

'အဲဒီတုန်းက ကျွန်မတို့ တူတူသွားလာကြတာပဲ၊ လမ်းကွဲသွားကြတာ၊ သူက မပြောပေဘူးလား'

'ဟင့်အင်း... မပြောပါဘူး၊ နို့ဖြင့် သူနဲ့ပြန်မဆုံပေဘူးပေါ့'

လင်းမြင့်လှိုင်က မေးလေ၏။

'ဆုံခဲ့ကြပါပြီ'

'နို့ဖြင့် ဂျူးဂျူးရော'

'သူ... သူ မရှိတော့ဘူး၊ ဟီး... ဟီး... ဟီး... ဟီး... ဟင်း... ဟင်း...'

'အလိုလေးဗျာ... ကြူးကြူးမာ ဘယ်လိုဖြစ်သွားပါလိမ့်။

စောတာလူးက သို့ပြောရင်းနဲ့ ငိုလိုက်သည့် ကြူးကြူးမာကို စေ့စေ့ကြည့်နေချေ၏။

"ဟဲ့… ဘယ်လိုဖြစ်တာလဲ၊ ဂျူးဂျူး မရှိတော့ဘူးဆိုတာ ဘယ်လိုသိတာလဲ"

သို့ မေးလာလေတော့၏။

"မရှိတော့ဘူးဆိုတာ သူ သေသွားပြီလေ"

ဂျူးဂျူးဦးလေးဆိုသူက ပြောလာ၏။

"ဟော…"

"ဟင်…"

"ဟာ…"

သို့ဆိုတော့ စောတာလူး၊ ဖိုးခွေးတို့ တအံ့တသြဖြစ်သွားကြတော့၏။ သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ဂျူးဂျူးဆိုသည့် ကလေးမလေးနှင့် မဆုံခဲ့ပေမင့် စောတာလူးတို့ ပြောစကားအရ နာမည်ရင်းနှီးနေသူဖြစ်၏။ ခုတော့ သူမနှင့်မဆုံကြရလေသည့်ပြင် သေဆုံးသွားပြီဆိုပါကလား။ ဘယ်လိုဖြစ်ရတာပါလိမ့်။

"ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦး"

စောတာလူးက ဂျူးဂျူးသေဆုံးခြင်းကြောင့် မည်သည့်ခံစားမှုမျှမရှိဘဲ ပြောလာသည့် ဂျူးဂျူးဦးလေးကို စေ့စေ့ကြည့်နေချေတော့၏။

"စိတ်မကောင်းပါဘူး၊ ခု သည်ကျားကောင်က ဂျူးဂျူးကို သတ်လိုက်တာ၊ နို့ကြောင့် ကြူးကြူးမာက သူ့ကို ကလဲ့စားချေ

ယ်ဆိုပြီး ခြေရာခံလိုက်နေတာ၊ ခုတော့ ကြူးကြူးမာဆန္ဒပြည့်ပြီပဲ'

'ဟင်…'

'ဟာ…'

ထိုသူ့စကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကြူးကြူးမာဆိုသူကို တအံ့တဩဖြင့် ကြည့်လိုက်ကြချေတော့၏။

ကြည့်စမ်း။ ကျားကောင်ကို ကျွန်တော်တို့ သတ်ဖြတ်ရလိုက်ပေမင့် ခုတော့ သည်ကျားကောင်က ကြူးကြူးမာက ကျွန်တော်တို့ထက် ဆောလျင်စွာပစ်ခွင့်ရလိုက်လေခြင်းပါကလား။ ဟုတ်ကော ဟုတ်နိုင်ပါ့မလား။

ကြူးကြူးမာနှင့် ဂျူးဂျူး ဘယ်လိုပြန်တွေ့ကြတာပါလိမ့်။ ကျွန်တော်တို့နောက်ကိုလိုက်နေချိန်အတောအတွင်း ဖြစ်နိုင်ပါ့မလား။

ကျွန်တော်သည် ကျားကောင်သေကို စေ့စေ့ကြည့်လိုက်ပြန်၏။ လင်းမြင့်လှိုင်သည်လည်း မယုံသင်္ကာဖြင့် ကြည့်လာချေ၏။

စေ့စေ့ကြည့်ကာမှ ကျားကောင်၏ဖင်ပိုင်းတွင် ဒဏ်ရာ တစ်ချက်ကို တွေ့လိုက်ကြ၏။ သို့ဆိုတော့ တစ်ချက်မက ပစ်လိုက်ခြင်းကရသည့် ဒဏ်ရာပေါ့။

'နို့ဖြင့် အသေးစိတ်ပြောပြလို့ရမလား'

ကျွန်တော်က ဂျူးဂျူးဆိုသူ၏ ဦးလေးကို မေးလိုက်ပေ၏။

'သည်လို…'ဆိုလျက်…

ဂျူးဂျူး၊ ကြူးကြူးမာ၊ ဦးသောင်းထွန်းနှင့် ကိုညီလေး (ကြူးကြူးမာဦးလေး)တို့သည် စပါးကြီးမြောင်တွင် သစ်ခွရှာရင်း စခန်းချနေကြ၏။ သို့အချိန်တွင် ဂျူးဂျူးတစ်ယောက် ဘာစိတ်ကူး ပေါက်လေသည် မသိ။

'ကြူးကြူးမာ ငါတို့ သည်ကနေ သားကောင်တစ်ကောင် သွားရှာပစ်ကြတာပေါ့'

သို့ပြောလာသည့် ဂျူးဂျူးကို ကြူးကြူးမာ အံ့ဩတကြီး ကြည့်လိုက်ကာ...

'ဟဲ့... နင်က သတ္တဝါလေးတွေကို ကြင်နာတယ်လေ၊ သူတို့တွေကို ပစ်မယ် သတ်ဖြတ်မယ်ဆိုလျှင် မတရားတာပဲတဲ့၊ ခုတော့ ဘယ်လိုဖြစ်လို့ သားကောင်သတ်ဖြတ်ချင်ရတာတုံး၊ ပြီးတော့ ဟိုနေ့ကလည်း နင်နဲ့ နင်ဦးလေး ငါတို့နဲ့ လမ်းကွဲသွားကြ တာ ခုမှပြန်ရောက်စရှိသေးတယ်၊ လူစုထပ်ကွဲနေဦးမယ်'

ကြူးကြူးမာက အံ့ဩတကြီးမေးပြောလိုက်ချိန်တွင် ဂျူးဂျူးက...

'အဲ... ငါ အဲဒီတုန်းက မုဆိုးကြီးကိုပိုက်နှင့် ကိုလင်းကို မတွေ့ပေမင့် သူတို့မိတ်ဆွေ မုဆိုးကြီးစောတာလူးတို့နဲ့ တွေ့ခဲ့တယ်၊ ငါလေးစားတဲ့ မုဆိုးကြီးနှစ်ယောက်က သတ္တဝါတွေကို ကြင်နာ တတ်တာ မုဆိုးစည်းထားတတ်တာ၊ သူတို့က သားကောင်တွေကို သတ်ဖြတ်နေကြတာ ဘယ်လိုလဲ သိလား'

သို့ပြောလာသည့် ဂျူးဂျူးကို ကြူးကြူးမာ နားမလည်နိုင် စွာကြည့်လိုက်ချေပြီး...

'ဟဲ့... ငါဘယ်သိပါ့မလဲ၊ ပြောလေ... နင် ဘာသိ ထားလဲ'

'ဩော်... သည်လို၊ သူတို့ ဝါသနာအရ မုဆိုးလုပ်ကြ ပေမင့် မုဆိုးစည်းဆိုတာကို အလေးဂရုထားပြီး သက်တမ်းစေ့

သားကောင်တွေကိုသာ တောပိုင်တောင်ပိုင်တွေဆီ တောင်းခံပြီး သူတို့ဝါသနာအရ အမဲလိုက်ထွက်ကြတာပဲ'

'အလိုလေးလေး... အံ့ပါရဲ့၊ ကြံကြံဖန်ဖန် သတ္တဝါတွေ အသက်သတ်တာ သတ်တာပဲပေါ့'

'အေး... ငါလည်း အစက အဲလိုပဲထင်တာ၊ နို့မဟုတ်ဘူးဟဲ့၊ တကယ်ကို အံ့ဩစရာကောင်းတယ်ဆိုတာ မယုံမရှိနဲ့ဟဲ့၊ လူပဲဖြစ်ဖြစ် သတ္တဝါမှန်သမျှ သက်တမ်းကုန်တဲ့အခါ ဘယ်လိုမှ ရှောင်လွှဲလို့မရဘူးတဲ့၊ ပြီးတော့ တစ်နည်းနည်းနဲ့ အတိတ်ကံအရ သေဆုံးကြတာချည်းတဲ့'

'ဟဲ့... ဘာလဲဟာ၊ ရှင်းရှင်းပြောပါလား'

'ဩော်... သည်လိုလေဟယ်၊ အတိတ်ဝဋ်ကြွေးအရ သေနည်းအမျိုးမျိုးနဲ့ သေဆုံးကြရတာတဲ့လေ၊ ဝဋ်ကြွေးဆိုတာ ဆပ်တဲ့ရတာချည်းတဲ့၊ ဖျားနာလို့သေချင်တယ်၊ ရုတ်တရက် ရောဂါဖြစ်သေချင်တယ်၊ မသေဘဲ ဝေဒနာခံပြီး သေကြတယ်၊ ပြီးတော့ ဥပစ္ဆေဒကကံထိုက်ပြီး သေကြတာချည်းပဲ၊ သည်တော့ လူပဲဖြစ်ဖြစ် သတ္တဝါပဲဖြစ်ဖြစ် အတိတ်ကံအရ ဖြစ်ပျက်မှုတွေနဲ့ ရင်ဆိုင်ကြရတာချည်းပဲ၊ တစ်ခါတလေ အသက်တစ်ချောင်းကို ကိုယ်က နုတ်ပေးချင်ရတာတဲ့'

'အဲ... အဲဒါကလည်း'

'ဩော်... သတ္တဝါတစ်ကောင်ရဲ့ သို့တည်းမဟုတ် သတ္တဝါတစ်ဦးရဲ့အသက်ကို နုတ်ယူရသူ ဖြစ်ချင် ဖြစ်ရတာတဲ့၊ ရှောင်လွှဲလို့မရဘူးလေ၊ ဆိုပါစို့... ငါးစိမ်းသည်တွေ သားသတ်သူ

တွေ သူတို့ရဲ့စားစတ်နေရေးတွက် လုပ်နေကြတယ်ဆိုတာ အင်း… သူတို့ကလည်း အတိတ်ဘဝကုသိုလ်ကံကြောင့် အဲဒီလိုဖြစ်ကြရတာတဲ့၊ အဲ… တစ်ခုတော့ရှိတာပေါ့၊ နောင်ဘဝအတွက်တော့ အဲလို ဘဝကကျွတ်အောင် အဲလိုဘဝမရောက်အောင် ကုသိုလ်ကောင်းမှု လုပ်ပေးရတာတဲ့'

သို့ပြောလာသည့် ဂျူးဂျူးကို ကြူးကြူးမာက နားမလည်နိုင်သလို ကြည့်နေသေးတော့၏။ ပြီးလေမှ…

'ညည်း ခုပြောတာနဲ့ ညည်းခရေစီဖြစ်နေတဲ့ ဟိုမုဆိုးနှစ်ယောက်က ဘယ်လိုကြောင့် သိသိကြီးနဲ့ ရှောင်လို့ရပေမင့် ဘာလို့တောပျော်တွေဖြစ်နေရတာလဲ',

သို့အပြောကြောင့် ဂျူးဂျူးက…

'သိလျက်နဲ့လုပ်နေတာလေ၊ သူတို့ရဲ့ ဝဋ်ကြွေးပဲလေ၊ ဖထီးစောတာလူးပြောတာပဲ၊ ငါက သူတို့နားလည်အောင် ပြန်မပြောတတ်တာကြောင့် ညည်း နားရှုပ်ထွေးသွားပြီ၊ သည်လိုလုပ် ငါတို့ အဲဒီမုဆိုးကြီးနှစ်ယောက်နဲ့ တွေ့အောင်လည်း ကြိုးစားကြတာပေါ့၊ သူတို့ကတော့ ညည်းကို နားလည်အောင်ရှင်းပြတတ်မှာပေါ့'

သို့ ဂျူးဂျူးက ပြောပေမင့် တကယ်တော့ ကြူးကြူးမာ နားလည်သင့်သလောက် နားလည်လိုက်တော့၏။

'ဟုတ်ပြီလေ၊ ညည်းသဘောပါပဲ၊ သွားကြတာပေါ့'

သို့ဖြင့် ဂျူးဂျူးနှင့် ကြူးကြူးမာတို့သည် သားကောင်ပစ်ရန် ထွက်ခဲ့ကြတော့၏။

သို့မှ ခပ်ဝေးဝေးသို့ရောက်သည်တွင်…

'နေဦး… ငါ တောစောင့်နတ်မင်းကြီးကို ချိုကျိုးနားရွက်ပဲ့ တောင်းကြည့်ဦးမယ်၊ ဟဲ… ဟဲ… ဟဲ…'

သို့ဆိုသလို ဂျူးဂျူးက ပြော၍ နဖူးပေါ်လက်အုပ်ချီလိုက်ချေပြီး…

'တောစောင့်နတ်မင်းကြီးရှင်… ကျွန်ုပ်မတို့ကို သည်ကနေ့သက်တမ်းကုန်ပြီဖြစ်တဲ့ ချိုကျိုးနားရွက်ပဲ့ သားကောင်တစ်ကောင်တော့ ပေးသနားပါ၊ နတ်မင်းကြီးကို ကျေးဇူးတင်ပါတယ်'

'ဟင်း… ဟင်း… ဟင်း… ဟင်း…'

ဂျူးဂျူး၏လုပ်ရပ်ကို ကြူးကြူးမာက ရယ်မိချေတော့၏။ သို့မှ သူတို့ တောတိုးခဲ့ကြလေ၏။ သားကောင်တော့ မတွေ့ပါချေ။ ခရီးအတော်ရောက်လာပြီ။ သို့မှ ကြပ်မြောင်သို့ ရောက်လာကြ၏။

'ငါတော့ တောစောင့်နတ်မင်းကြီးကို တောင်းခံရတာ အထာမကျဘူးထင်တယ်၊ ခုထိ ဘာကောင်မှမရသေးဘူး'

'ဟုတ်ပါတယ်အေ၊ ငါတို့ ပြန်ကြတာပေါ့'

'နို့ဖြင့် ခဏနားပြီးမှ ပြန်မယ်'

သို့ဖြင့် သူတို့နှစ်ယောက်သည် သစ်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်နေလိုက်ကြတော့၏။

'ရှေ… ငါ့မယ် စားစရာပါတယ်'

ကြူးကြူးမာက ဂျူးဂျူးထုတ်ပေးလာသည့် ဝံကောင်သားမီးကင်တို့ကို လှမ်းယူလိုက်၏။ (ထိုသည်က ကျွန်ုပ်တော်တို့နှင့် ဆုံစဉ်က ပေးလိုက်သော အသားမီးကင်များ ဖြစ်ချေ၏။)

သို့ စားသောက်နေကြစဉ်…

'ဝေါင်း… ဝေါင်း… ဝေါင်း…'

'ဟင်…'

သူတို့နှစ်ယောက် လုံးဝထိတ်လန့်သွားကြ၏။ ခပ်လှမ်းလှမ်းမှ ကျားဟောင်၏အသံဖြစ်ချေ၏။

'ငါတို့ ကျားကောင်နဲ့တိုးပြီ၊ ဘယ်လိုလုပ်မလဲ'

ကြူးကြူးမာက ကြောက်လန့်တကြားပြောလာ၏။

'ဟဲ… ဟဲ… ဟဲ… ဘာကြောက်စရာလိုလဲ၊ တောစောင့်နတ်မင်းကြီးက ငါတို့ကို ချိုကျိုးနားရွက်ပဲ့ပေးတာပဲ ဖြစ်မပေါ့၊ ညည်း ကြောက်ရင်နေခဲ့၊ ငါ သည်ကောင်ကို သွားပစ်မယ်'

ဘုရားရေ… ဂျူးဂျူး ဘယ်လိုဖြစ်သွားတာပါလိမ့်။ သူ့ကိုယ်သူ အထင်တကြီးရှိနေပုံပင်။

'မဖြစ်နိုင်လောက်ဘူးထင်တယ်၊ အဲဒီလောက်ကြီး ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ငါတို့ သစ်ပင်ပေါ်တက်ရှောင်နေမှ ဖြစ်မယ်'

ကြူးကြူးမာက ကြောက်လန့်တကြားပြောပေမင့်…

'နေစမ်းပါ ကြူးကြူးမာရယ်၊ မုဆိုးကြီးတွေကလည်း ကျား ကောင်ကို အမြဲပစ်သတ်နိုင်ကြတာပဲ၊ ငါ ကြားဖူးတယ်'

'ဟွဲ… ငါလည်း ကြားဖူးပါတယ်၊ နို့ပေမင့် သူတို့က စည်းဖောက်တဲ့ကျားကောင်ကို ပစ်ကြတာ၊ သူ့စည်း ကိုယ့်စည်း နေကြတာပဲ၊ ခုဟာက အဲလိုမဟုတ်ဘူးလေ၊ ငါတော့ မဖြစ်နိုင်ဘူး ထင်တယ်'

သို့ပြောပေမင့် ဂျူးဂျူးတစ်ယောက် ကြူးကြူးမာကို မထီတရီကြည့်လိုက်ချေပြီး…

"ညည်း ကြောက်လျှင် သစ်ပင်ပေါ်တက်နေ၊ ငါ ရှေ့နား ကနေ သူ့ကို သွားကြိုစောင့်နေမယ်"

သို့ပြောလည်းပြော ဂျူးဂျူးတစ်ယောက် ရှေ့သို့ပြေးထွက် သွားတော့၏။

"ဟဲ့… ဟဲ့… ဟဲ့…"

ကြူကြူမာတစ်ယောက် ဘာလုပ်ရမည်မသိ။ ခက်သည် က သူတို့နှစ်ယောက်တည်း ထွက်လာခဲ့ခြင်းပင်။ ဂျူးဂျူး၏ဦးလေး ဖြစ်သူ ဦးသောင်းထွန်းနှင့် သူမ၏ဦးလေးဖြစ်သူ ဦးညီငယ်တို့ ပါလာလျှင် အကောင်းသားလို့ တွက်မိ၏။

ဂျူးဂျူးအား ပြောမရသည့်အတူ ကြူးကြူးမာသည် သူမနောက် လိုက်သွားရချေတော့၏။

သို့ဆိုတော့ ဂျူးဂျူးက ရှေ့က၊ သူမက နောက်က ကြူးကြူးမာတစ်ယောက် သေနတ်ကို တင်းတင်းဆုပ်ကိုင်ထားလိုက် ၏။ သေနတ်မောင်းကို တင်ထားလိုက်၏။

သို့မှ သူတို့နှစ်ဦး ချုံပုတ်ပင်စိတ်စိတ်နေရာအရောက် တွင်…

"ဝေါင်း… ဘရော… ဝေါင်း…"

"ဟာ…"

"ဟော…"

ရှေ့မှသွားနေသော ဂျူးဂျူးထံသို့ ချုံပုတ်တစ်ခုနောက်ကွယ် မှ ကျားကောင် ရုတ်တရက်ထွက်လာ ခုန်အုပ်လေ၏။

လျှပ်တစ်ပြက်ဖြစ်သွားရသည်ကြောင့် ကြူးကြူးမာတစ်

ယောက် ထိတ်လန့်သွားရသလို ဂျူးဂျူးတစ်ယောက် အငိုက်ချုံခိုတိုက်ခိုက်ခံရဖြစ်လေခြင်းကြောင့် ကျားကောင်ကို သတ်ဖို့မပြောလေနှင့် သူ့ကိုယ်သူပင် မကာကွယ်လိုက်နိုင် ဖြစ်တော့၏။

ဘုရားရေ… ကျားကောင်သည် ဂျူးဂျူးကို ကိုက်ခဲဆွဲသွားချေတော့ ၏။

တဒင်္ဂ ကြူးကြူးမှာ ကြောက်လန့်တကြားဖြစ်သွားရသည်ကြောင့် သူမ၏ သူငယ်ချင်းအဖြစ်ကို မကြည့်ရက်ပေမင့် မြင်လိုက်ရခြင်းကြောင့် လက်တွင်းရှိသေနတ်ဖြင့် ဆက်တိုက်ပစ်လိုက်ချေတော့၏။

"ဒိန်း…"

"ဒိန်း…"

"ဒိန်း…"

သုံးချက်တိတိဖြစ်ချေ၏။ ပထမတစ်ချက်ကြောင့် ကျားကောင်သည် ဂျူးဂျူးအား ကိုက်ဖွဲ့ ကိုက်ခဲနေရာမှ လန့်ဖျပ်ခုန်ထွက်သွား၏။ နောက်တစ်ချက် ကံအားလျော်စွာ ကျားကောင်၏ ဝမ်းဗိုက်ကို တိုးဝင်သွားလေ၏။ သို့မှ ကြောက်လန့်တကြားပြေးထွက်သွား၏။ တတိယအချက်က ကျားကောင်ကို ပို၍ကြောက်လန့်တကြား ပြေးသွားတော့၏။ (ကျွန်ုပ်တော်တို့ တောတွင်းကြားလိုက်သော သေနတ်သံသုံးချက်ဖြစ်၏။)

"ဘုရားရေ…"

သို့ကြားသိလိုက်ရသည်ကြောင့် စိတ်မကောင်းဖြစ်မိတော့၏။ စေတနာလူးတစ်ယောက် ဂျူးဂျူးနှင့် ဆုံခဲ့လေသူဖြစ်ခြင်းကြောင့် ကျွန်ုပ်တော်တို့ထက်ပို၍ ခံစားလိုက်ရပုံပင်။

'နောက်တော့ကော'

'ကြူးကြူးမာလည်း ကြောက်လန့်တကြား ဦးလေးတို့ဆီ ပြန်ပြေးခေါ်ခဲ့ရတယ်၊ ဂျူးဂျူးတစ်ယောက် သနားပါတယ်ရှင်၊ ကျွန်မလည်း ခုပဲ သူငယ်ချင်းကို သတ်သွားတဲ့ကျားကောင် ဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားတာသိလို့ ဦးလေးတို့နဲ့အတူ ခြေရာခံလိုက်လာတာပဲ၊ ဂျူးဂျူးအတွက် ကျားကောင်ကို မဖြစ်မနေလက်စားချေ လိုက်တာပေါ့'

'သြော်... ကြားရတာ စိတ်မကောင်းပါဘူး၊ ဂျူးဂျူးနှင့် မဆုံ မမြင်ရပေမင့် ကျွန်တော်တို့ ခုလိုသိရတော့ စိတ်မကောင်း ဖြစ်မိပါတယ်၊ တကယ်တော့ ကြူးကြူးမာက သူငယ်ချင်းကောင်း တစ်ယောက်ပါ၊ ခုကြည့်လေ ကြူးကြူးမာက သူငယ်ချင်းအတွက် ကျားကောင်ကို သတ်လိုက်ရတာပါ၊ ချီးကျူးပါတယ်၊ တမလွန်က ဂျူးဂျူးသိလျှင်လည်း ဝမ်းသာနေမှာပါ၊ အဲ... တစ်ခုပဲရှိတယ်၊ ဂျူးဂျူးဆိုတဲ့ မိန်းကလေး ကျွန်တော်တို့နဲ့မဆုံလိုက်တဲ့အတွက်တော့ စိတ်မကောင်းပါဘူး၊ သူလည်း ဝမ်းနည်းနေမယ်ထင်ပါရဲ့'

သို့ လင်းမြင့်လှိုင်က စိတ်မကောင်းစွာဖြင့် ပြောလိုက်ချေ တော့သည်။

'နို့ဖြင့် ကိုလင်း'

ကျွန်တော်က ခေါ်လိုက်သည်တွင်...

'ပြောလေ ကိုပိုက်'

'ဂျူးဂျူးရဲ့ အလောင်းကို ကျွန်တော်တို့ သေချာမြေမြှုပ် ပေးခဲ့တာပေါ့ဗျာ'

သို့ဆိုတော့ ကြူးကြူးမာက ကျွန်တော်တို့အား ဝမ်းသာအားရကြည့်လာချေပြီး…

'နို့ဖြင့် အတော်ပဲ၊ သူ့အလောင်းက ဥက္ကံမှာ၊ သူ့ကိုသတ်တဲ့ကျားကောင်ကို ကျွန်မကိုယ်တိုင်သတ်မယ်ဆိုပြီး သစ္စာအဓိဋ္ဌာန်ပြုထားတာ အခုတော့ ပြည့်ဝပြီလေ၊ ကြည့်စမ်း သည်လိုဖြစ်လာလိမ့်မယ်လို့ ကျွန်မ မစဉ်းစားမိဘူး၊ ခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဂျူးဂျူးရဲ့ဆန္ဒ ပြည့်ဝတော့မယ်၊ အစ်ကိုလေးတို့ ဂျူးဂျူးရဲ့အသုဘကို လိုက်ပို့ဆောင်လုပ်ပေးကြပါလားရှင်၊ ဝမ်းသာလိုက်တာ'

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ကတိုက်ကရိုက်ဆိုသလို ဥက္ကံသို့ ပြန်ခဲ့ကြချေတော့သည်။

'ဂျူးဂျူးတစ်ယောက် ကောင်းရာသုဂတိ လားပါစေ'

*စာဖတ်သူများအား လေးစားကြိုးစားလျက်…*

**ကိုပိုက်**

၁၁-၁၁-၂၀၀၉

**2:30 PM**